## မြတ်ဗုဒ္ဓ၏အဆုံးအမတရား

စိတ်သည် အရာရာကိုဦးဆောင်၏။ စိတ်သည် အမွန်မြတ်ဆုံးဖြစ်၏။ စိတ်သည်အရာရာကို ပြီးစီးစေ၏။ ကြည်လင်သောစိတ်ဖြင့် ပြုမူပြောဆိုပါလျှင် ချမ်းသာစေနိုင်၏။ အေးမြသော အရိပ်သည် အစဉ်လိုက်ပါသည်နှင့်တူ၏။ **ဓမ္မပဒ**


# မြဝတီ နေ့စဉ်

ပြည်သူ့လက်ဝယ် အချိန်မီရောက်မည် မြဝတီ


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။


www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၅၅)

၁၃၈၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၂ ရက်
၂၀၂၅ ခုနှစ်၊ ဇွန် ၁၂ ရက်၊ ကြာသပတေးနေ့


### နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

## ပြင်ဦးလွင်ဒေသ ရေဖူလုံစွာရရှိရေး၊ ပညာရေးကဏ္ဍမြင့်မားရေး၊ သာယာလှပရေးဆောင်ရွက်ထားရှိမှုအား လိုက်လံကြည့်ရှုစစ်ဆေး

### အတန်းပညာသင်ကြားပေးရမည်ဖြစ်သကဲ့သို့ စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်ရေး၊ တိုင်းချစ်ပြည်ချစ်စိတ်နှင့် မျိုးချစ်စိတ်ဓာတ်များမြင့်မားစေရေးတို့အတွက်လည်း ဆရာ၊ ဆရာမများအနေဖြင့် စနစ်တကျလေ့ကျင့်သင်ကြားပေးရန်လို၊ စိတ်ဓာတ်စည်းကမ်းကောင်းမွန်ရေး၊ အမျိုးသားရေးစိတ်ဓာတ်မြင့်မားရေးသည် အဓိကအရေးကြီး

နေပြည်တော် ဇွန် ၁၁

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည်ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ခရီးစဉ်တွင် လိုက်ပါလာသည့်အဖွဲ့ဝင်များ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူတို့ လိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ပြင်ဦးလွင်ဒေသရေဖူလုံစွာရရှိရေး၊ ပညာရေးကဏ္ဍမြင့်မားရေးနှင့် သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။


**စာမျက်နှာ ၁၆ ကော်လံ ၁ ☆**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြင်ဦးလွင်မြို့၊ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း စာသင်ခန်းများအတွင်း ကျောင်းသား၊ ကျောင်းသူများ၏ ပညာသင်ကြားနေမှုအခြေအနေများကို ကြည့်ရှုအားပေးစဉ်။




## အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ ဇွန် ၁၂ ရက်)

# ပြန်လည်ထူထောင်ရေးအတွက်ကူညီမှုများ

နိုင်ငံတကာတွင်သဘာဝဘေးအန္တရာယ်များအဖြစ် ၂၀၂၅ ခုနှစ် ဇန်နဝါရီလမှ မေလအတွင်း နိုင်ငံပေါင်း ၄၆ နိုင်ငံတွင် မိုးခေါင်မှု ၂ ကြိမ်၊ လျောင် ၉ ကြိမ်၊ ရေကြီးမှု ၃၂ ကြိမ်၊ မုန်တိုင်း ၃၄ ကြိမ်၊ မီးတောင်ပေါက်ကွဲမှု ၁ ကြိမ် နှင့် တောမီး ၉ ကြိမ် ဖြစ်ပွားခဲ့သည်။ ၂၀၁၅ ခုနှစ်မှ ၂၀၂၅ ခုနှစ် ၁၀ နှစ်ကို ပြန်ကြည့်မည်ဆိုပါက မိုးခေါင်ရေရှားမှု အနည်းဆုံး ၂ ကြိမ်မှ အများဆုံး ၁၂ ကြိမ်၊ လျောင်ဘေး အနည်းဆုံး ၇ ကြိမ်မှ အများဆုံး ၁၉ ကြိမ်၊ ရေဘေးအနည်းဆုံး ၄၆ ကြိမ်မှ အများဆုံး ၉၇ ကြိမ်ဖြစ်ပွားခဲ့သည်။ ၎င်းတို့အနက် ၂၀၂၄ ခုနှစ်တွင် တစ်ကမ္ဘာလုံးအနေဖြင့် ရေဘေး ၇၁ ကြိမ် ကျရောက်ခဲ့ပြီး မုန်တိုင်း အနည်းဆုံး ၂၁ ကြိမ်မှ အများဆုံး အကြိမ် ၆၀ အထိ ဖြစ်ပွားခဲ့သည်။ မီးတောင်ပေါက်ကွဲမှု ဖြစ်စဉ်မှာ ၃ ကြိမ်မှ ၅ ကြိမ်နှင့် တောမီးလောင်မှု ၁ ကြိမ်မှ ၉ ကြိမ်အထိဖြစ်ပွားခဲ့သည်။ အဆိုပါအကြောင်းအချက်များကို နှိုင်းယှဉ်ကြည့်မည်ဆိုပါက ရေဘေးအန္တရာယ်နှင့် မုန်တိုင်းအန္တရာယ်မှာ အများဆုံးဖြစ်သည်ကို တွေ့ရှိရမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင်လည်း ယခုအခါ မိုးတွင်းကာလရောက်ရှိလာပြီဖြစ်သည့်အတွက် ဖြစ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်များကိုတွက်ချက်၍ ကြိုတင်ကာကွယ်တားဆီးခြင်းဖြင့် ထိခိုက်ပျက်စီးမှုအနည်းဆုံး ဖြစ်အောင်လုပ်ဆောင်ရမည်ဖြစ်သည်။ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အမျိုးသားအဆင့်စီမံချက်များလည်း ရေးဆွဲထားရှိပြီးဖြစ်သည့်အတွက် စီမံချက်များနှင့်အညီဇာတ်တိုက်လေ့ကျင့်ခြင်းများ လုပ်ဆောင်ရမည် ဖြစ်သည်။ ရေဘေးနှင့်အတူ မုန်တိုင်းဘေးအန္တရာယ်ကိုလည်း သတိထားဆောင်ရွက်ရမည်ဖြစ်သည်။

မန္တလေးငလျင်ကြီးလှုပ်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုများအနေဖြင့် ဇွန်လ ၆ ရက်အထိ သေဆုံးသူ ၃၇၃၉ ဦး၊ ဒဏ်ရာရရှိသူ ၅၁၀၄ ဦး နှင့် ပျောက်ဆုံးသူ ၆၇ ဦး ရှိသည်။ ထို့ပြင် နေအိမ်အဆောက်အအုံ ၆၃၀၀၀ ကျော်နှင့် စာသင်ကျောင်းများ၊ ဘုရားကျောင်းကန်စေတီများ၊ လမ်းတံတားများ များစွာထိခိုက်ပျက်စီးခဲ့သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့် ငလျင်လှုပ်ခတ်ပြီး နာရီပိုင်းအတွင်း ဘေးဒုက္ခခံစားခဲ့ရသည့် ပြည်သူများ၊ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများကို အမြန်ဆုံး ကယ်ဆယ်နိုင်ရေး စီမံဆောင်ရွက်ပေးခဲ့သည်။ အလားတူ ငလျင်ဒဏ်ခံခဲ့ကြရသည့် ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ ဝန်ကြီးချုပ်များကလည်းအချိန်နှင့်တစ်ပြေးညီ ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ခဲ့ကြသည်။

ငလျင်ဘေးဒဏ်နှင့်ပတ်သက်၍ နိုင်ငံတကာ၏ကူညီပံ့ပိုးမှုများကိုကြည့်မည်ဆိုပါက အရေးပေါ် ကယ်ဆယ်ရေးအဖွဲ့စေလွှတ်ခဲ့ကြသည့် နိုင်ငံပေါင်း ၂၅ နိုင်ငံမှ ရှာဖွေကယ်ဆယ်ရေးနှင့် ကျန်းမာရေး စောင့်ရှောက်ရေးအဖွဲ့ဝင် ၂၆၈၈ ဦးကို စေလွှတ်ခဲ့သည်။ အစောဆုံးအနေဖြင့် အိမ်နီးချင်းနိုင်ငံဖြစ်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံက ရောက်ရှိပြီး ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ပေးခဲ့သည်။ အလားတူ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များကလည်း နိုင်ငံတကာမှ အရေးပေါ်ကူညီကယ်ဆယ်ရေးအဖွဲ့များနှင့်ပူးပေါင်း၍ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ကြသည်။

နိုင်ငံတော်အကြီးအကဲအနေဖြင့် ငလျင်လှုပ်ခတ်ပြီး အချိန်ပိုင်းအတွင်း နိုင်ငံတကာသို့ အကူအညီ တောင်းခံမှုအကျိုးဆက်အဖြစ် ငလျင်ကြောင့်ဘေးဒုက္ခခံစားနေကြရပြီး ပိတ်မိနေကြသည့် ပြည်သူများ၊ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများကို အတတ်နိုင်ဆုံးနှင့်အမြန်ဆုံးအသက်ရှင်လျက် ကယ်ဆယ်နိုင်ခဲ့သည်။ ထို့ပြင် ထောက်ပံ့ရေးပစ္စည်းများအနေဖြင့် နိုင်ငံပေါင်း ၁၉ နိုင်ငံမှ စာနာထောက်ထားမှုပစ္စည်းနှင့် ဆေးဝါးစုစုပေါင်း တန်ချိန် ၂၄၇၂ တန်ကို လေယာဉ်အစင်းပေါင်း ၁၀၀၊ ရေယာဉ်ပေါင်း ၈ စင်းနှင့် မော်တော်ယာဉ် ၂ စီးဖြင့် ပို့ဆောင်ထောက်ပံ့ပေးခဲ့ကြသည်။ နိုင်ငံတကာမှ ကူညီကယ်ဆယ်ရေးအဖွဲ့များ၏ လုပ်ငန်း အတွေ့အကြုံများနှင့် ဗဟုသုတများကို မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များနှင့်ကူညီကယ်ဆယ်ရေးအဖွဲ့ဝင် တို့ကရရှိခဲ့သည့်အတွက် တန်ဖိုးမဖြတ်နိုင်သည့် ကိစ္စရပ်ပင်ဖြစ်သည်။ ကယ်ဆယ်ရေးလုပ်ငန်းများတွင် အသုံးပြုသော နည်းပညာမြင့်မားသည့် ပစ္စည်းကိရိယာများ၏ သုံးစွဲပုံ၊ သုံးစွဲနည်းများကို မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့အနေဖြင့် အနီးကပ်ပူးပေါင်းဆောင်ရွက်ခဲ့ရသည့်အတွက် အတွေ့အကြုံကောင်းများရရှိခဲ့ သည်မှာ အဆိုးထဲကအကောင်းတစ်ခုဖြစ်သည်။ ထိုကဲ့သို့ စွမ်းစွမ်းတမံအကူအညီများရရှိခဲ့သည့်အတွက် ငလျင်ကြောင့် ဘေးဒုက္ခခံစားရသူများကို အမြန်ဆုံးကယ်ဆယ်နိုင်ခဲ့ပြီး ပြန်လည်ထူထောင်ရေးကိစ္စရပ် များကိုလည်း အမြန်ဆုံးဆက်လက်ဆောင်ရွက်နိုင်ခဲ့သည်။

ပြန်လည်ထူထောင်ရေးအတွက် လှူဒါန်းမှုတွင်(ဇွန်လ ၆ ရက်နေ့အထိ) စာရင်းများအရ ပြည်တွင်း၊ ပြည်ပ စေတနာရှင်ပြည်သူများက လှူဒါန်းမှုလေးကြိမ်အတွင်း ငွေကျပ် ၁၄၄ ဘီလီယံကျော် ရရှိခဲ့သည်။ ထို့အတူ နိုင်ငံတကာမှ အစိုးရအဖွဲ့များ၊ မြန်မာနိုင်ငံမှ ပြည်ပရောက်စေတနာရှင်များ လှူဒါန်းမှုအနေဖြင့် အမေရိကန်ဒေါ်လာ ၅ ဒသမ ၁ သန်း၊ ကိုရီးယားဝမ် ၅ သန်း၊ အိန္ဒိယရူပီး ၁၆ သန်း၊ ထိုင်းဘတ် ၂ သန်း၊ စင်ကာပူဒေါ်လာ ၃၁၅၀၊ တရုတ်ယွမ် ၇၀၀ ၊ သီရိလင်္ကာရူပီး ၂ သိန်းခွဲ၊ နီပေါရူပီး ၃၇၀၀၀၊ ဘင်္ဂလားဒေ့ရှ် တာကာ ၃၁၆၀၊ ဗီယက်နမ်ဒေါင် ၉၇၉၀၀၀၊ အင်ဒိုနီးရှားရူပီး ၂၀၀၀၀၊ ကမ္ဘောဒီးယားရီရယ် ၇၁၆၅၀၀၊ လာအို ကစ် ၁ ဒသမ ၇ သန်းကျော်၊ ရုရှား ရူဘယ် ၂၆၃၀၀၀ ကျော် ရရှိခဲ့သည်။ ငလျင်ဘေးကြောင့် ပျက်စီးဆုံးရှုံးခဲ့သည်များပြန်လည်ထူထောင်နိုင်ရေးအတွက် လုပ်အား၊ ငွေအား၊ ပစ္စည်းအားဖြင့် ကူညီပေး လှူကြသူများကို ကျေးဇူးအထူးပင်တင်ရှိပါကြောင်း ရေးသားလိုက်ရပေသည်။ ။

# ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေ အသိပညာပေးဟောပြော

**ဟိုပုံး ဇွန် ၁၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဟိုပုံးမြို့နယ် လူမှုဝန်ထမ်းဦးစီးဌာန၌ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ဥပဒေ အသိပညာပေးဟောပြောပွဲကို ဇွန်လ ၁၀ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

ဟောပြောပွဲတွင် မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာန ဦးစီးမှူး ဒေါ်သိဂီအောင်က မိမိတို့ဒေသအတွင်းရှိ ကလေးသူငယ်များ၏ အခွင့်အရေးများအပြည့်အဝ ရရှိရေးနှင့် ကလေးသူငယ်များ၏အကောင်းဆုံးအကျိုး စီးပွားကိုပိုမိုဖော်ဆောင်သွားနိုင်ရေး၊ ကလေးသူငယ်များ အနေဖြင့် ၎င်းတို့ရရှိမည့် အခွင့်အရေးများရရှိစေရန်နှင့် အကြမ်းဖက်ခံရခြင်း၊ လျစ်လျူရှုခံရခြင်း၊ လွဲမှားစွာပြု ကျင့်ခံရခြင်း၊ ခေါင်းပုံဖြတ်ခံရခြင်းနှင့် လူကုန်ကူးခံရခြင်း တို့မှ ကာကွယ်ပေးနိုင်ရေးအတွက် ကလေးသူငယ် ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် ထပ်ဆင့်အသိပညာပေး ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အဆင့်ရုံးမှ ဦးစီးအရာရှိဒေါ်နန်းခမ်းချိုးနှင့်မြို့နယ်လူမှုဝန်ထမ်းဦးစီး ဌာနမှ လူမှုဝန်ထမ်း-၃ ဒေါ်နန်းဆွိတို့က ကလေး အလုပ်သမားဆိုသည်မှာ ဥပဒေကခွင့်ပြုထားသော အသက်အရွယ်ထက်ငယ်ရွယ်ခြင်း၊ ဥပဒေပါကလေး အလုပ်သမားဆိုင်ရာ အသက်အရွယ်ကန့်သတ်ချက်များ၊ အဆိုးဝါးဆုံးပုံစံဖြင့် အလုပ်ခိုင်းစေခြင်း၊ အစမ္မအလုပ်ခိုင်း စေမှုဆိုင်ရာအဓိပ္ပာယ်ဖော်ပြချက်များ၊ ကလေးအလုပ် သမားအဖြစ်ခိုင်းစေမှုများ လျော့နည်းပပျောက် စေရန် အကောင်အထည်ဖော်ဆောင်ရွက်နေမှုများ၊ ဥပဒေအရတရားဝင်အလုပ်လုပ်ကိုင်ခွင့်ရှိသည့် ကလေး အလုပ်သမားများအား ဥပဒေနှင့်အညီ ထိရောက်စွာ အကာအကွယ်ပေးရန်အချက်များစသည်တို့ကို အသိ ပညာပေးဟောပြောသည်။

ထို့နောက် မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာနမှ ကလေး အလုပ်သမား၏အဓိပ္ပာယ်၊ ကလေးသူငယ်များ၏ ရပိုင်ခွင့်၊ ကလေးသူငယ်များကို အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေပါက ချမှတ်နိုင်သည့်ပြစ်မှုပြစ်ဒဏ်များကို ဟောပြောဆွေးနွေးကြောင်းသိရသည်။ (၄၀၅)

# အုတ်တွင်းမြို့နယ်၌ ဆပ်ပြာ၊ ခေါင်းလျှော်ရည်ပြုလုပ်နည်း သင်တန်းဖွင့်လှစ်

**အုတ်တွင်း ဇွန် ၁၁**

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ်ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး အစည်းအဝေး ခန်းမ၌ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် အသက်မွေးဝမ်း ကျောင်းအထောက်အကူပြု ဆပ်ပြာ၊ ခေါင်းလျှော်ရည် ပြုလုပ်နည်းသင်တန်းဖွင့်ပွဲအခမ်းအနားကို ဇွန်လ ၁၀ ရက် က ကျင်းပကြောင်းသိရသည်။

ရှေးဦးစွာ တောင်ငူခရိုင်ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးသန့်ဇင်မျိုးက သင်တန်းဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ အုတ်တွင်းမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဇင်မာမြင့် က ကျေးလက်နေပြည်သူများအလုပ်အကိုင်များရရှိရန်၊ ကျေးလက်ဒေသများတွင် ကျွမ်းကျင်လုပ်သားများ ပေါ်ထွန်းလာစေရန်ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်း အထောက်အကူပြုခေါင်းလျှော်ရည်နှင့် ဆပ်ပြာချက် သင်တန်းကိုဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး သင်တန်းနည်းပြဆရာမက သင်တန်းမှ သင်ကြားပို့ချပေးမည့်သင်ခန်းစာများ၊ သင်တန်းစည်းမျဉ်းစည်းကမ်းချက်များကို ပြောကြား သည်။

ထို့နောက် တောင်ငူခရိုင်ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးသန့်ဇင်မျိုးနှင့် တာဝန်ရှိသူများက သင်ထောက်ကူပစ္စည်းများကို သင်တန်းသား၊ သင်တန်းသူများထံသို့ ပေးအပ်သည်။

အဆိုပါသင်တန်းသို့ အုတ်တွင်းမြို့နယ်အတွင်းရှိ ကျေးရွာခုနစ်ရွာမှသင်တန်းသား ငါးဦး၊ သင်တန်းသူ ၁၅ ဦး စုစုပေါင်း ၂၀ ဦးတက်ရောက်ကြောင်း၊ လူသုံးကုန် ပစ္စည်းထုတ်လုပ်မှုနှင့်ပတ်သက်၍ ကျွမ်းကျင်နည်းပြ ဆရာမများက စာတွေ့လက်တွေ့နှစ်မျိုးဖြင့် ငါးရက် ကြာ အခမဲ့သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

**ချိုလေး**

## သဇင် (FM)အသံလွှင့်အစီအစဉ်

၁၂-၆-၂၀၂၅(ကြာသပတေးနေ့)

| | | | | | |
|---|---|---|---|---|---|
| ၁။ | ၀၆:၃၀ | ခံစားနားဆင် မြန်မာသံစဉ် | ၄။ | ၁၇:၀၀ | အနုပညာခရီးလမ်း |
| ၂။ | ၁၀:၀၀ | Internet Pages | ၅။ | ၁၈:၂၀ | Thazin Request Song |
| ၃။ | ၁၄:၃၀ | Live For You | ၆။ | ၂၁:၂၀ | လွမ်းသဝဏ်လွှာ |

မြဝတီ နေ့စဉ်
the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ဗီဇပြောင်းကိုဗစ်မျိုးကွဲအသစ် (JN.1 နှင့် XEC) အကြောင်းသိကောင်းစရာ

အရှေ့တောင်အာရှနှင့် အရှေ့အာရှနိုင်ငံများတွင် ၂၀၂၅ ခုနှစ် မေလ အစောပိုင်းမှစ၍ ဗီဇပြောင်းအိုမီခရွန် ကိုဗစ်မျိုးကွဲအသစ်ဖြစ်သည့် JN.1 နှင့် XEC တို့ကူးစက်ပျံ့နှံ့မှုပြန်လည်မြင့်တက်လာသည်။ ထိုမျိုးစိတ်များသည် ရောဂါပြင်းထန်မှုကို လျော့နည်းစေသော်လည်း ကူးစက်မှုကိုမူ မြန်ဆန်စေသည်။ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားစေသည့် အိုမီခရွန်မျိုးကွဲ၏ ရောဂါကူးစက်ပုံသည် အသက်ရှူလမ်းကြောင်းအထက်ပိုင်းဖြစ်သည့် နှာခေါင်း၊ လည်ချောင်း၊ ပါးစပ်နှင့် အာခေါင်တို့ကို အဓိကတိုက်ခိုက်ခြင်းဖြစ်သောကြောင့် ရောဂါပြင်းထန်မှုကိုလျော့နည်းစေကာ ရောဂါကြောင့် သေဆုံးမှုကိုနည်းပါးစေခြင်းဖြစ်သည်။ ယခင်ကူးစက်ပျံ့နှံ့ခဲ့သည့် ဒယ်တာမျိုးကွဲ၏ရောဂါကူးစက်ပုံက အသက်ရှူလမ်းကြောင်းအောက်ပိုင်းဖြစ်သည့် အဆုတ်ကိုတိုက်ခိုက်ခြင်းဖြစ်သောကြောင့် အဆုတ်ရောင်ရောဂါနှင့် နမိုးနီးယားရောဂါတို့ဖြစ်ပွားရသည့်အတွက် ရောဂါပြင်းထန်ပြီး သေဆုံးမှုများပြားရခြင်းဖြစ်သည်။


ထိုင်းနိုင်ငံ၌ ၂၀၂၅ ခုနှစ် မေလ ၃၀ ရက်ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားသူအသစ် ၄၁၂၈၃ ဦးနှင့် သေဆုံးသူ ၂၆ ဦးရှိကြောင်း တွေ့ရသည်။ ထိုင်းနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုမြင့်တက်လာရခြင်းမှာ မုတ်သုံအဝင်စောခြင်းနှင့် ကျောင်းများဖွင့်လှစ်ခြင်းတို့ကြောင့် ဖြစ်နိုင်သည်ဟု ကျန်းမာရေးဌာနက ထုတ်ပြန်ထားသည်။ ထို့ပြင် ကမ္ဘာလှည့်ခရီးသွားများဝင်ရောက်လာမှုများခြင်း၊ လူစုလူဝေးနှင့် ပွဲလမ်းသဘင်များပြုလုပ်လာခြင်းတို့ကြောင့်လည်း ယခုကဲ့သို့ ရောဂါကူးစက်ပျံ့နှံ့မှု မြင့်မားလာရခြင်းဖြစ်သည်။

**အိုမီခရွန်မျိုးကွဲအသစ် JN.1 နှင့် XEC**

လက်ရှိကူးစက်နေသည့် ကိုဗစ်-၁၉ ရောဂါမျိုးကွဲများမှာ ယခင်နှစ်များက ကူးစက်ပျံ့နှံ့ခဲ့သည့် အိုမီခရွန်(Omicron) အုပ်စုမှ ဗီဇပြောင်းလာခြင်းဖြစ်ပြီး JN.1 အုပ်စုနှင့် ၎င်းမှတစ်ဆင့်ပေါ်ပေါက်လာသည့် XEC မျိုးကွဲတို့ဖြစ်သည်။ ၎င်းမျိုးကွဲကို ၂၀၂၄ ခုနှစ် ဇွန်လတွင် ဂျာမနီနိုင်ငံ၌ ပထမဆုံးတွေ့ရှိခဲ့ရခြင်းဖြစ်သည်။ ထိုင်းနိုင်ငံ၌ ကူးစက်ပျံ့နှံ့နေသော ကိုဗစ်-၁၉ ရောဂါမျိုးကွဲမှာ XEC ဖြစ်ပြီး ကူးစက်နှုန်းပိုမြန်သော်လည်း တုပ်ကွေးကဲ့သို့သောလက္ခဏာများသာရှိသည်။ ထို့ကြောင့် တုပ်ကွေးဖြစ်ခြင်း၊ အအေးမိခြင်းတို့ကြောင့်ဖြစ်သော ရောဂါလက္ခဏာများနှင့် ကိုဗစ်-၁၉ ရောဂါကြောင့်ဖြစ်သော ရောဂါလက္ခဏာများကိုခွဲခြားရန် ခက်ခဲနိုင်သော်လည်း ကုသမှုနည်းလမ်းများမှာမူ တူညီမှုရှိသည်။ ကိုဗစ်-၁၉ ရောဂါမပြင်းထန်သောလူနာများနှင့် အခြေအနေမဆိုးသောအုပ်စုဝင်များကို အအေးမိခြင်းအတွက် ကုသသည့်နည်းလမ်းအတိုင်း ကုသမှုပေးနိုင်သည်။ ဆေးကုသမှုခံယူရန် လိုအပ်သူများသည် ကိုယ်အပူချိန် ၃၈ ဒသမ ၅ ဒီဂရီစင်တီဂရိတ်အထက်ရှိခြင်း၊ အသက်ရှူကျပ်ခြင်း၊ မောပန်းနွမ်းနယ်ခြင်း သို့မဟုတ် သွေးအတွင်း အောက်ဆီဂျင် ၉၅ ရာခိုင်နှုန်းအောက်ကျဆင်းခြင်းကဲ့သို့သော ရောဂါလက္ခဏာများတွေ့ရှိမှသာ ကုသမှုခံယူရမည်ဖြစ်သည်။ စိုးရိမ်ရသည့်အုပ်စုဝင်များတွင် အသက်အရွယ်ကြီးရင့်သူများ၊ နာတာရှည်ရောဂါအခံရှိသူများ၊ တစ်နှစ်အောက်ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်အမျိုးသမီးများပါဝင်သည်။

**ဗီဇပြောင်းကိုဗစ်မျိုးကွဲအသစ်**
**JN.1 နှင့် XEC ၏ရောဂါလက္ခဏာများ**

အဆိုပါကိုဗစ်မျိုးကွဲအသစ်များ ကူးစက်ခံရပါက တွေ့ရှိရသည့်ရောဂါလက္ခဏာများမှာ ဖျားခြင်း၊ နုံးခြင်း၊ ခေါင်းကိုက်ခြင်း၊ ကိုယ်လက်ကိုက်ခဲခြင်း၊ နှာရည်ယိုခြင်း၊ နှာစေးခြင်း၊ ချောင်းဆိုးခြင်းနှင့် လည်ချောင်းနာခြင်းတို့အပြင် ပျို့အန်ခြင်း၊ ဝမ်းလျှောခြင်း စသည်တို့ပါဝင်သည်။ ထို့ပြင် နေ့ရက်အလိုက် ထူးခြားလာနိုင်သောရောဂါလက္ခဏာများနှင့်ပတ်သက်၍ ထိုင်းနိုင်ငံ ချူလာလောင်ကွန်ဆေးရုံက သုတေသနပြုလုပ်ထားသည်။ ထိုသုတေသနအရဆိုလျှင် ရောဂါပိုးကူးစက်ပြီး ပထမဆုံးရက်များဖြစ်သည့် တစ်ရက်မှ သုံးရက်အတွင်း အအေးမိခြင်း၊ လည်ချောင်းအနည်းငယ်နာခြင်းများသာဖြစ်တတ်ပြီး ဖျားခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်းများဖြစ်ပေါ်မှုမရှိသေးပေ။ ရောဂါပိုးကူးစက်ပြီး လေးရက်မှငါးရက်အတွင်းဆိုပါက အာသီးရောင်ပြီး လည်ချောင်းနာလာခြင်း၊ ကိုယ်အပူချိန် ၃၆ ဒသမ ၅ ဒီဂရီစင်တီဂရိတ်မှ ၃၆ ဒသမ ၇ ဒီဂရီစင်တီဂရိတ်အထိရှိလာပြီး အစာမျိုချရခက်ခဲခြင်း၊ ခေါင်းကိုက်ခြင်း၊ အနည်းငယ်မူးဝေမှုများနှင့်အတူ ပင်ပန်းနွမ်းနယ်ခြင်းနှင့် အဆစ်အမျက်ကိုက်ခဲခြင်းများကို ခံစားရမည်ဖြစ်သည်။ ခြောက်ရက်မြောက်နေ့မှစ၍ ကိုယ်အပူချိန် ၃၇ ဒီဂရီစင်တီဂရိတ်အထက်ထိ သိသိသာသာမြင့်တက်လာပြီး ချောင်းခြောက်ဆိုးခြင်း၊ လည်ချောင်းနာခြင်း၊ အားအင်ကုန်ခန်းပြီး မောပန်းနွမ်းနယ်ခြင်းတို့ ဖြစ်လာနိုင်သည်။ ထို့နောက် ကိုယ်အပူချိန် ၃၇ ဒသမ ၄ ဒီဂရီစင်တီဂရိတ်မှ ၃၈ ဒီဂရီစင်တီဂရိတ်အထိမြင့်တက်ပြီး အသက်ရှူရခက်လာခြင်း၊ ကိုယ်လက်ကိုက်ခဲနာကျင်ခြင်း၊ ဝမ်းလျှောခြင်း၊ ပျို့အန်ခြင်းများဖြစ်လာနိုင်ကာ ကိုးရက်မြောက်နေ့အထိ ရောဂါအခြေအနေသက်သာလာခြင်းမရှိဘဲ အပြင်းအထန်ဖျားပြီး အသက်ရှူရခက်ခဲလာပါက အထူးကုသမှုခံယူရန် လိုအပ်မည်ဖြစ်သည်။




**အိမ်နီးချင်းနိုင်ငံများ၌ ကိုဗစ်-၁၉ ရောဂါကူးစက်မှု**
**ကာကွယ်ရေးဆောင်ရွက်နေသည့်အချက်များ**


အိန္ဒိယနိုင်ငံ၌ ယခုနှစ်အတွင်း ဗီဇပြောင်း ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုများစွာတိုးမြင့်လာပြီး ၂၀၂၅ ခုနှစ် မေလကုန်တွင် ကူးစက်သူ ၂၇၀၀ ကျော်အထိရောက်ရှိကာ ခုနစ်ဦးသေဆုံးထားသည်။ ထို့ကြောင့် ရောဂါကာကွယ်ဆေးထိုးနှံပေးခြင်းများကို ဦးစားပေးဆောင်ရွက်လျက်ရှိပြီး ဆပ်ပြာအသုံးပြု၍ စက္ကန့် ၂၀ ကြာလက်ဆေးခြင်း၊ လက်သန့်ဆေးရည်အသုံးပြုခြင်း၊ လူစုလူဝေး သို့မဟုတ် လေဝင်လေထွက်မကောင်းသောနေရာများတွင် နှာခေါင်းစည်းတပ်ခြင်းဆောင်ရွက်ရန် ကျန်းမာရေးဝန်ကြီးဌာနက နှိုးဆော်ထားသည်။ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် စမ်းသပ်စစ်ဆေးမှုများကို အရှိန်မြှင့်တင်ဆောင်ရွက်လျက်ရှိသည့်အပြင် ဗီဇပြောင်း ကိုဗစ်မျိုးကွဲအသစ်များအတွက်လည်း ဓာတ်ခွဲခန်းများတွင် စမ်းသပ်စစ်ဆေးလျက်ရှိသည်။

ထိုင်းနိုင်ငံ၌ ဗီဇပြောင်း ကိုဗစ်-၁၉ ရောဂါမျိုးကွဲသည် အထူးသဖြင့် ဗန်ကောက်နှင့် ချွန်ဘူရီပြည်နယ်တို့တွင် ဖြစ်ပွားလျက်ရှိပြီး ၂၀၂၅ ခုနှစ် မေလ ၃၀ ရက်ထုတ်ပြန်ချက်အရ လူနာအသစ် ၄၁၂၈၃ ဦးရှိရာ ယခုနှစ်အတွက် ရောဂါပိုးကူးစက်ခံရသူ စုစုပေါင်း ၂၅၇၂၈၀ ဦးနှင့် သေဆုံးသူ ၅၂ ဦးအထိရှိသည်။ ကျောင်းသား၊ ကျောင်းသူများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများသည် ကူးစက်နှုန်းအမြင့်ဆုံးဖြစ်ပြီး အထူးသဖြင့် သက်ကြီးရွယ်အိုများ၊ နာတာရှည်ရောဂါရှိသူများနှင့် ကျန်းမာရေးဝန်ထမ်းများအနေဖြင့် ကိုဗစ်-၁၉ ရောဂါကူးစက်မှု ကာကွယ်ရေးနည်းလမ်းများအတိုင်း လိုက်နာကြရန် ကျန်းမာရေးဝန်ကြီးဌာနက နှိုးဆော်ထားသည်။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ရောဂါဖြစ်ပွားမှုအခြေအနေများကို အနီးကပ်စောင့်ကြည့်လျက်ရှိပြီး ဗီဇပြောင်းမျိုးကွဲအသစ်များ ကူးစက်ပျံ့နှံ့မှုနှင့်ပတ်သက်၍ သင့်လျော်မည့်အစီအမံများ ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် လူစုလူဝေးနေရာများကိုရှောင်ရှားရန်၊ လက်ကိုပုံမှန်ဆေးကြောရန်၊ လူစည်ကားသောနေရာများတွင် နှာခေါင်းစည်းတပ်ရန်၊ ထပ်ဆောင်းကာကွယ်ဆေးထိုးနှံရန်နှင့် ဖျားနာခြင်း၊ ချောင်းဆိုးခြင်း၊ လည်ချောင်းနာခြင်း သို့မဟုတ် တခြားအသက်ရှူလမ်းကြောင်းဆိုင်ရာ ပြဿနာများဖြစ်ပေါ်လာပါက နီးစပ်ရာကျန်းမာရေးဌာန သို့မဟုတ် ဆေးရုံသို့ အမြန်ဆုံးပြသကြရန် အစိုးရက ထုတ်ပြန်ထားသည်။

**မြန်မာနိုင်ငံတွင် ကိုဗစ်မျိုးကွဲသစ်ရောက်ရှိလာမှုနှင့်**
**ကျန်းမာရေးဌာန၏ လုပ်ဆောင်ချက်များ**

မြန်မာနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါသည် ၂၀၂၀ ပြည့်နှစ် မတ်လ ၂၃ ရက်တွင် ပထမဆုံးအတည်ပြုလူနာတွေ့ရှိခဲ့ပြီးနောက်ပိုင်း နိုင်ငံအနှံ့အပြား၌ ကူးစက်မှုများဖြစ်ပွားခဲ့သည်။ နောက်ပိုင်းတွင် မျိုးကွဲအသစ်များရောက်ရှိလာမှုနှင့်ပတ်သက်၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက စောင့်ကြည့်ကာ သတိပေးချက်များနှင့် သတင်းထုတ်ပြန်ချက်များ ထုတ်ပြန်ခြင်းနှင့် ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။ အလားတူ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ပြည်တွင်းရောဂါဖြစ်ပွားမှုနှုန်းများ၊ နိုင်ငံတကာနှင့် အိမ်နီးချင်းနိုင်ငံများတွင် ဖြစ်ပွားလျက်ရှိသည့် ဗီဇပြောင်းမျိုးကွဲအသစ်အား အနီးကပ်စောင့်ကြည့်လျက်ရှိသည်။ ထို့ပြင် PCR စစ်ဆေးမှုများ၊ Rapid Antigen Test (RAT) စစ်ဆေးမှုများဆောင်ရွက်ကာ ရောဂါကူးစက်မှုမြင့်တက်လာပါက သို့မဟုတ် ထူးခြားသည့်လက္ခဏာများတွေ့ရှိရပါက မျိုးဗီဇခွဲခြမ်းစိတ်ဖြာခြင်း (genomic sequencing) များ လုပ်ဆောင်လျက်ရှိသည်။ ထို့အတူ ရောဂါကူးစက်မှုနှုန်း၊ သေဆုံးမှုနှုန်း၊ ဆေးရုံတက်ရမှုနှုန်း စသည့် အချက်အလက်များကို စနစ်တကျမှတ်တမ်းတင်ခြင်း၊ ကူးစက်မြန်သောမျိုးကွဲအသစ်များအကြောင်းနှင့် ကာကွယ်ရေးနည်းလမ်းများ (လက်ဆေးခြင်း၊ နှာခေါင်းစည်းတပ်ခြင်း၊ လူစုလူဝေးရှောင်ရှားခြင်း) စသည်တို့ကို မီဒီယာမျိုးစုံမှတစ်ဆင့် အသိပညာပေးခြင်း၊ ကာကွယ်ဆေးများ၊ ထပ်ဆောင်းကာကွယ်ဆေးများ ဆက်လက်ထိုးနှံပေးခြင်းနှင့် လိုအပ်ပါက မျိုးကွဲအသစ်များနှင့်ကိုက်ညီသော ကာကွယ်ဆေးများရရှိရေး စီမံခြင်းတို့ကိုလည်း ဆောင်ရွက်လျက်ရှိသည်။




**ဆောင်ရွက်သင့်သည့်အချက်များ**

ဗီဇပြောင်း ကိုဗစ်မျိုးကွဲအသစ်JN.1 နှင့် XEC တို့၏ကူးစက်မှုများ ကြိုတင်ကာကွယ်နိုင်ရေးနှင့် ရောဂါပြင်းထန်မှုနှင့် သေဆုံးမှုကိုကာကွယ်ရေးတို့အတွက် ခြောက်လ သို့မဟုတ် တစ်နှစ်အတွင်း ထပ်ဆောင်းကာကွယ်ဆေးထိုးသင့်သည်။ ကိုဗစ်-၁၉ ရောဂါ မကူးစက်ဖူး၊ မဖြစ်ဖူးသူများနှင့် ရာသီတုပ်ကွေးကဲ့သို့ ရောဂါလက္ခဏာပြင်းထန်သူများ ကိုဗစ်ရောဂါစစ်ဆေးသင့်သည်။ အသက် ၆၅ နှစ်နှင့်အထက်ရှိသူများ၊ နာတာရှည်ရောဂါအခံရှိသူများနှင့် ကိုယ်ဝန်ဆောင်မိခင်များ ကိုဗစ်စစ်ဆေးသင့်သည်။

မြန်မာနိုင်ငံသည် ကိုဗစ်-၁၉ ရောဂါမျိုးကွဲသစ်များကို ဗီဇဆိုင်ရာစောင့်ကြည့်ခြင်း၊ ကာကွယ်ဆေးထိုးနှံခြင်းနှင့် ထိန်းချုပ်ရေးအစီအမံများ စနစ်တကျဆောင်ရွက်လျက်ရှိသော်လည်း လူ့စွမ်းအားနှင့်အချက်အလက်စီမံခန့်ခွဲမှုအတွက် စိန်ခေါ်မှုများ ရှိနေဆဲဖြစ်သည်။ ထို့ကြောင့် မျိုးကွဲသစ်များ၏ခြိမ်းခြောက်မှုအောက်တွင် အစိုးရ၊ ပြည်သူ၊ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုအားကောင်းရန် လိုအပ်မည်ဖြစ်သည်။

ကိုဗစ်-၁၉ ရောဂါပိုးမျိုးကွဲသစ်များသည် လူ့ခန္ဓာကိုယ်၏ကိုယ်ခံအားစနစ်ကို ရှောင်ရှားပြီး ကူးစက်မှုမြန်ဆန်စေသည်။ အဆိုပါမျိုးကွဲများသည် ယခင်ကာကွယ်ဆေးများ၏ထိရောက်မှုကို အားနည်းစေနိုင်သည်။ ထို့ကြောင့် ယခင်က ကာကွယ်ဆေးထိုးနှံပြီးသူများအနေဖြင့် ကိုယ်ခံအားနည်းလာကာ ပြန်လည်ကူးစက်ခံရနိုင်မှုနှုန်းများ မြင့်မားလာနိုင်သဖြင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးရန် လိုအပ်မည်ဖြစ်သည်။

လက်ရှိအချိန်ကာလသည် စာသင်ကျောင်းများ စတင်ဖွင့်လှစ်သည့်ကာလဖြစ်ခြင်းကြောင့် လူစုလူဝေးပိုမိုများပြားခြင်း၊ မိုးရာသီကာလဖြစ်ခြင်းကြောင့် တုပ်ကွေးရောဂါများဖြစ်ပွားလာနိုင်ခြင်း၊ အိမ်နီးချင်းနိုင်ငံများတွင် ဗီဇပြောင်း ကိုဗစ်-၁၉ ရောဂါများ ဖြစ်ပွားမှုအရှိန်မြင့်တက်နေခြင်းတို့ကြောင့် ပြည်သူလူထုကိုယ်တိုင် ကာကွယ်ရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ခြင်း၊ စာသင်ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာရေးအစီအမံများဆောင်ရွက်ခြင်း၊ သက်ဆိုင်ရာအစိုးရဌာနများအနေဖြင့် မီဒီယာများမှတစ်ဆင့် ပြည်သူလူထုထံ ကျန်းမာရေးအသိပညာများ မျှဝေပေးခြင်းအပြင် ဗီဇပြောင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများထိုးနှံပေးခြင်းနှင့် ဝယ်ယူဖြည့်တင်းခြင်းများဆောင်ရွက်သင့်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

**ရွှေပြည်အေး**

# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

**"ကျွန်ုပ်သည် စံဒေဝီကို ပိုးပန်းလျက်ရှိစဥ် သူငယ်ချင်းများနှင့် အငြိမ့်ပွဲ၊ ဇာတ်ပွဲ၊ ရုပ်သေးပွဲ စသည်များကို အများဆုံးကြည့်ခဲ့သော အချိန်အခါဖြစ်၏။ အငြိမ့်မင်းသမီးများအနက်တွင် ကျွန်ုပ်၏မျက်စိ၌ အချောဆုံး၊ အလှဆုံး၊ ချစ်စရာအကောင်းဆုံး ထင်ခဲ့မိသူမှာ စိန်ဆင်ပင်ဖြစ်၏။ ကျွန်ုပ်သည် ထိုစဥ်က စံဒေဝီကို အကြိုက်ဆုံးဖြစ်သော်လည်း စိန်ဆင်၏လှပခြင်းကိုလည်း အသိအမှတ်မပြုဘဲ မနေနိုင်အောင်ဖြစ်ခဲ့၏. . ."**

### ယမန်နေ့မှအဆက်

အလောင်းများမှာ ယမန်နေ့က ဖုံးထိသေဆုံးထားခြင်း ဖြစ်သောကြောင့် အတော်နံစော်လျက်ရှိပြီဖြစ်ရာ ကျွန်ုပ်မှာ မခံမရပ်နိုင်သဖြင့် လက်ကိုင်ပဝါဖြင့် နှာခေါင်းကို ပိတ်ရသော်လည်း ကိုခင်မောင်တင့်မူကား ဘာမျှမပိတ်ဘဲ နေနိုင်ပေသည်။ ကျွန်ုပ်သည် ရင်းနှီးသော မိတ်ဆွေများနှင့် အရာရာတွင် စိတ်ထဲက နှိုင်းယှဥ်တတ်သော ဝါသနာရှိလေရာ ဤအချက်ကား ကိုခင်မောင်တင့်က သာပေသည်ဟု အသိအမှတ်ပြုခဲ့မိ၏။ အခြားသော အချက်တစ်ခု သာသေးသည်မှာ ကိုခင်မောင်တင့်သည် ကျွန်ုပ်နှင့်လမ်းတွင် မခွဲဘဲ ကျွန်ုပ်၏အိမ်သို့ရောက်အောင် ပို့ပြီးမှ(ခြောက်နာရီလောက်တွင်) ပြန်သွားလေသည်။ သူသည် ကျွန်ုပ်ထက် အသက်သုံးနှစ်ကြီးသည့်အလျောက် စကားပြောရာ၌ ခပ်စီးစီးပြောတတ်သော်လည်း (ကျွန်ုပ်အား 'မောင်ဖေသိန်း'ဟု ခေါ်သည်။) လူကြီးသဖွယ် တာဝန်ယူသော နေရာများလည်း ရှိပါပေသည်။ သို့သော် သူ ထီပေါက်စဥ်က ငွေငါးကျပ်ပေးခြင်းနှင့် ပေးပုံပေးနည်းကိုမူကား ကျွန်ုပ် တော်တော်နှင့်မကျေနိုင်။ မိခင်အကြောင်းကို သူချီးမွမ်းသည်တွင်မှ လုံးဝ စာရင်းဖျက်နိုင်ပါတော့သည်။ မေ့နိုင်သည်ကား မဟုတ်၊ ခွင့်လွှတ်နိုင်ခြင်းသာဖြစ်ပါ၏။

### ဒုတိယအကြိမ် ဗုံးကြဲခြင်း

နောက်တစ်နေ့ ဒီဇင်ဘာလ ၂၅ ရက် (ခရစ္စမတ်နေ့)တွင် ရန်ကုန်မြို့ကြီးကို ဂျပန်တို့ ဒုတိယအကြိမ် ဗုံးကြဲချပြန်၏။ ဗြိတိသျှအစိုးရလက်ထက်တွင် ခရစ္စမတ်ပွဲတော်နေ့သည် (ခရစ်ယာန်အစိုးရဖြစ်သည့်အလျောက်) အရေးကြီးသော နေ့ထူးနေ့မြတ်ဖြစ်ပေရာ ဂျပန်တို့သည် အင်္ဂလိပ်များ မပျော်နိုင်ကြစေရန်အတွက် ထိုနေ့ကို တမင်ရွေးပြီး ဗုံးကြဲချဟန်တူ၏။ ဗုံးကြဲပုံကြဲနည်းနှင့် မြို့သူ၊ မြို့သားများ ထိတ်လန့်တုန်လှုပ်ကြပုံ အဖြစ်သနစ်မှာ ပထမအကြိမ်အတိုင်းပင်ဖြစ်၏။ ကျွန်ုပ်တို့အိမ်၌ ကျွန်ုပ်တို့ဇနီးမောင်နှံအပြင် ခယ်မနှင့် သမီးကလေးရှိကြကြောင်း ဖော်ပြခဲ့ဖူးရာ ၎င်းတို့သည် ပထမအကြိမ် ဗုံးကြဲကတည်းက ပြောင်းရွှေ့သွားကြသဖြင့် ကျွန်ုပ်တို့ဇနီးမောင်နှံသာ ရှိတော့သည်။ ခယ်မသည် ကျွန်ုပ်၏ ညီနှင့်ကွဲကွာနေသဖြင့် ကျွန်ုပ်တို့၏နေအိမ်၌ မှီခိုလျက်ရှိရာ ဗုံးကြဲသောအခါ၌ ၎င်း၏ဆွေမျိုးများထံသို့ ပြောင်းရွှေ့သွားလေ၏။ 'အရေးကြီး သွေးနီးရာ' ဟူသော စကားပုံကို ကျွန်ုပ် သတိရမိ၏။ ထိုအချိန်မှစ၍ ကျွန်ုပ်သည် ခယ်မနှင့် သူ၏သမီးအပေါ်တွင် တာဝန်ထမ်းစိတ် အတော်ကြီးပေါ့လျော့သွားခဲ့လေပြီ။ ကျွန်ုပ်သည် ကျွန်ုပ်အပေါ်၌ မည်သူက မည်သည့်အချက်၌ တော်ပါပေသည်။ မည်သူက မည်သည့်အချက်၌ ရှော်လှသည် စသော အခြင်းအရာများကို လုံးစေ့ပတ်စေ့ တင်ပြရန်မလိုသောကြောင့် စေ့စုံအောင် ဖော်ပြခြင်းမပြုသော်လည်း စိတ်ထဲ၌မူကား အကောင်းကိုဖြစ်စေ၊ အဆိုးကိုဖြစ်စေ မေ့နိုင်မည် မဟုတ်ပါ။ အဆိုးအတွက် လက်တုံ့ပြန်ရန် မှတ်ထားခြင်းကား မဟုတ်။ သို့ရာတွင် ၎င်းအတွက် မေတ္တာပျက်ကွက်သွားခြင်းကိုမူကား ကျွန်ုပ် မတတ်နိုင်ဘဲရှိပါသည်။ မည်သို့ပင်ဖြစ်စေ ဘာမဆို မမေ့တတ်ခြင်းကား ကျွန်ုပ်၏ ဝါသနာဖြစ်ပါသည်။

### ပီတိဖြစ်ရသော စကားတစ်လုံး

ထိုနေ့ ဗုံးချပြီး၍ ကျွန်ုပ် လည်ပတ်ကြည့်ရှုပြီးရာမှ ပြန်ရောက်လာသောအခါ ကျွန်ုပ်တို့၏ နေအိမ်အောက်ထပ်တွင် လူစည်ကားလျက်ရှိခြင်းကို တွေ့ရ၏။ ဤအိမ်မှာ အထက်ထပ်တွင် ကျွန်ုပ်တို့ တစ်ဦးတည်းနေ၍ အောက်ထပ်မှာမူ နှစ်ခန်းဖွဲ့ထားပြီး နှစ်အိမ်ထောင် နေထိုင်ကြသည်။ ကျွန်ုပ်သည် အောက်ထပ်တစ်ခန်း၌ အဝတွင် ထိုင်လျက်ရှိသော အမျိုးသမီးတစ်ယောက်ကိုမြင်ရ၍ တန့်ခနဲရပ်မိ၏။ ဤအမျိုးသမီးကား ယင်းအခန်း၌ နေထိုင်သူမဟုတ်ကြောင်း ချက်ချင်းသိသည့်အပြင် ကျွန်ုပ် မြင်ဖူးပါသည်ဟူ၍လည်းထင်မိ၏။ မြင်ဖူးသည်မှာ တော်ရုံတန်ရုံမဟုတ်၊ ကြာကြာကြီး မြင်ဖူးသည်ဟူ၍လည်း သိရသည်။ သို့သော် ဘယ်သူဘယ်ဝါဖြစ်သည်ဟု မဖော်နိုင်ခြင်းအတွက်ကြောင့် ကျွန်ုပ် မခံချင်ဘဲဖြစ်နေ၏။ ထိုအမျိုးသမီးကမူ ကျွန်ုပ်အား သူစိမ်းပြင်ပြင်တစ်ယောက်အနေဖြင့်သာ ကြည့်နေ၏။ ကျွန်ုပ်ကား သိချင်လှပြီဖြစ်၍ အနီးသို့ ချဥ်းကပ်ရလေပြီ။

"အစ်မကြီးကို ကျွန်တော်မြင်ဖူးတယ် မှတ်ပါတယ်၊ ဘယ်ကပါလဲခင်ဗျာ" ယင်းသို့ မေးရင်း ကြည့်လိုက်စဥ် ထိုအမျိုးသမီး၏ ငယ်မျက်နှာသည် စိတ်ထဲ၌ ကွက်ခနဲပေါ်လာ၏။ ဘယ်သူဟူ၍ကား မဖော်နိုင်ချေ။

"ကျွန်မ ဩ့သည်ပါ အစ်ကိုကြီးရှင်၊ ဒီမှာ တူမကလေးများရှိလို့ ခေတ္တလာခဲ့ပါတယ်"

"ဩ့သည်မှန်းတော့ ကျွန်တော် သိပါတယ်၊ ကျွန်တော်က မြင်ဖူးမှန်းသိလျက်နဲ့ ဖော်မရလို့ခင်ဗျ၊ ဇာတိက ဘယ်ကပါလိမ့်"

"ကျွန်မ မန္တလေးကပါရှင်"

ဤမျှဆိုလျှင် ကျွန်ုပ်၏ မျက်စိထဲ၌ သူ၏ငယ်ရုပ် ကွက်ခနဲ ပေါ်လာခဲ့လေပြီ။

"ခင်ဗျား စိန်ဆင်၊ ဒေါ်စိန်ဆင် မဟုတ်ဘူးလား"

"ဟုတ်ပါတယ်ရှင်၊ အစ်ကိုကြီးက ဘယ်သူပါလိမ့်"

"ကျွန်တော့်ကိုတော့ ခင်ဗျားသိမှာ မဟုတ်ပါဘူး"

အမျိုးသမီးသည် ရုတ်တရက် ပြုံးလိုက်ရာ ငယ်ရုပ် သာ၍ပေါ်လာသည်။

"ရှင်က ပွဲကြည့်ပရိသတ်ထဲက နေမှာပေါ့"

"ဒီလောက်တော့ မကတတ်ဘူးဗျ၊ ပလွေဆရာဘတို့အိမ်ကို ခင်ဗျားတို့ ခဏခဏ ဝင်လာတတ်တယ် မဟုတ်လား၊ ဂုံတန်ဆေးရိုးဝင်းလေ"

"မှတ်မိပါတယ်ရှင်"

"ဆရာဘအိမ်နားမှာ ပိန်းတန်းဖိနပ်လုပ်တဲ့ အိမ်တစ်အိမ်ရှိတယ်ဟုတ်လား"

"ဩော် ... မှတ်မိပြီ၊ ရှင်က အဲဒီအိမ်က အင်္ဂလိပ်ကျောင်းသားလား"

ကျွန်ုပ်က ဟုတ်ကြောင်း ဝန်ခံရင်း ၎င်းစကားကလေးတွေအတွက် ပီတိဖြစ်မိသေးသည်။ ပီတိဖြစ်ခြင်းက ဤသို့သော အကြောင်းကြောင့်ပေတည်း။

ကျွန်ုပ်သည် စံဒေဝီကို ပိုးပန်းလျက်ရှိစဥ် သူငယ်ချင်းများနှင့် အငြိမ့်ပွဲ၊ ဇာတ်ပွဲ၊ ရုပ်သေးပွဲ စသည်များကို အများဆုံးကြည့်ခဲ့သော အချိန်အခါဖြစ်၏။ အငြိမ့်မင်းသမီးများအနက်တွင် ကျွန်ုပ်၏ မျက်စိ၌ အချောဆုံး၊ အလှဆုံး၊ ချစ်စရာအကောင်းဆုံး ထင်ခဲ့မိသူမှာ စိန်ဆင်ပင်ဖြစ်၏။ ကျွန်ုပ်သည် ထိုစဥ်က စံဒေဝီကို အကြိုက်ဆုံးဖြစ်သော်လည်း စိန်ဆင်၏ လှပခြင်းကိုလည်း အသိအမှတ်မပြုဘဲ မနေနိုင်အောင်ဖြစ်ခဲ့၏။ လှပါပေသည်ဟု စိတ်ထဲက ချီးမွမ်းမိသော်လည်း ပိုးပန်းချင်သော စိတ်မျိုး ရှိသည်မဟုတ်။ တတ်နိုင်လျှင် သူ့အငြိမ့်ပွဲကို နေ့တိုင်းကြည့်လိုခြင်းမျှသာဖြစ်ပါသည်။ အငြိမ့်မင်းသမီး တစ်ယောက်ကို ပိုးပန်းရာမှာလည်း သုံးနိုင်၊ ဖြုန်းနိုင်၊ ပေးနိုင်၊ ကမ်းနိုင်သော သူဌေးသားများ၏ အလုပ်ဖြစ်ပေရာ ကျွန်ုပ်ကဲ့သို့သော ဖိနပ်ထောင်ဆရာတစ်ယောက်၏ သားတစ်ယောက်အဖို့မှာ အိပ်မက်မက်ဝံ့သော ကိစ္စမဟုတ်ပါ။ သို့ရာတွင် စိန်ဆင်သည် ၎င်း၏ အမေကြီးနှင့်အတူ ပလွေဆရာဘ၏အိမ်သို့ လာသောအခါများတွင် ကျွန်ုပ်တို့၏အိမ်ရှေ့မှ ဖြတ်သွားရသည်ဖြစ်၍ ကျွန်ုပ်နှင့် ကြိမ်ဖန်များစွာ မျက်နှာချင်းဆိုင်ခဲ့ရဖူး၏။ ကျွန်ုပ်ကမူ အလွန်သဘောကျ၍ အံ့ဩချီးမွမ်းသော မျက်နှာမျိုးနှင့် ရိုးသားစွာကြည့်မိရုံမှ တစ်ပါး မည်သည့်ကြံရွယ်ချက်မျှမရှိ။ ချစ်ကြိုက်ခြင်းကို ဖော်ပြစရာမရှိ။ စံဒေဝီကဲ့သို့ ချစ်ကြိုက်သည်လည်း မဟုတ်၊ ရိုးသားစွာ ချီးကျူးခြင်းမျှသာ ဖြစ်၏။ ဤကဲ့သို့ သုံးလေးကြိမ်မျှ မျက်နှာချင်းဆိုင်မိကြသောအခါ စိန်ဆင်သည် ကျွန်ုပ်အား စိတ်ဝင်စားခြင်းရှိသော မျက်နှာထားမျိုးနှင့် ကြည့်သည်ဟု ထင်မိ၏။ တစ်နေ့သ၌ ပလွေဆရာဘက ကျွန်ုပ်အား "မစိန်ဆင်က မင်းကို မေးတယ်မောင်၊ ငါက အင်္ဂလိပ်ကျောင်းမှာ ကိုးတန်းသမားကလေးလို့ ပြောလိုက်တယ်" ဟု ပြောသော်လည်း အငြိမ့်တီးလုံးဆရာများသည် အပိုးအပန်း ဝါသနာပါသော ကာလသားများအား 'လိုမ့်'၍ စားတတ်သော အလေ့အကျင့်ရှိခြင်းကို ကျွန်ုပ် သိသောကြောင့် ကျွန်ုပ်အား 'လိုမ့်' ခြင်းမျှသာ ဖြစ်သည်ဆိုကာ သူ၏စကားကို အယုံအကြည်မရှိချေ။ သို့ရာတွင် ဆရာဘ၏ အိမ်သို့ မစိန်ဆင်လာတိုင်း ကျွန်ုပ် ဘာလုပ်နေသည်ဖြစ်စေ ထပြီးကြည့်မိအောင် ကြည့်လိုက်သည်သာဖြစ်၏။ သို့ဖြစ်၍ ထိုညနေက သီတာလမ်းနေအိမ်၌ မစိန်ဆင်နှင့်တွေ့ကြ၍ သူက "အင်္ဂလိပ်ကျောင်းသားမဟုတ်လား" ဟုမေးလိုက်သောအခါ ပလွေဆရာပြောစကားသည် အမှန်ပင်ဖြစ်သည်ဟု သိရ၍ ကျွန်ုပ် ပီတိဖြစ်ရခြင်းဖြစ်လေသည်။

### သံဝေဂ ဖြစ်ရပုံ

ကျွန်ုပ် ဝမ်းပန်းတသာဖြစ်ရခြင်းကို မြင်၍ မစိန်ဆင်က "ထိုင်ပါဦးလားရှင့်၊ ခုဘယ်မှာနေပါသလဲ "မေးကာ ဖိတ်ခေါ်ရာတွင် ကျွန်ုပ်က အပေါ်ထပ်မှာ နေကြောင်းပြော၍ အနီးတွင် ဝင်ထိုင်လိုက်၏။ ထိုင်ခြင်းကား အခြားကြောင့်မဟုတ်၊ ရှေးက မစိန်ဆင်နှင့် ယခု မစိန်ဆင်တို့၏ ကွာခြားပုံကို နီးကပ်စွာလေ့လာလိုသောကြောင့် ဖြစ်လေသည်။

**ဆက်လက်ဖော်ပြပါမည်။**

---

## ဘုတ်ပြင်းမြို့နယ်အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌဖလား ရပ်ကွက်/ကျေးရွာ အသက် ၂၅ နှစ်အောက် အမျိုးသားသုံးယောက်တွဲ ပိုက်ကျော်ခြင်းပြိုင်ပွဲကျင်းပ

ဘုတ်ပြင်း ဇွန် ၁၁

တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းခရိုင် ဘုတ်ပြင်းမြို့နယ် အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌဖလား ရပ်ကွက်/ကျေးရွာ အသက် ၂၅ နှစ်အောက် အမျိုးသားသုံးယောက်တွဲပိုက်ကျော်ခြင်း ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဇွန်လ ၉ ရက်က ရွှေဘုံသာရပ်ကွက်ရှိ မြို့နယ်အားကစားခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အားကစားသမားများက ကွင်းအတွင်း သတ်မှတ်ထားသည့်နေရာတို့၌ အသီးသီးနေရာယူကြပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဗိုလ်မှူးရဲလင်းဦးက အဖွင့်အမှာစကားပြောကြားရာတွင် တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေး လူငယ်လူရွယ်များ မူးယစ်ဆေးဝါးသုံးစွဲမှုမှ ကင်းဝေးလာစေရန်နှင့် အားကစားဘက်သို့ စိတ်ပါဝင်စားမှုဖြစ်ပေါ်စေရန်၊ ပြိုင်ပွဲများစဥ်ဆက်မပြတ်ကျင်းပပေးခြင်းဖြင့် မြို့နယ်အဆင့်၊ ခရိုင်အဆင့်၊ တိုင်းဒေသကြီးအဆင့် အားထားရသည့် အားကစားသမားကောင်းများ ပေါ်ထွက်လာစေရန်၊ ပိုက်ကျော်ခြင်းအားကစားအဆင့်အတန်း တိုးတက်မြင့်မားရေးကို အထောက်အကူပြုစေရန်နှင့် မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွက်လာစေရန် ကြိုးစားယှဥ်ပြိုင်ကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် အုပ်စုအဖွင့်ပွဲစဥ်အဖြစ် အုန်းတောကမ်း(ခ) အသင်းနှင့် ဘုတ်ပြင်း(က)အသင်းတို့ ယှဥ်ပြိုင်နေမှုကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်/ ကျေးရွာများမှ အားကစားဝါသနာရှင်များ၊ အားကစားသမားများကြည့်ရှုအားပေးကြသည်။

အဆိုပါ ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ရပ်ကွက်/ကျေးရွာများမှ ပြိုင်ပွဲဝင်အသင်းခြောက်သင်းဖြင့် အုပ်စုနှစ်စုခွဲကာ အုပ်စုတွင်းပွဲစဥ်များကို ယှဥ်ပြိုင်လျက်ရှိပြီး ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဇွန်လ ၁၁ ရက်တွင် ကျင်းပခဲ့ကြောင်း သိရသည်။

ချမ်းမြေ့

# ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ အမျိုးသားနေ့အထိမ်းအမှတ် ညှော်ခံပွဲအခမ်းအနားကျင်းပ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဒွေး တက်ရောက်






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဒွေး ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ ယဉ်ကျေးမှုအဖွဲ့က ရိုးရာယဉ်ကျေးမှုအကအလှများဖြင့် ကပြဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးစဉ်။

**ရန်ကုန် ဇွန် ၁၁**

ရန်ကုန်မြို့အခြေစိုက် ရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံးက ကျင်းပသည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ အမျိုးသားနေ့အထိမ်းအမှတ်ညှော်ခံပွဲအခမ်းအနားကို ယနေ့ညပိုင်းတွင် ရန်ကုန်မြို့ Lotte Hotel ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေးနှင့်ဇနီးတို့ တက်ရောက်သည်။

ဦးစွာ မြန်မာနိုင်ငံဆိုင်ရာရုရှားဖက်ဒရေးရှင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Iskander Azizov၊ စစ်သံမှူးနှင့် တာဝန်ရှိသူတို့က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဒွေးနှင့်ဇနီး၊ ညှော်ခံပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သီချင်းနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံတော်သီချင်းတို့ဖြင့် အခမ်းအနားကို စတင်ဖွင့်လှစ်ပြီး မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Iskander Azizov က နှုတ်ခွန်းဆက်စကားပြောကြားသည်။

ဆက်လက်၍ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ ယဉ်ကျေးမှုအမွေအနှစ်၊ သိပ္ပံပညာဆိုင်ရာ အောင်မြင်မှုများ၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် နိုင်ငံတကာရေးရာဆိုင်ရာအခန်းများအား ဗီဒီယိုဖြင့် ဖွင့်လှစ်ပြသပြီးနောက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ ယဉ်ကျေးမှုအဖွဲ့တို့က ရိုးရာယဉ်ကျေးမှုအကအလှများဖြင့် ကပြ ဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေးနှင့် ဇနီး၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Iskander Azizov တို့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ အမျိုးသားနေ့အထိမ်းအမှတ်ညှော်ခံပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။

ထို့နောက် ညှော်ခံပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား သံအမတ်ကြီးက ညစာစားပွဲဖြင့် တည်ခင်းညှော်ခံသည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ဖြစ်ကြသည့် ဒေါက်တာ ဘရှော့ ခွန်စံလွင်၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီး၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ)နှင့်ဇနီး၊ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ စစ်သံမှူးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

# ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့၌ ကျင်းပလျက်ရှိသည့် (၅)ကြိမ်မြောက် မော်စကိုနိုင်ငံတကာ ခရီးသွားဖိုရမ်နှင့် ခရီးသွားပြပွဲ ဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးကျော်စိုးဝင်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်



**နေပြည်တော် ဇွန် ၁၁**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနသည် ပြည်ထောင်စုဝန်ကြီး ဦးကျော်စိုးဝင်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့ VDNH ပန်းခြံပြပွဲခန်းမ၌ ၂၀၂၅ ခုနှစ် ဇွန်လ ၁၀ ရက်မှ ၁၅ ရက်အထိကျင်းပသော (၅)ကြိမ်မြောက် မော်စကိုနိုင်ငံတကာခရီးသွားဖိုရမ်နှင့် ခရီးသွားပြပွဲသို့ တက်ရောက်ခဲ့သည်။

ခရီးသွားပြပွဲကို "Let's Travel" ခေါင်းစဉ်နှင့်အတူ နိုင်ငံတကာခရီးသွားဖိုရမ်ကို ပူးတွဲကျင်းပခြင်းဖြစ်ပြီး မြန်မာနိုင်ငံမှ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်အတူ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာမြန်မာသံအမတ်ကြီးဦးသစ်လင်းအုန်း၊ ဝန်ကြီးဌာနမှတာဝန်ရှိသူများ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်မှကိုယ်စားလှယ်များ တက်ရောက်ကြသည်။

မော်စကိုနိုင်ငံတကာခရီးသွားဖိုရမ်ဖွင့်ပွဲအခမ်းအနားကို ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ် ဒီမစ်ထရီချယ်နေရှန်ကိုနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီး မက်ဆင်ရီရှုတ်နီ့ကို့ဗ်တို့က "Discovering Russia: How travel is changing the country" ဆွေးနွေးပွဲဖြင့် စတင်ဖွင့်လှစ်ပေးကြသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီးချုပ် ဒီမစ်ထရီချယ်နေရှန်ကိုက ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ ဗလာဒီမာပူတင်ပေးပို့သော နှုတ်ခွန်းဆက်စကားကိုဖတ်ကြားပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံဝန်ကြီးချုပ် မီခေးလ်မီရှီးစတင်း၏ သတင်းစကားရုပ်သံကို ဖွင့်လှစ်ပြသခဲ့သည်။

ထို့နောက် "Discovering Russia: How travel is changing the country" ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲကိုစတင်ကျင်းပရာ ဒုတိယဝန်ကြီးချုပ် ဒီမစ်ထရီချယ်နေရှန်ကိုနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီး မက်ဆင်ရီရှုတ်နီ့ကို့ဗ်တို့က ဆွေးနွေးပွဲ၏သဘာပတိအဖြစ်ဆောင်ရွက်ခဲ့ကြပြီး ဒိုင်းမော့ကုမ္ပဏီတည်ထောင်သူ မစ္စတာဒိုင်းမော့၊ ဗိုဒိုလက်မြန်နှုန်းမြင့် သင်္ဘောကုမ္ပဏီ၏ ညွှန်ကြားရေးမှူးချုပ်အပါအဝင် ခရီးသွားလုပ်ငန်း၊ စားသောက်ဆိုင်နှင့် ဟိုတယ်လုပ်ငန်းဆိုင်ရာကျွမ်းကျင်သူ ခုနစ်ဦးတို့က ခရီးသွားလုပ်ငန်း၏ နိုင်ငံ့စီးပွားရေးအပေါ် အကျိုးသက်ရောက်မှုများကို ကဏ္ဍအလိုက် ရှုထောင့်အသီးသီးမှဆွေးနွေးခဲ့ကြသည်။

ဇွန်လ ၁၀ ရက် မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီး မက်ဆင်ရီရှုတ်နီ့ကို့ဗ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်တွေ့ဆုံသည်။

တွေ့ဆုံစဉ်မြန်မာ-ရုရှား နှစ်နိုင်ငံအကြား အစိုးရ၊ ပုဂ္ဂလိကနှင့်ပြည်သူများအကြား ဘက်စုံပူးပေါင်းဆောင်ရွက်မှုများကိုမြှင့်တင်ရေး၊ မြန်မာနှင့်ရုရှားနိုင်ငံ ခရီးသွားလုပ်ငန်း မြှင့်တင်ရေးအတွက် ရင်းနှီးကျွမ်းဝင်မှုခရီးစဉ်(Familiarization Trip–FAM Trip) များကို အပြန်အလှန်စီစဉ်ဆောင်ရွက်ရေး၊ မြန်မာ-ရုရှားနှစ်နိုင်ငံ ပြည်သူများအတွက် အပြန်အလှန် ဗီဇာကင်းလွတ်ခွင့်ဆောင်ရွက်ရေး၊ နှစ်နိုင်ငံခရီးသွားပြပွဲများတွင် ပူးပေါင်းပါဝင်ပြသကြရေး၊ မြန်မာနိုင်ငံသို့ ရုရှားခရီးသွားဧည့်သည်များ ပိုမိုလာရောက်လည်ပတ်နိုင်ရေး၊ ပြည်ပသို့ခွင့်ရက်ရှည်ဖြင့် အပန်းဖြေခရီးသွားရောက်ကြသော ရုရှားနိုင်ငံသားအစိုးရဝန်ထမ်းများကို မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်နိုင်စေရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးနှင့် ရုရှားနိုင်ငံမှရင်းနှီးမြှုပ်နှံသူများ မြန်မာနိုင်ငံ ဟိုတယ်နှင့်ခရီးသွားကဏ္ဍတွင် လာရောက်ရင်းနှီးမြှုပ်နှံရေးတို့ကို ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲအပြီးတွင် ပြည်ထောင်စုဝန်ကြီးသည် ဖိုရမ်အတွင်း လှည့်လည်ကြည့်ရှုကာ မြန်မာနိုင်ငံ ဟိုတယ်လုပ်ငန်းကဏ္ဍတွင် ရင်းနှီးမြှုပ်နှံလိုသော Cosmos Hotel Group နှင့် BN Group တို့မှ ရုရှားနိုင်ငံသားရင်းနှီးမြှုပ်နှံသူများနှင့်တွေ့ဆုံပြီး မြန်မာနိုင်ငံ၏သာယာလှပသောကမ်းခြေများနှင့် ခရီးသွားဆွဲဆောင်မှုများ၊ ရင်းနှီးမြှုပ်နှံနိုင်မည့်အခွင့်အလမ်းများ၊ ကနဦးစီမံကိန်း(Pilot Project)အဖြစ် လာရောက်ဆောင်ရွက်လိုပါက ကူညီဆောင်ရွက်ပေးမည့်အစီအစဉ်များကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနက မော်စကိုမြို့ရှိ DOM VISHNEVSKY စင်တာ၌တည်ခင်းညှော်ခံသည့် "The Russian Manor: A Celebration of Customs" ညစာစားပွဲအခမ်းအနားသို့တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

မြဝတီ

**အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ဟိုပုံးမြို့နယ်၌ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်စေရေး မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုး

ဟိုပုံး ဇွန် ၁၁

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ် နမ့်ဖော်ဟွန်းကျေးရွာအနီး၌ ၂၀၂၅ ခုနှစ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇွန်လ ၁၁ ရက်က ကျင်းပသည်။

ရှေးဦးစွာ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ရဲထွေးက အမှာစကားပြောကြားရာတွင် ၂၀၂၅ ခုနှစ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်စေရန်၊ သစ်တောသယံဇာတများရေရှည်တည်တံ့စေရန်၊ ဂေဟစနစ်ထိန်းသိမ်းနိုင်စေရန်၊ သစ်တောထိန်းသိမ်းရေးလုပ်ငန်းတွင် ပြည်သူများ တက်ကြွစွာပူးပေါင်းပါဝင်လာစေရန်ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ မြို့နယ်သုံးမြို့နယ်၌ သစ်တောဦးစီးဌာနမှ ယခုနှစ်မိုးရာသီတွင် စိုက်ပျိုးရန် ပျိုးပင်ပေါင်း ၁၈၀၇၁၀ ပျိုးထောင်ထားရှိကြောင်း၊ အင်းလေကန်ရေဝေရေလဲထိန်းသိမ်းရေးစီမံကိန်း၊ မြန်မာနိုင်ငံ သစ်တောများပြန်လည်တည်ထောင်ရေးစီမံကိန်း၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောတည်ထောင်ခြင်း၊ ကွက်လပ်ဖြည့်စိုက်ပျိုးခြင်း၊ ကျေးရွာထင်းစိုက်ခင်းတည်ထောင်ခြင်း၊ သဘာဝတောတန်ဖိုးမြှင့်စိုက်ပျိုးခြင်းလုပ်ငန်းများအတွက် ပျိုးပင်ပေါင်း ၁၀၆၆၀၀ စိုက်ပျိုးပြီးစီးခဲ့ပြီး ကျန်ပျိုးပင်များကို အခမဲ့ဖြန့်ဝေပေးမည်ဖြစ်ကြောင်း၊ ယခုနှစ်မိုးရာသီတွင် စိန်ပန်းပြာ၊ စိန်ပန်းနီ၊ ထင်းရှူး၊ မျောက်ငိုစသော သစ်မျိုးလေးမျိုး ပျိုးပင်ပေါင်း ၁၀၀၀ စိုက်ပျိုးမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးခွန်ရဲထွေးက စိုက်ပျိုးမည့်ပျိုးပင်များကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ထွန်းကိုလည်းကောင်း၊ သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများကိုလည်းကောင်း အသီးသီးပေးအပ်သည်။

ယင်းနောက် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ရဲထွေးနှင့်အဖွဲ့ဝင်များ၊ ဒေသ/မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများက မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးခဲ့ကြောင်း သိရသည်။

**ပအိုဝ်းဒေသ(ပြန်/ဆက်)**

## ရွှေတောင်မြို့နယ် အခြေခံပညာမူလတန်းကျောင်း၌ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲကျင်းပ

ရွှေတောင် ဇွန် ၁၁

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ရွှေတောင်မြို့နယ် ဆည်ကြီးကုန်းကျေးရွာအုပ်စု ဖိုးခေါင်အခြေခံပညာမူလတန်းကျောင်း၌ ဇွန်လ ၁၀ ရက်က မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနနှင့် တိုင်းရင်းဆေးကုဌာနတို့ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပသည်။



ရှေးဦးစွာ ကျောင်းအုပ်ဆရာကြီး ဦးတင့်လွင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ငြိမ်းငြိမ်းသန့်က ကျောင်းသား၊ ကျောင်းသူများအား လူငယ်နှင့်ရည်မှန်းချက်၊ စာဖတ်ခြင်း၏အကျိုးကျေးဇူးများ၊ လူကုန်ကူးမှုတားဆီးရေး၊ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးနှင့် ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာများကို အသိပညာပေးဆွေးနွေးဟောပြောသည်။ ဆက်လက်၍ မြို့နယ်စားသုံးသူရေးရာဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ခင်မာချောစုကြည်က စားသုံးသူ၏အခွင့်အရေး၊ ကုန်ညွှန်းအမှတ်အသားရှစ်ချက်၊ မြို့နယ်တိုင်းရင်းဆေးကုဌာန မြို့နယ်တိုင်းရင်းဆေးမှူး ဒေါ်နီလာမြင့်က မိုးရာသီတွင်ဖြစ်ပွားတတ်သော သွေးလွန်တုပ်ကွေးရောဂါအကြောင်းကို ဆွေးနွေးဟောပြောသည်။

ယင်းနောက် အခမ်းအနားတက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများက မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ်နံရံကပ်စာစောင်၊ မူးယစ်ဆေးဝါးအန္တရာယ်အသိပညာပေးနံရံကပ်စာစောင်၊ ကလေးအလုပ်သမားပပျောက်ရေး နံရံကပ်စာစောင်များကို စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

**ကိုကိုမင်း(ပြန်/ဆက်)**

## သရက်မြို့၌ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအသိပညာပေးဟောပြော


သရက် ဇွန် ၁၁

မကွေးတိုင်းဒေသကြီး သရက်ခရိုင် သရက်မြို့ ခရိုင်အစည်းအဝေးခန်းမ၌ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအသိပညာပေးဟောပြောပွဲကို ဇွန်လ ၁၁ ရက်တွင် ကျင်းပသည်။

ရှေးဦးစွာ သရက်ခရိုင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (CPU) ခေါင်းဆောင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြတ်ထွန်းဦးက အဖွင့်အမှာစကားပြောကြားပြီး သရက်ခရိုင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့(CPU) အဖွဲ့ဝင် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးတင်လှိုင်က လူမှုကွန်ရက်ပေါ်တွင် သတင်းတုများဖော်ပြလျှင် ဥပဒေအရ အရေးယူဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ပြောကြားကာ သရက်ခရိုင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့(CPU)အဖွဲ့ဝင် ခရိုင်ဥပဒေအရာရှိ ဦးလှမြင့်က အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာဥပဒေများနှင့်ပတ်သက်၍ ပြောကြားသည်။

ထို့နောက် သရက်ခရိုင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (CPU) အဖွဲ့ဝင် ခရိုင်စာရင်းစစ်အရာရှိ ဒုတိယညွှန်ကြားရေးမှူးဦးခင်ဇော်၊ သရက်ခရိုင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (CPU) အဖွဲ့ဝင် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးစိုင်းသန်းလှိုင်၊ သရက်ခရိုင်အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (CPU) အဖွဲ့ဝင် ပြည်တွင်းအခွန်များဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ရည်လေးမွန်၊ သရက်ခရိုင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (CPU) အဖွဲ့ဝင် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးမင်းမင်းစိန်တို့က အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးနှင့်ပတ်သက်၍ အသီးသီးဆွေးနွေးကြပြီး တက်ရောက်လာကြသူများက သိလိုသည်များမေးမြန်းရာ သက်ဆိုင်သည့်ကဏ္ဍအလိုက် တာဝန်ရှိသူများက ဖြေကြားပေးကြောင်း သိရသည်။

**ဇော်ထက်(သရက်)**




## မင်းဘူး(စကု)မြို့နယ်၌ ရေဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးလုပ်ငန်းများဆောင်ရွက်

မင်းဘူး ဇွန် ၁၁

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု) မြို့နယ်၌ ဧရာဝတီမြစ်ရေ မြင့်တက်လာပြီဖြစ်သောကြောင့် ဒေသခံပြည်သူများ ရေဘေးအန္တရာယ်မှ ကြိုတင်ကာကွယ်နိုင်ရန် အသိပညာပေးလုပ်ငန်းများကို ဇွန်လ ၁၀ ရက်က မြို့နယ်အတွင်းရှိ ကျေးရွာများ၌ ဆောင်ရွက်ကြသည်။

ထိုသို့အသိပညာပေးရာတွင် ဧရာဝတီမြစ်ရေသည် တဖြည်းဖြည်းမြင့်တက်လာပြီဖြစ်၍ ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လာပါက လုပ်ဆောင်ရမည့်အချက်များ၊ ဆောင်ရန်၊ ရှောင်ရန်အချက်များကို သိရှိစေရန် ရေဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးနှိုးဆော်ခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို မင်းဘူးခရိုင် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနနှင့် ဌာနဆိုင်ရာများ ပူးပေါင်းအဖွဲ့က မြေနိမ့်ပိုင်းကျေးရွာများဖြစ်သော ထုံးမကြီး၊ နိဗ္ဗာန်ကျွန်း၊ သနပ္ပင်စု၊ ကျောင်းကုန်းကျေးရွာများသို့ လှည့်လည်နှိုးဆော်ကြသည်။

အဆိုပါ အသိပညာပေးဆောင်ရွက်ခြင်းကို ခရိုင်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ကေသွယ်ဝင်းမှ ဦးဆောင်၍ မီးသတ်တပ်ဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့နှင့် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ ပူးပေါင်းအဖွဲ့က ရေဘေးအန္တရာယ်နှင့် ပတ်သက်၍ ပြည်သူများ သိရှိလိုက်နာဆောင်ရွက်ရမည့်အချက်များ၊ ရေကြီးခြင်းမဖြစ်ခင်နှင့် ရေကြီးခြင်းဖြစ်ပေါ်နေချိန်တွင် လုပ်ဆောင်ရမည့်အချက်များကို နှိုးဆော်ကာ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးကြောင်း သိရသည်။

**ဇေယျာနိုင်(ရွှေကန်မြေ)**

# စီးပွားဖြစ် ပြည်ပပို့ကုန်နှစ်ရှည်ပင်သရက်စိုက်ပျိုးမည်ဆိုလျှင်

## ကိုကျော်စွာ(ကျိုက်ပိ)



သရက်သီးသည် လူမျိုးမရွေးဘာသာမရွေးစားသုံးသောအသီးဖြစ်ပြီး ရာသီစာအသီးတစ်မျိုးဖြစ်သည်။ သရက်သီးကို လူကြိုက်လည်းများသည်။ သရက်သီးမကြိုက်သူက အလွန်ရှားပါးသည်။ ဆီးချိုရှိသူနှင့် သရက်သီးဓာတ်မတည့်သူလောက်သာ သရက်သီးကိုရှောင်ကြသည်။ ထို့ကြောင့် ရှေးလူကြီးများက "အသီးမှာ သရက်"ဟု ဆိုရိုးပြုကြဟန်တူသည်။ သရက်သီးသည် ရာသီပေါ်အသီးတစ်မျိုးဖြစ်သော်လည်း ယခုအခါ ရာသီမရွေးဝယ်ယူစားသုံးနိုင်သော အသီးဖြစ်လာသည်။ တချို့သရက်သီးများဆိုလျှင် ရာသီကုန်သွားသော်လည်း ဈေးကွက်မှာ ဝယ်ယူရရှိနိုင်သည်။ သို့သော် ဈေးကြီးလှသည်။ သရက်သီးကို အစိမ်းစားကြသည်။ အမှည့်အဖြစ်လည်းစားကြသလို သရက်ယို၊ သရက်ပျဉ်၊ သရက်သီးသနပ် စသည်ဖြင့် အမျိုးမျိုးပြုလုပ်စားသုံးကြသည်။ ယနေ့ခေတ်မှာသရက်သီးသည် ဈေးကွက်ရှိသောအသီးတစ်မျိုးဖြစ်လာသလို ဈေးကောင်းသောအသီးတစ်မျိုးလည်းဖြစ်လာသည်။ ထို့ကြောင့် နှစ်ရှည်ပင်ဖြစ်သောသရက်သီးကို စီးပွားဖြစ်စိုက်ပျိုးသင့်သည်။ နှစ်ရှည်ပင်အသီးတစ်မျိုးဖြစ်သောသရက်ကို စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်းများဖြင့်စိုက်ပျိုးရာတွင် သိသင့်သည်များကိုလေ့လာတင်ပြသွားမည်ဖြစ်သည်။

### သရက်ပင်၏မူရင်းဒေသနှင့်သရက်မျိုးများ

သရက်ပင်၏မူရင်းဒေသကို အိန္ဒိယနိုင်ငံ၊ အရှေ့တောင်အာရှနှင့် မြန်မာနိုင်ငံဟုသတ်မှတ်ထားကြသည်။ သရက်ပင်ကို လွန်ခဲ့သောနှစ်ပေါင်း ၄၀၀၀ ကျော်လောက်ကတည်းက စားသုံးရန်အတွက်လည်းကောင်း၊ အခြားသောအသုံးအဆောင်နှင့်စားဖွယ်များပြုလုပ်ရန်အတွက်လည်းကောင်းစိုက်ပျိုးခဲ့ကြသည်။ သရက်သီး၏ သိပ္ပံအမည်မှာ Mangiferaindica ဖြစ်ပြီး မျိုးရင်းမှာ Anacardiaceae ဖြစ်သည်။ အင်္ဂလိပ်လို Mango ဟုခေါ်သည်။ သရက်မျိုးအများအပြားရှိသည်။ စာရေးသူသိသလောက်ကိုဖော်ပြပါမည်။ မစိုးမင်းသရက်၊ ရင်ကွဲသရက်၊ မချစ်စုသရက်၊ နို့ဆီသရက်၊ စိမ်းစားသရက်၊ ပါးနီသရက်၊ ဒူးရင်းသရက်၊ စိန်တစ်လုံးသရက်၊ ရွှေဟင်္သာ၊ ပတ္တမြားငမောက် စသည်ဖြင့်အမျိုးမျိုးရှိသည်။ အခြားသရက်မျိုးများလည်းရှိနိုင်သေးသည်။ ယနေ့မြန်မာနိုင်ငံတွင် လူသိများသောသရက်မျိုးမှာ စိန်တစ်လုံးသရက်ဖြစ်သည်။ သရက်သီးကို မြန်မာနိုင်ငံ၏ ပင်လယ်ရေမျက်နှာပြင်အနိမ့်အမြင့်၊ အီကွေတာအနီးအဝေး စသည်တို့မှာ သဘာဝအလျောက်သော်လည်းကောင်း၊ စိုက်ပျိုး၍သော်လည်းကောင်းဖြစ်ထွန်းသည်။ သရက်မျိုးပေါင်း ၃၀၀ ခန့်ရှိကြောင်းသိရသည်။ နိုင်ငံ ၆၄ နိုင်ငံမှ သရက်မျိုးပွားပေါင်း ၁၅၉၅ မျိုးခန့်ရှိကြောင်းလည်းသိရသည်။ သရက်သီးကို စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်းများဖြင့်စိုက်ပျိုးထုတ်လုပ်ရာတွင် လုပ်ဆောင်သင့်သည်များကို ဆက်လက်ဖော်ပြသွားမည်ဖြစ်သည်။

### စိုက်ပျိုးမြေနှင့်ရာသီဥတု

နှစ်ရှည်ပင်ဖြစ်သည့်အတွက် စိုက်ပျိုးမြေရွေးချယ်ခြင်းသည် အရေးကြီးသောအချက်ဖြစ်သည်။ စိုက်ပျိုးမြေသည် ဇီဝနှင့်ဓာတုဆိုင်ရာအန္တရာယ်ရှိသည့်မြေမျိုးမဖြစ်ရပါ။ ထိုမြေမျိုးဖြစ်ပါက စိုက်ပျိုးမည့်အပင်သည် ရှင်သန်မှုရှိမည်မဟုတ်ပေ။ သရက်စိုက်ပျိုးမည့်မြေသည် ရေစိမ့်ဝင်မှုကောင်းသောမြေမျိုးဖြစ်ရမည်။ မြေချဉ်ငန်ကိန်းသည် ၅ ဒသမ ၅ မှ ၇ ဒသမ ၅ အတွင်းဖြစ်ရမည်။ သရက်ပင်စိုက်ပျိုးမည့်မြေသည် မြေအောက်ရေမျက်နှာပြင် မြေအနက် ၆ ပေ အောက်ရှိခြင်းကို နှစ်သက်သည်။ ရာသီဥတုအနေဖြင့် သရက်ပင်သည်ပူအိုက်စွတ်စိုသောရာသီဥတု၊ သမပိုင်းရာသီတို့ကို နှစ်သက်သည်။ အပူချိန်မှာ ပျမ်းမျှ ၃၂ ဒီဂရီစင်တီဂရိတ်၊ ညအပူချိန် ၁၀ မှ ၁၅ အကြားနှင့် မိုးရေချိန်လက်မ ၃၀ မှ ၁၀၀ ခန့်ရှသောဒေသများ၌ ပိုဖြစ်ထွန်းရှင်သန်သည်။ ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေ ၄၀၀၀ အထိစိုက်ပျိုးနိုင်သလို ပင်လယ်ရေမျက်နှာပြင် ပေ ၂၀၀၀ အောက်ဒေသများမှာလည်းစိုက်ပျိုးနိုင်ကြောင်းသိရသည်၊ ထို့ပြင်အမြင့်ပေ ၂၀၀၀ အထက်မြင့်သောဒေသများမှာ စီးပွားဖြစ်မစိုက်ပျိုးသင့်ဟုဆိုသည်။ ရေဝပ်သည့်မြေမျိုးမှ လုံးဝမစိုက်ပျိုးသင့်ပါ။

ထို့ပြင် စိုက်ပျိုးမည့်ဒေသသည် တစ်နှစ်လျှင် ငါးလ၊ ခြောက်လခန့် ခြောက်သွေ့ရန်လည်းလိုအပ်သည်။

### မျိုးရွေးချယ်ခြင်းနှင့်ပျိုးထောင်ခြင်း

သရက်ပင်သည် နှစ်ရှည်ပင်ဖြစ်သည့်အတွက် စတင်စိုက်ပျိုးတော့မည်ဆိုလျှင် မျိုးကောင်းမျိုးသန့်ကို ရွေးချယ်စိုက်ပျိုးဖို့လိုသည်။ စိုက်ပျိုးမည့်ဒေသ၊ ရေ မြေနှင့်ကိုက်ညီပြီး ပိုးမွှားရောဂါကင်းရှင်းရမည်။ အရည်အသွေးကောင်းပြီး ဈေးကွက်ဝင်သောမျိုးကိုရွေးချယ်စိုက်ပျိုးသင့်သည်။ သရက်ပင်ကို အစေ့မှလည်းကောင်း၊ ကိုင်းကူး၍လည်းကောင်း စိုက်ပျိုးနိုင်သည်။ ပျိုးထောင်ရာတွင် သရက်သီးမျိုးကောင်း၊ မျိုးသန့်၊ ပိုးမွှားရောဂါကင်းရှင်းသောအသီးမှ အစေ့ကိုယူ၍ပျိုးထောင်ရမည်။

### သရက်ပင်ကိုင်းဆက်မျိုးပွားနည်း

အထက်ဖော်ပြပါအတိုင်း အစေ့ကိုပျိုးထောင်မစိုက်ဘဲ ကိုင်းဆက်မျိုးပွား၍လည်းစိုက်ပျိုးနိုင်သည်။ ကိုင်းဆက်မျိုးပွားရာတွင် မျိုးပွားနည်းသုံးနည်းရှိသည်။

၁။ **သစ်နုပိုင်းကိုင်းဆက်ခြင်း** – သစ်နုပိုင်းကိုင်းဆက်မည်ဆိုပါလျှင် ကိုင်းဆက်မည့်အပင်သည် သက်တမ်းတစ်နှစ်သားအရွယ်ဖြစ်ရမည်။ တစ်နှစ်သားအရွယ်အောက်ခံပင်အဖြစ်အသုံးပြုလျှင် အညွန့်သစ်ထွက်ပြီး အရွက်ကြေးနီရောင်ပြောင်းလျှင် သစ်နုပိုင်းကိုင်းဆက်ရန်အကောင်းဆုံးဖြစ်သည်။ အဖူးကိုင်းအတွက်မူ သက်တမ်း ၃-၄ လရှိသောအကိုင်းကို အသုံးပြုရမည်။ အဖူးကိုင်းမှအရွက်ပြားများကို ကိုင်းမဆက်မီတစ်ပတ်ကကြိုတင်ဖြတ်ပေးပါ။ ထို့နောက် အောက်ခံပင်၏အညွန့်အဖျားပိုင်းကိုဖြတ်ပြီး အဖူးကိုင်းကိုသပ်သွင်းဆက်နည်းဖြင့် အောက်ခံပင်ပေါ်တွင်ဆက်ပေးရမည်။ ကိုင်းဆက်ထားသည့်နေရာကို ပလတ်စတစ်ဖြင့်ပတ်ပေးထားပါ။

၂။ **ဘေးတိုက်ပါးချင်းအပ်ကိုင်းဆက်နည်း** – ဤနည်းဖြင့် ကိုင်းမျိုးပွားမည်ဆိုလျှင် အဖူးကိုင်းသည် သုံးလသားရှိပြီး အဖူးကိုင်းနိုးကြားစေရန် သစ်နုကိုင်းနည်းမှာကဲ့သို့ အရွက်ပြားများကိုဖြတ်ပေးထားရသည်။ ထို့နောက်အောက်ခံပင်စည်ကို အလျား ၅ စင်တီမီတာခန့်စောင်း၍အခေါက်နှင့်အသားအနည်းငယ်ပြတ်အောင် အတွင်းဘက်သို့စိုက်လှီးပေးရမည်။ ထို့နောက်ပထမဓားချက်အဆုံး အထက်နားလောက်တွင်အထစ်ကျန်စေရန် ဒုတိယဓားချက်လှီးခြင်းဖြင့် အောက်ခံပင်မှ အခေါက်နှင့်အသားစကို ဖယ်ထုတ်ပါ။ အဖူးကိုင်းအပင်ကိုလည်းအောက်ခံပင်ဖြတ်သည့်အတိုင်း ဖြတ်ပေးပါ။ ထို့နောက် အောက်ခံပင်နှင့်အဖူးကိုင်းကို ပါးချင်းအပ်ဆက်ပြီး ၁ ဒသမ ၅ စင်တီမီတာအပြားရှိသောကြိုးဖြင့်တင်းကျပ်အောင်ချည်ပေးရမည်။ အဖူးကိုင်းအဖျားမှအညွန့်သစ်များထွက်လာပြီး သုံးပတ်အကြာ အောက်ခံပင်အပေါ်ပိုင်းကိုဖယ်ရှားဖြတ်တောက်ပါ။ နှစ်လသုံးလကြာမှ ချည်ထားသောပလတ်စတစ်ကြိုးကိုဖယ်ပါ။

၃။ **အစေ့အညှောက်ကိုင်းဆက်ခြင်း** – ဤနည်းဖြင့်ကိုင်းဆက်မည်ဆိုပါက အစေ့မှအညှောက်ပေါက်ပြီး ၄-၈ ရက်သားအပင်ကို အောက်ခံပင်အဖြစ် အသုံးပြုရသည်။ သင့်လျော်သောလုံးပတ်ရှိသည့် အဖူးကိုင်းကို ကြိုတင်အရွက်ခြွေထားရမည်။ ထို့နောက် သစ်နုပိုင်းကိုင်းဆက်နည်းသို့မဟုတ် ဘေးတိုက်ပါးချင်းအပ်ကိုင်းဆက်နည်း တစ်နည်းနည်းကို အသုံးပြု၍ကိုင်းဆက်နိုင်သည်။

### သရက်ပင်စိုက်နည်းစနစ်

သရက်စတင်စိုက်ပျိုးတော့မည်ဆိုလျှင် စိုက်ပျိုးမည့်နေရာကို မိုးမကျမီမတ်လ၊ ဧပြီလလောက်ကတည်းက ကြိုတင်ပြုပြင်မှုများပြုလုပ်ရမည်။ မြေပြင်ခြင်း၊ မြေအနေအထားအရ ရေသွင်း၊ ရေထုတ်ပြုလုပ်နိုင်မည့် ရေနုတ်မြောင်းများကို ပြုလုပ်ထားရမည်။ စိုက်ပျိုးမြေအမျိုးအစား၊ လေဝင်လေထွက်ကောင်းစေရန် သင့်လျော်သောပင်ကြား၊ တန်းကြားဖြင့် ကျင်းတူး၍စိုက်ပျိုးရမည်။ စိုက်ကျင်းအရွယ်အစားမှာမူ ၂ ပေ ပတ်လည်ဖြစ်သည်။

- ပင်ကြားပေ ၃၀၊ တန်းကြားပေ ၃၀ စိုက်မည်ဆိုလျှင် တစ်ဧကကို ၄၈ ပင်ဝင်ဆံ့သည်။
- ပင်ကြားပေ ၂၀၊ တန်းကြားပေ ၂၀ စိုက်မည်ဆိုလျှင်တစ်ဧကကို ၁၀၈ ပင်ဝင်ဆံ့သည်။
- ပင်ကြား ၁၅ ပေ၊ တန်းကြား ၁၅ ပေစိုက်မည်ဆိုလျှင် တစ်ဧကကို ၁၉၃ ပင်ဝင်ဆံ့သည်။ သတိပြုရမည့်အချက်မှာ သရက်ပင်သည် ကိုင်းဖြာထွက်သောအပင်မျိုးဖြစ်သဖြင့် ခပ်စိပ်စိပ်စိုက်မည်ဆိုပါက အပင်ငယ်စဉ်ကပင် ကိုင်းဖြတ်ပုံသွင်းပေးဖို့လိုအပ်သည်။

စိုက်ကျင်းအတွင်းသို့ နွားချေးရှစ်ပြည်၊ ကျောက်မှုန့်နို့ဆီဘူးလေးဘူး၊ ပိုတက်နို့ဆီဘူးတစ်ဘူး၊ စပါးခွံရှစ်ပြည်တို့ကို အပေါ်ယံမြေနှင့်ရော၍ ဖို့ပေးရမည်။ အပင်များကိုစိုက်ပျိုးရာတွင် ညနေပိုင်း၌သာစိုက်ပျိုးရမည်။

### ပေါင်းမြက်နှိမ်နင်းခြင်းနှင့်ရေသွင်းခြင်း

ပေါင်းမြက်ကိုမူ အပင်ပတ်ဝန်းကျင်အပေါ်မူတည်၍ ရှင်းလင်းပေးသင့်သည်။ အပင်ပတ်ဝန်းကျင်၌ ပေါင်းမြက်ထူလာပါက ရှင်းလင်းပေးရမည်။ ပေါင်းသတ်ဆေးမကြာခဏအသုံးပြုခြင်းကို ရှောင်ကြဉ်ရမည်ဖြစ်သည်။ ရေသွင်းရာတွင်မြေအနေအထားကိုကြည့်ရမည်။ ပထမအကြိမ်ရေပေးသွင်းခြင်းကို သရက်သီးကင်းဝင်ချိန်ဆောင်ရွက်ပါ။ ဒုတိယအကြိမ်ရေပေးသွင်းခြင်းကို ပထမအကြိမ်ရေပေးသွင်းပြီး တစ်လအကြာမှာ ပေးသွင်းရမည်။ ထိုအချိန်၌ သရက်သီးသည် ပေသီးလုံးအရွယ်ခန့်ဖြစ်နေသည်။ တတိယအကြိမ်ရေပေးသွင်းခြင်းကို ဒုတိယအကြိမ်ရေသွင်းပြီး ရက် ၂၀-၃၀ သရက်သီးမရင့်မီပေးသွင်းရမည်။ ရေပေးသွင်းရာတွင်သတိပြုရမည့်အချက်မှာ သရက်ပန်းပွင့်ချိန်နှင့်သရက်သီးမခူးမီ တစ်လအလိုတွင် ရေသွင်းခြင်းမပြုလုပ်ရပါ။ အပင်ငယ်စဉ် နွေရာသီလိုအခါမျိုး၌ နှစ်ပတ်တစ်ကြိမ်ရေသွင်းပေးရသည်။ အထူးသဖြင့် သရက်သီးကင်းဝင်ပြီး လေးပတ်မှ ခြောက်ပတ်အကြာ ရေအလိုအပ်ဆုံးအချိန်ဖြစ်သည်ကို သတိပြုဖို့လိုသည်။

### သက်တမ်းအလိုက်မြေဩဇာကျွေးခြင်း

မြေဩဇာကျွေးရာတွင် အသီးမတင်သေးသည့်အပင်အတွက် မြေဩဇာနှင့် အသီးသီးလျက်ရှိနေသောအပင်အတွက်မြေဩဇာဟူ၍ ခွဲထားသည်။ တစ်နှစ်သားအရွယ်သရက်ပင်ငယ်များအတွက် ယူရီးယား ၁၇၀ ဂရမ်၊ စူပါဖော့စဖိတ် ၁၁၂ ဂရမ်၊ ပိုတက်ဆီယမ်ကလိုရိုက် ၁၁၄ ဂရမ်နှုန်း ကျွေးပေးရသည်။ ဓာတ်မြေဩဇာကို အပင်သက် ၁၀ နှစ်အထိ ပထမနှစ်ကျွေးသည့်နှုန်းထားကို ဆတိုးထည့်သွင်းပေးရကြောင်း သိရသည်။ အသီးသီးနေသောအပင်များအတွက် ဇွန်၊ ဇူလိုင်လတို့တွင် N P K ထည့်ရမည့်ပမာဏအတိုင်းထည့်ပေးပါ။ N ၁၇၀ ဂရမ်၊ P2O2 ၁၈၀ ဂရမ်၊ K2O ၆၈၀ ဂရမ်ကို နှစ်ကြိမ်ခွဲကျွေးပေးရမည်။

အပင်သက်တမ်းအလိုက်မြေဩဇာကျွေးနှုန်းကိုလည်းဖော်ပြပါမည်။

ပင်သက်/သဘာဝမြေဩဇာ/ N. / Ph. / P

- ၁နှစ်သား – ၅. – ၁၀၀– ၅၀. – ၁၀၀
- ၂ နှစ်သား – ၁၀. – ၂၀၀–၁၀၀ – ၂၀၀
- ၃ နှစ်သား – ၁၅. – ၃၀၀ – ၂၀၀ – ၃၀၀
- ၄ နှစ်သား – ၂၀. – ၄၀၀ – ၃၀၀ – ၄၀၀
- ၅ နှစ်သား – ၂၅. – ၅၀၀ – ၄၀၀ – ၅၀၀
- ၆ နှစ်သား – ၃၀. – ၆၀၀ – ၅၀၀ –၆၀၀
- ၇ နှစ်သား – ၃၅. – ၇၀၀ – ၆၀၀ – ၇၀၀
- ၇ နှစ်သားအထက် – ၅၀. – ၁၀၀၀ – ၅၀၀ – ၁၀၀၀

အထက်ဖော်ပြပါသက်တမ်းအလိုက်အစာကျွေးနှုန်းများတွင် သဘာဝမြေဩဇာသည်ကီလိုဂရမ်ဖြစ်ပြီး နိုက်ထရိုဂျင်(N)၊ ဖော့စဖောရပ်(Ph) နှင့်ပိုတက်ဆီယမ်(P)သည် ဂရမ်ဖြစ်သည်။

**စာမျက်နှာ ၈ သို့** ●

● စာမျက်နှာ ၇ မှအဆက်

## ဖျက်ပိုးနှင့်ရောဂါများ

သရက်ပင်၌ ဖျက်ပိုးများ ကျရောက်တတ်သည်။ သီးထိုးယင်၊ အစေ့ထိုးပိုး၊ အသားထိုးပိုး၊ ပင်စည်ထိုးပိုး၊ ဖြုတ်ပိုး၊ အကြေးပိုးနှင့် ပိုးစေးနဲ့တို့ဖြစ်သည်။ သီးထိုးယင်သည် သရက်သီးမှည့်ကို ဖျက်ဆီးတတ်သည်။ ထိုပိုးကျပါက အသီးအရောင်ပျက်ခြင်း၊ အက်ကွဲခြင်း၊ အနာကွက်များဖြစ်ခြင်း စသည့်လက္ခဏာများတွေ့ရတတ်သည်။ ထိုအခါ ထိသေဆေးတစ်မျိုးမျိုးကိုအညွှန်းအတိုင်း အသုံးပြုပါ။ အစေ့ထိုးပိုးသည် သီးကင်းချိန်မှစ၍ ခူးဆွတ်ချိန်အထိ ကျရောက်တတ်သည်။ လက္ခဏာမှာ သေးငယ်မည်းနက်သော မျဉ်းကွေးပုံသဏ္ဌာန်အစက်များအသီးပေါ်တွင်တွေ့ရတတ်သည်။ ထိုအခါ ထိသေပိုးသတ်ဆေးကိုအညွှန်းအတိုင်းအသုံးပြုပေးရမည်။ ပင်စည်ထိုးပိုးသည် သရက်ပင်အတွက် အလွန်အန္တရာယ်များသောပိုးဖြစ်သည်။ အပင်ခြောက်၍သေခြင်း၊ အကိုင်းခြောက်ခြင်း ဖြစ်တတ်သည်။ ထိုအခါ အသီးအထွက်လျော့နိုင်သည်။ ထိုပိုးကျပါက ပိုးကျသောကိုင်းကိုဖြတ်ပါ။ ပိုးသတ်ဆေးနှင့်ထုံးရော၍ ပင်စည်ကိုသုတ်ပေးရမည်။ သရက်ပင်ရောဂါများမှာ မှည့်ပြောက်စွန်းရောဂါ၊ ပန်းခိုင်ခြောက်ရောဂါ၊ ကိုင်းဖျားခြောက်ရောဂါ၊ ဖားဥမှိုရောဂါ၊ မီးခိုးရောင်ရွက်ပြောက်ရောဂါ စသည်တို့ဖြစ်သည်။

မှည့်ပြောက်စွန်းရောဂါသည် အရွက်နုထွက်ချိန်၊ ပန်းခိုင်ထွက်ချိန်နှင့်အသီးခူးပြီးချိန်၊ ပူပြင်းစိုစွတ်ချိန်တို့မှာဖြစ်တတ်သည်။ အရွက်၊ အကိုင်း၊ အသီးတို့တွင်ရွက်ခြောက်လက္ခဏာများတွေ့ရသည်။ ထိုအခါ ဓာတုမှိုသတ်ဆေးတစ်မျိုးမျိုးဖျန်းပေးရသည်။ ဖားဥမှိုရောဂါသည် ပွင့်ပိုင်းများမှ အဓိကဝင်ရောက်သည်။ ထိုအခါ အသီးတင်နှုန်းကိုထိခိုက်စေသည်။ အရွက်ပေါ်တွင် အဖြူသို့မဟုတ် မီးခိုးရောင်မှိုမှျင်ကွက်များ ဖြစ်ပေါ်နေတတ်သည်။ ထိုအခါ သင့်လျော်ရာဓာတုဆေးတစ်မျိုးမျိုးဖျန်းပေးရမည်။

## သရက်သီးထုတ်ကုန်နှင့်ပြည်ပပို့ကုန်သရက်သီး

သရက်သီးသည်ဈေးကွက်ဝင်သောအသီးဖြစ်သည်။ ယနေ့ဈေးကွက်မှာလည်း ဈေးကောင်းသည်။ သရက်ပင်က နှစ်ရှည်ပင်ဖြစ်သည့်အတွက် တစ်ခါစိုက်ပြီး တစ်သက်အကျိုးအမြတ်ရနိုင်သောအပင်မျိုးဖြစ်သည်၊ ၅-၁၀ နှစ်သားအပင်တစ်ပင်ကို အလုံး ၁၀၀ ခန့်သီးနိုင်ပြီး ၁၂ နှစ်သားတစ်ပင်လျှင် အလုံး ၅၀၀ မှ ၁၅၀၀ အထိ သီးနိုင်သည်။ ၂၀ နှစ်သားအထက်သရက်တစ်ပင်ဆိုလျှင် ၁၅၀၀ ခန့် သီးနိုင်သည်။ သရက်ပင်က သီးကင်းလေးများကြွေကျတတ်သည်။ ထိုသီးကင်းလေးများကိုကောက်ယူ၍ သရက်သီးဆားရည်စိမ်ပြုလုပ်၍ ရောင်းချသည်လည်းရှိသည်။ ထို့ပြင် သရက်သီးပိုးတီလှီး၍ သရက်ချဉ်ပြုလုပ်ပြီးလည်းရောင်းချကြသည်။ ထို့ပြင် သရက်သီးသနပ်၊ သရက်သီးယို၊ သရက်ပျဉ် စသည်ဖြင့် သရက်သီးထုတ်ကုန်များပြုလုပ်ရောင်းချခြင်းဖြင့်လည်း အကျိုးအမြတ်များရရှိနိုင်သည်။ ထို့ပြင် မြန်မာနိုင်ငံတွင် လူကြိုက်များသောစိန်တစ်လုံးသရက်လည်းရှိသည်။ လွန်ခဲ့သော သုံးလေးနှစ်လောက်က တစ်လုံး ၅၀၀ လောက်ပေးရသည်။ ယခုဆို ၁၀၀၀ ဝန်းကျင်လောက်ရှိမည်ထင်သည်။ ရုရှားစီးပွားရေးလုပ်ငန်းရှင်များက မြန်မာ့စိန်တစ်လုံးသရက်သီးနှင့်သရက်ခြောက်များကို ဝယ်ယူဖို့ကမ်းလှမ်းထားကြောင်း သတင်းစာတစ်စောင်မှာ ဖော်ပြထားသည်ကိုတွေ့ရသည်။ ထို့ကြောင့် မြန်မာ့စိန်တစ်လုံးသရက်သည် ပြည်ပဈေးကွက်ဝင်သရက်ဖြစ်သည်။ သရက်သီးသည် ယခင်ကလည်း ပြည်ပပို့ကုန်တစ်ခုဖြစ်ခဲ့သည်။ ၂၀၁၅-၂၀၁၆ လောက်က သရက်တန်ချိန်ထောင်ပေါင်း ၂ ဒသမ ၇၈ တန်တင်ပို့နိုင်ခဲ့ရာ ပြည်ပဝင်ငွေအမေရိကန်ဒေါ်လာ ၉ ဒသမ ၄၇ သန်းရရှိခဲ့သည်ဟု မှတ်သားခဲ့ရဖူးသည်။ စိန်တစ်လုံးသရက်ကိုလည်း နိုင်ငံခြားဈေးကွက်သို့တင်ပို့ရာ ၂၅၀ ဂရမ်၊ ၃၀၀ ဂရမ် အရွယ်အစားရှိ စိန်တစ်လုံးသရက်သီးတစ်တန်ကို ၁၂၅၀၀၀၀ ကျပ်ရရှိကြောင်း သိရသည်။ သရက်ထုတ်ကုန်အနေဖြင့် သရက်ပျဉ်ကိုရသည်။ ထိုခြံများမှ သရက်သီးစိမ်းများကိုဝယ်ယူ၍ သရက်ချဉ်ပြုလုပ်ရောင်းချသူများလည်းရှိသည်။ ထိုလုပ်ငန်းသည် မိသားစုတစ်နိုင်တစ်ပိုင်စီးပွားရေးဖြစ်သည်။

ယခုကာလပေါက်ဈေးများအရ သရက်သီးသည် ဈေးကောင်းသောအသီးဖြစ်သည်။ အထက်မှာလည်း သရက်တစ်ပင်မှ ရရှိနိုင်သောဝင်ငွေကို ပျမ်းမျှခန့်မှန်းတွက်ချက်ခဲ့ပြီးဖြစ်သည်။ ထို့ပြင် သရက်သီးသည် နှစ်ရှည်ပင်ဖြစ်သလို အကျိုးအမြတ်လည်း ရရှိနိုင်သောကြောင့် စီးပွားဖြစ်သရက်စိုက်ပျိုးမည်ဆိုလျှင် သိသင့်သည်များကို လေ့လာတင်ပြလိုက်ပါသည်။ ။

# နေ့သစ်နေခြည်

❖ အရှေ့ဆီဝယ်၊ မြင်ကွင်းကျယ်နှင့်
တင့်တယ်ထွန်းတောက်၊ အလင်းရောက်၍
မိုးသောက်ရောင်နီ လာချေပြီ။

❖ ရွှေနေခြည်လျှင်၊ သွေဖည်ရုန်းထွက်
မည်းနက်မှောင်မှိုင်း၊ ညဥ့်စက်ဝိုင်းကို
ကျော်ခိုင်းထွက်လာ၊ လင်းရောင်ဖြာ၍
ပြည်ရွာတစ်ခွင် အလှဆင်၏။

❖ ရွှေပြည်မြန်မာ၊ နေခြည်ဖြာလျှင်
သူငါနိုးကြား၊ စွမ်းပကားနှင့်
အင်အားသစ်သစ် ဖြစ်တော့သည်။

❖ ထက်ဝန်းဝေစည်၊ ရွှေနေခြည်လျှင်
ရွှင်ကြည်နိုးထ၊ လူ့လောကကို
လမ်းပြရှေ့ဆောင်နေတော့သည်။

❖ နေ့သစ်နေခြည်၊ ဆိုသည်မှာကား
မြန်မာပြည်ကျိုး၊ ဆောင်သယ်ပိုးသည့်
ကိုယ်ကျိုးစွန့်ကာ၊ အနစ်နာနှင့်
သစ္စာမယွင်း၊ ကာကွယ်ခြင်းဖြင့်
သတင်းကောင်းကျော် ပြည့်တပ်မတော်တည်း။

❖ သြော်...
မရှိမဖြစ်၊ နေခြည်သစ်သို့
မျိုးချစ်ဂုဏ်တည်၊ သူ့စွမ်းရည်ကြောင့်
ရွှင်ကြည်နိုးထ၊ စိတ်ချမ်းမြလျက်
လှပအားမာန် သစ်ချေ၏။ ။

**ချမ်းမြဆောင်း(ကလော)**

# ပေါင်မြို့နယ်၌ မုန်တိုင်းဘေးအန္တရာယ် ဇာတ်တိုက်လေ့ကျင့်ခြင်းဆောင်ရွက်



ပေါင် ဇွန် ၁၁

မွန်ပြည်နယ် ပေါင်မြို့နယ် မီးသတ်တပ်ဖွဲ့မှဦးဆောင်၍ သန္ဓေနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့ဝင်များ၊ ပြည်သူများပူးပေါင်းကာ ဇွန်လ ၁၀ ရက် နံနက်ပိုင်းတွင် မုန်တိုင်းဘေးအန္တရာယ် ဇာတ်တိုက်လေ့ကျင့်ခြင်းကို ဆောင်ရွက်သည်။

ထိုသို့ဇာတ်တိုက်လေ့ကျင့်ခြင်း ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးမြတ်ကိုကိုက မုန်တိုင်းဘေးအန္တရာယ်နှင့်ပတ်သက်သည့် မုန်တိုင်းမဖြစ်မီ၊ ဖြစ်ပွားနေစဉ်နှင့် ဖြစ်ပွားပြီးအချိန်တို့တွင် ဆောင်ရွက်ရမည့်အချက်များ၊ ဘေးအန္တရာယ်ကြုံတွေ့လာပါက ပြင်ဆင်ရန် လိုအပ်သည်များ၊ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရမည့် အခြေအနေများနှင့် သတိပြုရမည့်အချက်များ စသည်တို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်အတွင်းရှိ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် လူမှုကူညီရေးပရဟိတအဖွဲ့ဝင်များက မုန်တိုင်းဘေးအန္တရာယ်ကျရောက်လာပါက ဆောင်ရွက်ရမည့်လုပ်ငန်းများနှင့် ရှာဖွေကယ်ဆယ်ခြင်း၊ ထိခိုက်သူများအား ရှေးဦးပြုစုပြီး ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ မိမိတို့၏ ဘေးကင်းလုံခြုံရေး သတိပြုခြင်း၊ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းသုံးပစ္စည်းများအသုံးပြုခြင်း စသည်တို့ကို သရုပ်ပြသဇာတ်တိုက်လေ့ကျင့်ခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

(၄၀၆)

## MWD Education, Knowledge & Sports Channel

၁၂-၆-၂၀၂၅(ကြာသပတေးနေ့)

| | | | |
|---|---|---|---|
| ၁။ | ၀၇:၀၀-၀၈:၃၂ | Grade – 8 | မြန်မာစာ အပိုင်း(၁/၂)၊ အင်္ဂလိပ်စာ Unit(1) |
| ၂။ | ၁၅:၃၀-၁၇:၅၄ | Grade – 8 | အင်္ဂလိပ်စာ Unit(2)၊ သင်္ချာ(၁) အခန်း(၁/၂/၃) |
| ၃။ | ၁၇:၅၄-၁၉:၁၆ | Grade – 8 | သင်္ချာ(၂) အခန်း(၁)၊ ပထဝီဝင် အခန်း(၁/၂/၃/၄/၅) |
| ၄။ | ၁၉:၁၆-၂၀:၄၂ | Grade – 8 | သမိုင်း အခန်း(၁/၄)၊ သိပ္ပံ အခန်း(၁/၂/၃) |

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၂-၆-၂၀၂၅(ကြာသပတေးနေ့)

| | | |
|---|---|---|
| ၁။ | ၀၆:၀၀ | တရားတော်<br>ကိုယ်လက်လှုပ်ရှားအားကစား |
| ၂။ | ၀၈:၀၀ | မောင်မယ်လေးများသိစေချင် |
| ၃။ | ၀၉:၀၀ | ကျန်းမာသုတ |
| ၄။ | ၁၁:၀၀ | ပြည်သူ့ကြားက ပြည်သူ့စကား |
| ၅။ | ၁၂:၀၀ | ရှေးမြန်မာမင်းများ၏ခေါင်းဆောင်မှု<br>သီချင်းလက်ဆောင် |
| ၆။ | ၁၃:၀၀ | ဝေမျှဆွေးနွေးလူငယ့်အရေး |
| ၇။ | ၁၄:၀၀ | Solt Skill |
| ၈။ | ၁၅:၀၀ | ဇာတ်လမ်းတို |
| ၉။ | ၁၉:၀၀ | (၃၈)ဖြာမင်္ဂလာ ကာလေန ဓမ္မသာကစ္ဆာ |
| ၁၀။ | ၂၀:၀၀ | မြဝတီရုပ်မြင်သံကြားသတင်း |

# လျှော်စီးကြောင့်ထိခိုက်ပျက်စီးခဲ့သော ရာဇမဏိစူဠာကောင်းမှုတော်စေတီနှင့် ဆွမ်းဦးပုညရှင်စေတီများရှိ သာသနိကအဆောက်အအုံများအား ပြန်လည်ပြုပြင်နိုင်ရန်အတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးပြုလုပ်


ငလျင်ဒဏ်ကြောင့်ထိခိုက်ပျက်စီးခဲ့သော ရာဇမဏိစူဠာကောင်းမှုတော်စေတီနှင့် ဆွမ်းဦးပုညရှင်စေတီများရှိ သာသနိကအဆောက်အအုံများအား ပြန်လည်ပြုပြင်နိုင်ရန်အတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပစဉ်။

နေပြည်တော် ဇွန် ၁၁

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့၊ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော ရာဇမဏိစူဠာကောင်းမှုတော်စေတီနှင့် ဆွမ်းဦးပုညရှင်စေတီများရှိ သာသနိကအဆောက်အအုံများအား ပြန်လည်ပြုပြင်နိုင်ရန်အတွက်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ကျင်းပပြုလုပ်ရာ နိုင်ငံတော်သြဝါဒစရိယ၊ ရွှေကျင်နိကာယဥက္ကဋ္ဌ သောဠသမ ရွှေကျင်သာသနာပိုင် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များနှင့် သီတဂူဆေးရုံတော်များ၏အဓိပတိ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မဟာဓမ္မကထိက ဗဟုဇနဟိတဓရ သီတဂူဆရာတော်ကြီး ဒေါက်တာဘဒ္ဒန္တဉာဏိဿရ ကြွရောက်တော်မူပြီး စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံ၊ ဂေါပကအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက စေတီတော်အတွင်းရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော သာသနိကအဆောက်အအုံများအားပြန်လည်ပြုပြင်မွမ်းမံဆောင်ရွက်သွားမည့်အခြေအနေများကို Power Point ဖြင့် ရှင်းလင်းလျှောက်ထားတင်ပြသည်။ ထို့နောက် သီတဂူဆရာတော်ကြီးထံမှ ဆုံးမသြဝါဒခံယူပြီး ငလျင်ဒဏ်ကြောင့်ထိခိုက်ပျက်စီးခဲ့သော သာသနိကအဆောက်အအုံများအား ဖယ်ရှားရှင်းလင်းထားရှိမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

# အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့သွားရောက်ယှဉ်ပြိုင်ရာတွင် ရွှေတံဆိပ်များဆွတ်ခူးနိုင်ပြီး နိုင်ငံတော်၏ဂုဏ်ကိုမြှင့်တင်နိုင်အောင် ကြိုးစားကြရန်မှာကြား

ရန်ကုန် ဇွန် ၁၁

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့နံနက်ပိုင်းက ရန်ကုန်မြို့ အင်းယားလမ်းရှိ မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ် လှေကျင့်ရေးစခန်း၌ (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် စခန်းဝင်လေ့ကျင့်နေသော Slalom၊ အနောက်တိုင်းလှေ၊ ရိုးရာလှေနှင့် ကနူး၊ ကယက်လှေပဏာမလက်ရွေးစင်အားကစားသမားများလေ့ကျင့်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး အဖွဲ့ချုပ်ဥက္ကဋ္ဌ၊ တာဝန်ရှိသူများနှင့်နည်းပြများအား လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ်၌ ပဏာမလက်ရွေးစင်ဟော်ကီအသင်းနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့အသင်းတို့ သရုပ်ပြယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးပြီး သိမ်ဖြူအားကစားခန်းမရှိ မွေနှင့် Kickboxing အဖွဲ့ချုပ်၌ အဖွဲ့ချုပ်ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများ၊ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ (၃၃)ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မွေအားကစားနည်းနှင့် Kickboxing အားကစားနည်းတို့တွင် အောင်မြင်မှုရရှိစေရေး စုပေါင်းကြိုးစားကြရန် တိုက်တွန်းမှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဦးဝိစာရလမ်း အမျိုးသားရေကူးကန်ဝင်းအတွင်းရှိ မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ်၌ ပဏာမလက်ရွေးစင် ဂျူဂျစ်ဆုအားကစားသမားများနှင့် ဂျူဒိုအားကစားသမားများ သရုပ်ပြယှဉ်ပြိုင်လေ့ကျင့်နေမှုကို ကြည့်ရှုစစ်ဆေးပြီး (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ရာတွင် ရွှေတံဆိပ်များဆွတ်ခူးနိုင်ပြီး နိုင်ငံတော်၏ဂုဏ်ကို မြှင့်တင်နိုင်အောင် ကြိုးစားကြရန် မှာကြားခဲ့ကြောင်း သိရသည်။ **မြဝတီ**



## (၁၁-၆-၂၀၂၅)ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး(Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား( ၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ (၅,၈၂၀,၀၀၀)ကျပ်ဖြစ်သည်။**

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

# စိုက်ပျိုးရေးလုပ်ငန်းများနှင့် ငလျင်ဘေးပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး




နေပြည်တော် ဇွန် ၁၁

ပြည်ထောင်စုနယ်မြေ နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ် ဝန်းကျင်စိမ်းလန်းစိုပြည်ရေး မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကို ယနေ့နံနက်ပိုင်းတွင် လယ်ဝေးမြို့နယ် အေလာကျေးရွာအုပ်စု၌ ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်နှင့်ကော်မတီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌက အမှာစကားပြောကြား၍ သတ်မှတ်နေရာတွင် ပိတောက်ပင်ကိုစတင်စိုက်ပျိုးပေးကာ တက်ရောက်လာကြသူများက သတ်မှတ်နေရာများတွင် ပိတောက်၊ ကုက္ကို၊ တမာနှင့် မန်ကျည်းပင်စသည့် ပျိုးပင်ပေါင်း ၂၀၀ ကို အမျိုးသားရေးလှုပ်ရှားမှုအသွင်ဖြင့် စုပေါင်းစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် လယ်ဝေးမြို့နယ် ညောင်ကုန်းကျေးရွာ၌ မိုးရေနစ်မြုပ်မှုကြောင့် နွေနှမ်းများထိခိုက်ပျက်စီးခဲ့မှုအခြေအနေကိုလည်းကောင်း၊ မှန်တောကျေးရွာ အမှတ်(၁၉) အခြေခံပညာမူလတန်းကျောင်း၌ ယာယီစာသင်ဆောင်ဆောက်လုပ်နေမှုကိုလည်းကောင်း၊ ဇမ္ဗူသီရိမြို့နယ် သီရိအနော်ရထာလမ်းနှင့် လွှတ်တော်ဝင်းအတွင်း ငလျင်ဘေးကြောင့် ထိခိုက်ပျက်စီးခဲ့သော ပင်မရေပိုက်လိုင်းများနှင့် ရေပေးဝေရေးပိုက်လိုင်းများ ပြန်လည်ပြုပြင်နေမှုကိုလည်းကောင်း၊ ဇမ္ဗူသီရိမြို့နယ် သုခတော်ဝင်အိမ်ရာ သစ္စာလမ်းနှင့် ဥတ္တရသီရိမြို့နယ် မန္တလေးလမ်း၌ ငလျင်ဘေးကြောင့်ထိခိုက်ပျက်စီးခဲ့သောလမ်းများ ပြန်လည်ပြုပြင်နေမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး အကောင်အထည်ဖော်ဆောင်ရွက်ရန်လိုအပ်သည့် လုပ်ငန်းပိုင်းဆိုင်ရာများကို မှာကြားသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ပုဗ္ဗသီရိမြို့နယ်ပင်လောင်းလမ်းလမ်းဘေးဝဲယာရှိစိုက်ကွင်းများ၌ သီးနှံများစိုက်ပျိုးထားမှုကိုကြည့်ရှုစစ်ဆေးပြီး သီးထပ်စွမ်းအားမြှင့်တင်နိုင်ရေးနှင့် စိုက်ကွင်းစိုက်ကွက်များတွင် ဓာတ်ယာအပြည့်စိုက်ပျိုးနိုင်ရေးတို့ကို တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

**ပုဗ္ဗသီရိမြို့နယ် (ပြန်/ဆက်)**

➤ **ကျောဖုံးမှအဆက်**

လက်တွေ့ပြသခြင်းနှင့် ကင်းထောက်စစ်ဆေးခြင်း၊ သွင်းအားစုဓာတ်မြေဩဇာများကို ဈေးနှုန်းချိုသာစွာရောင်းချပေးခြင်း၊ စိုက်ပျိုးနည်းပညာအသိပညာပေးခြင်းလုပ်ငန်းများကို တောင်သူများနှင့်တွေ့ဆုံ၍ ကွင်းတာဝန်ခံဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ပေးမည်ဖြစ်ပြီး ယခုနှစ်တွင် မိုးစပါးကို မေလမှစ၍ပျိုးထောင်စိုက်ပျိုးလျက်ရှိသည်။

မုဒုံမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများသည် မိုးစပါးကို အဓိကထားစိုက်ပျိုးကြပြီး ယခင်နှစ် မိုးစပါးစိုက်ပျိုးရာသီက စပါး ၇၅၁၉၆ ဧက စိုက်ပျိုးနိုင်ခဲ့ရာ တစ်ဧကလျှင် ပျမ်းမျှ ၆၆ ဒသမ ၈၂ တင်းခန့် ထွက်ရှိခဲ့ကြောင်းသိရသည်။

မိုးစပါးကို တစ်ဧကပန်းတိုင်အထွက်နှုန်းရရှိစေရန် ဆောင်ရွက်နိုင်မည်ဆိုပါက နိုင်ငံအတွင်း ဆန်စားသုံးမှုဖူလုံစေရုံမျှမက ပြည်ပပို့ကုန်အဖြစ်ပါ တိုးတက်ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

ရာမည(ပြန်/ဆက်)

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၆˚C | / | ၃၄˚C |
| ရန်ကုန် | ၂၄˚C | / | ၃၀˚C |
| မန္တလေး | ၂၆˚C | / | ၃၃˚C |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

# သဘာဝဘေးအန္တရာယ်ကျော်လွှားဖို့ သစ်ပင်စိုက်ပျိုးကြပါစို့

ထက်ဝေအောင်(စစ်ကိုင်း)



**❖ သစ်တစ်ပင်ကောင်း ငှက်တစ်သောင်းမက နားခိုနိုင်သည့်စကားရပ်အတိုင်း သစ်တစ်ပင်၊ ဝါးတစ်ပင်၏ တန်ဖိုးကိုသိရှိမှသာ တန်ဖိုးထားနားလည်နိုင်မည်ဖြစ်၊ သစ်ပင်သည် မြေဆီလွှာဖြစ်တည်ရေးနှင့် မြေဆီလွှာထိန်းသိမ်းရေးအလုပ်ကို အကောင်းဆုံးလုပ်ဆောင်နိုင်စွမ်းရှိသဖြင့် သစ်ပင်များကိုတန်ဖိုးထားစိုက်ပျိုးသွားကြရမည်ဖြစ်. . .**

**❖ သစ်ပင်စိုက်ပျိုးခြင်းသည် မိမိအတွက်သာမက ပတ်ဝန်းကျင်အတွက်ပါ အကျိုးများသော ချစ်စဖွယ်အလုပ်တစ်ခုဖြစ်သည့်အပြင် လေထုညစ်ညမ်းမှုပြဿနာကို ကိုင်တွယ်ဖြေရှင်းရာတွင် အကောင်းဆုံးလက်နက်တစ်ခုလည်းဖြစ် . . .**

သဘာဝပတ်ဝန်းကျင်ကို လူတိုင်းတန်ဖိုးထားမြတ်နိုးကြရပေမည်။ ယနေ့ရင်ဆိုင်နေရသည့် သဘာဝဘေးအန္တရာယ်အသွယ်သွယ်သည် လူတို့နေထိုင်ရာကမ္ဘာမြေကြီးကို ကြိမ်ဖန်များစွာရန်စတိုက်ခိုက်နေပြီဖြစ်သည်။ လူ့စွမ်းအားအရင်းအမြစ်ဖြင့် ရန်စတိုက်ခိုက်မှုအန္တရာယ်အသွယ်သွယ်ကို နည်းလမ်းမျိုးစုံကျင့်သုံး၍ ကာကွယ်ကြရမည်ဖြစ်သည်။ သဘာဝပတ်ဝန်းကျင်ကောင်းမွန်ရေးကျင့်စဉ်တစ်ခုဖြစ်သည့် သစ်ပင်စိုက်ပျိုးခြင်းဓလေ့ ရှင်သန်ဖြစ်ထွန်းရန်လိုပေသည်။ သစ်ပင်စိုက်ပျိုးခြင်းသည်သဘာဝပတ်ဝန်းကျင်ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်နိုင်ခြင်း၊ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ခြင်း၊ အရိပ်အာဝါသရရှိခြင်းကိုဖြစ်စေသည်။ သစ်ပင်များအလွန်အကျွံခုတ်လှဲမှုကိုကုစားသည့်အနေဖြင့် လျော့နည်းလာသည့်သစ်ပင်များနေရာတွင် အစားထိုးပြန်လည်ဖြည့်တင်းကြရမည်ဖြစ်သည်။ သစ်ပင်သည် လေကိုသန့်စင်စေသည့်အလုပ်ကို တာဝန်ကျေစွာလုပ်ဆောင်နိုင်စွမ်းရှိသည်။ လေထုညစ်ညမ်းမှုပြဿနာကို ထိရောက်စွာကိုင်တွယ်ဖြေရှင်းပေးနိုင်ပေသည်။

ကမ္ဘာ့နိုင်ငံအသီးသီးသည် လေထုညစ်ညမ်းမှုပြဿနာကိုကာကွယ်ရန် နည်းလမ်းမျိုးစုံအသုံးပြုလာခဲ့ကြသည်။ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့လျှော့ချရေးအစီအစဉ်များလည်း တစိုက်မတ်မတ်ကြိုးစားမှုအဖြစ် သစ်တောပြုန်းတီးမှုပြဿနာကိုအဖြေရှာဖွေလျက် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များ ဖြည့်တင်းနိုင်ရေး အားထုတ်လျက်ရှိပေသည်။ သစ်တောများကို ကမ္ဘာကြီး၏အဆုတ်ဟုပင် တင်စားထားရှိသဖြင့် သစ်တောသစ်ပင်များကို လိုအပ်သည်ထက်ပိုမိုမထုတ်ယူကြရန်လိုအပ်ခြင်းနှင့်အတူ ဆုံးရှုံးသွားသောသစ်တောများ၊ သစ်ပင်များကို ပြန်လည်အစားထိုးစိုက်ပျိုးသွားရန်လိုအပ်သည်။ သစ်တစ်ပင်ကောင်း ငှက်တစ်သောင်းမက နားခိုနိုင်သည့်စကားရပ်အတိုင်း သစ်တစ်ပင်၊ ဝါးတစ်ပင်၏ တန်ဖိုးကိုသိရှိမှသာ တန်ဖိုးထားနားလည်နိုင်မည်ဖြစ်သည်။ သစ်ပင်သည် မြေဆီလွှာဖြစ်တည်ရေးနှင့် မြေဆီလွှာထိန်းသိမ်းရေးအလုပ်ကို အကောင်းဆုံးလုပ်ဆောင်နိုင်စွမ်းရှိသဖြင့် သစ်ပင်များကို တန်ဖိုးထားစိုက်ပျိုးသွားကြရမည်ဖြစ်သည်။

သစ်ပင်များကို မြတ်နိုးတန်ဖိုးထား၍ စိုက်ပျိုးခြင်းသည် လောကကိုအလှဆင်ခြင်းဖြစ်ပြီး သစ်ပင်၊ ဝါးပင်၊ ပန်းအလှပင်ဟူသမျှ အမြင်အရ လှပသည့်သာမက စိတ်ကြည်နူးမှုကိုပါဖြစ်စေသည်။ ခြံဝင်းထဲတွင် သီးပင်၊ စားပင်များစိုက်ပျိုးခြင်းဓလေ့သည် ကျေးလက်သာမက မြေရိယာကျယ်ဝန်းသူတိုင်း တစ်နိုင်တစ်ပိုင်စိုက်ပျိုးခြင်းအလေ့အထရှိကြပေသည်။ ပျိုးပင်မြေချအမြစ်ခိုင်လာသည့်အချိန်မှစ၍ သစ်ပင်တန်ဖိုးသိရှိခွင့်ရကြသည်။ အညွန့်အဖူးသည် သစ်ပင်စိုက်သူ၏ ပီတိဖြစ်သည်။ ပန်းပွင့်ချိန်စိတ်ကူး အထူးပင်ပျော်ရွှင်ရသည်။ ပန်းပင်စိုက်ပျိုးလျှင် ဘုရားပန်းကပ်လှူနိုင်ပြီး ခြံဝင်းအတွင်း ပန်းရနံ့တို့မွှေးကြိုင်စေမည်ဖြစ်သည်။ အလားတူ သီးပင်စားပင်စိုက်ပျိုးခြင်းဖြင့်လည်း မီးဖိုချောင်ကုန်ကျစရိတ်ကို တစ်ဖက်တစ်လမ်းမှ ဖေးကူနိုင်စွမ်းရှိပေသည်။

စိုက်ပျိုးရေးဝါသနာပါသူတိုင်း သစ်ပင်လေးများကို ချစ်မြတ်နိုးကြသည်။ အစေ့ပေါက်ပင်စိုက်သူတစ်ယောက်အတွက် အပင်ကို အရိပ်တကြည့်ကြည့်ကြည့်သည်။ အညှောက်မှ အပင်လေးကြီးလာသည့်ကာလတစ်လျှောက် ကြည်နူးပီတိဖြစ်ရသည်။ တစ်သက်လုံးပျော်ချင်လျှင် သစ်ပင်စိုက်ရမည့်သဘောတရားကိုပို၍လက်ခံလာကြသည်။ မိုးတွင်းကာလသည် သစ်ပင်လေးများ ရှင်သန်ဖြစ်ထွန်းရန် အကောင်းဆုံးအချိန်ကာလဖြစ်ခြင်းကြောင့် မိုးရွာမြေစိုလျှင် မျိုးစေ့ချသည်။ သစ်ပင်ကလေးများ နုရာမှ ရင့်၊ ဖူးရာမှ သီးပွင့်လာလျှင် မေသမျှအမောပြေပျောက်ကြရပေသည်။ သစ်ပင်စိုက်ပျိုးခြင်းသည် မိမိအတွက်သာမက ပတ်ဝန်းကျင်အတွက်ပါ အကျိုးများသော ချစ်စဖွယ်အလုပ်တစ်ခုဖြစ်သည့်အပြင် လေထုညစ်ညမ်းမှုပြဿနာကို ကိုင်တွယ်ဖြေရှင်းရာတွင် အကောင်းဆုံးလက်နက်တစ်ခုလည်းဖြစ်သည်။

သို့ဖြစ်၍ သစ်တောသစ်ပင် ရှင်အောင်စိုက်ရမည်ဖြစ်သည်။ ရှင်သန်အောင်ထိန်းသိမ်းရမည်ဖြစ်သည်။ အဆိုပါ သစ်ပင်ကလေးများ ရှင်သန်ရေးအတွက် မြေနေရာရွေးချယ်သတ်မှတ်ခြင်း၊ ပေါင်းမြက်ရှင်းခြင်း၊ မြေတောင်မြှောက်ခြင်းဆိုင်ရာ စိုက်ပျိုးပြီးအပင်များရှင်သန်ရေး ပြုစုစောင့်ရှောက်ခြင်းများပြုလုပ်ရလေ့ရှိသည်။ သစ်ပင်များရှင်သန်ကြီးထွားမှုဖြစ်စဉ်တွင် အလင်းရောင်နှင့် ရေသည်အဓိကကျသည်။ လောင်းရိပ်ကျသောအပင်များ၊ ချုံနွယ်ပင်တက်နေသောအပင်များသည် လွတ်လပ်စွာ ရှင်သန်ကြီးထွားခွင့်များ ဆုံးရှုံးရလေ့ရှိသည်။ ကိုင်းထွက်နေသော သစ်ကိုင်းများကို ခုတ်ထွင်ရမည်၊ အလင်းဖွင့်ပေးရမည်၊ ချုံနွယ်ပင်များကို ရှင်းလင်းပေးရမည်ဖြစ်သည်။ မြေဆီစိုခိုက် သစ်ပင်စိုက်ပျိုးခြင်းသည် သစ်ပင်များရှင်သန်ရန် အကောင်းဆုံးအချိန်ကာလဖြစ်ပေသည်။

ထို့ကြောင့်လည်း ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ပထမအကြိမ် သစ်ပင်စိုက်ပျိုးပွဲတွင် ရတနာတန်းဝင် ကျွန်း ၉၀၀ ပင်၊ ပျဉ်းကတိုး ၆၀၀ ပင်၊ ပိတောက် ၃၀၀ ပင်၊ မဟော်ဂနီ ၆၀၀ ပင် စုစုပေါင်း ၂၄၀၀ ပင်အား စုပေါင်းစိုက်ပျိုးခဲ့ကြသည်။ ရေဆင်းဆည်ပတ်ဝန်းကျင်၌ သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်ထိန်းသိမ်းရေးအတွက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မိသားစုများအနေဖြင့် ၂၀၁၁ ခုနှစ်မှ ၂၀၂၅ ခုနှစ် ပထမအကြိမ် သစ်ပင်စိုက်ပျိုးပွဲအထိ သစ်ပင်စိုက်ပျိုးပွဲတော် စုစုပေါင်း ၄၂ ကြိမ် ကျင်းပပြုလုပ်၍ ရတနာတန်းဝင်ပင်၊ နှစ်ရှည်သီးနှံပင်နှင့် အရိပ်ရလေကာပင် စုစုပေါင်း ၂၀၃၆၂၅ ပင်အား စိုက်ပျိုးခဲ့ပြီးဖြစ်သည်။

သစ်ပင်စိုက်ပျိုးရသည့် ရည်ရွယ်ချက်များစွာရှိသည်။ သစ်ပင်စိုက်ပျိုးခြင်းမှတစ်ဆင့် ရာသီဥတုကောင်းမွန်ရေးအတွက်အထောက်အကူဖြစ်စေသည်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို အကျိုးပြုခြင်း၊ ဂေဟစနစ်များကို ပိုမိုကောင်းမွန်စေခြင်းတို့ကိုဖြစ်စေသည်။ သစ်ပင်စိုက်ပျိုးခြင်းကြောင့် အကျိုးရလဒ်များစွာရရှိနိုင်ပေသည်။ ရာသီဥတုပြောင်းလဲမှုဒဏ်ကို ကောင်းစွာအန်တုနိုင်သည်။ လေထုအတွင်းတည်ရှိနေသည့်ကာဗွန်ဒိုင်အောက်ဆိုက်များကို စုပ်ယူပြီးနောက် လူနှင့်သက်ရှိတိရစ္ဆာန်များကို အကျိုးပြုစေမည့်အောက်ဆီဂျင်ကို ပြန်လည်ထုတ်ပေးနိုင်စွမ်းရှိသည့်အပြင် သဘာဝဘေးအန္တရာယ်မှ အကာအကွယ်ပေးခြင်း၊ လေကောင်းလေသန့်ထုတ်လုပ်ပေးခြင်း၊ အေးမြသည့်အရိပ်များဖန်တီးပေးခြင်းနှင့် ထင်းအဖြစ်သုံးစွဲနိုင်ခြင်း အစရှိသည့်လူသားအကျိုးပြုနိုင်စွမ်းရှိပေသည်။ သို့သော် လောင်စာအတွက် သစ်ပင်များကိုအဆမတန်ခုတ်လှဲခြင်း၊ ပရိဘောဂနှင့် အိမ်ဆောက်ပစ္စည်းအသုံးပြုရန်အတွက် သစ်ပင်များကို အလုံးအရင်းခုတ်လှဲခြင်းများကို ထိန်းညှိဆောင်ရွက်သင့်လှသည်။

သစ်ပင်တစ်ပင်အတွက် တန်ဖိုးသတ်မှတ်ချက်မထားရှိသင့်ပေ။ သစ်ပင်မှရရှိနိုင်သည့် အကျိုးကျေးဇူးများကို တန်ဖိုးသတ်မှတ်ရန်ခက်ခဲလှသည်။ အဓိကအားဖြင့် ရာသီဥတုကို ထိန်းညှိပေးနိုင်သည့်လုပ်ဆောင်ချက်ကြောင့် သစ်ပင်စိုက်ပျိုးခြင်းကို လူတိုင်းအားဖြည့်ပါဝင်ကူညီသင့်သည်။ သစ်တောဖုံးလွှမ်းမှုပြန်လည်အားကောင်းလာစေရေး သစ်တောစိုက်ကွင်း၊ စိုက်ခင်းများ အစားထိုးဖော်ဆောင်ခြင်းသာအကောင်းဆုံးကုစားမှုတစ်ခုဖြစ်သည်။ သစ်ပင်စိုက်ပျိုးပွဲများတွင်လည်း ကျွန်း၊ ပျဉ်းကတိုး၊ မဟော်ဂနီ၊ စိန်ပန်း၊ ကံ့ကော်၊ ပိတောက်၊ ခရေ၊ ငုဝါကဲ့သို့ ရတနာတန်းဝင်အပင်များနှင့် အရိပ်ရလေကာပင်များ စိုက်ပျိုးကြသည်ကိုတွေ့ရှိရသည်။ ဌာနဆိုင်ရာများ၊ တပ်ရင်းတပ်ဖွဲ့များသည် ဇူလိုင်လ၏ မိုးဖွဲများအောက် မြေပြင်ခြင်း၊ ကျင်းတူးခြင်းများ၊ သစ်ပင်စိုက်ပျိုးခြင်းများ ပျော်ရွှင်စွာပြုလုပ်ကြသည်။ ပူပြင်းခြောက်သွေ့သောအခြေအနေမှ စိမ်းလန်းသောကမ္ဘာတစ်ခုဖြစ်ပေါ်ရေး သစ်ပင်စိုက်ပျိုးနိုင်စွမ်းအားဖြင့် မြှင့်တင်ကြရမည်ဖြစ်သည်။ အရိပ်လို နေပူကစောင့်ရန်မလိုသည့် သစ်တောအုပ်များဖြစ်ပေါ်ပါက သက်ရှိသက်မဲ့အားလုံးအတွက် ပင်ပန်းဆင်းရဲခြင်းဒုက္ခမှ အထိုက်အလျောက်သက်သာစေမည်ဖြစ်သည်။ သို့ဖြစ်၍ လူမှုပတ်ဝန်းကျင်တစ်ခုလုံးကို အကျိုးပြုစေသော သစ်ပင်စိုက်ပျိုးခြင်းလုပ်ငန်းကို တစ်ဦးချင်းသော်လည်းကောင်း၊ အသင်းအဖွဲ့များအလိုက်သော်လည်းကောင်း ပြုလုပ်သင့်ပေသည်။ သစ်ပင်သစ်တော အမြစ်တွယ်ရှင်သန်ခြင်းမှတစ်ဆင့် အမြဲတစေခြိမ်းခြောက်နေသည့် သဘာဝဘေးအန္တရာယ်များမှ စွမ်းနိုင်သမျှ ကာကွယ်သွားနိုင်လိမ့်မည်ဟု ယုံကြည်စွာ ရေးသားတင်ပြလိုက်ရပါသည်။ ။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကျောင်းစာကြည့်တိုက်အတွက် သုတ၊ ရသ စာအုပ်စာစောင်များကို ပေးအပ်ရာ ကျောင်းအုပ်ချုပ်မှုတာဝန်ခံအရာရှိနှင့် ဆရာ၊ ဆရာမများက လက်ခံရယူကြစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အခြေခံပညာအထက်တန်းကျောင်း(ခွဲ) အမှတ်(၁)အခြေခံပညာအလယ်တန်းကျောင်း စာသင်ခန်းများအတွင်း ကျောင်းသား၊ ကျောင်းသူများ၏ ပညာသင်ကြားနေမှုကို ကြည့်ရှုအားပေးစဉ်။






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်က ပြင်ဦးလွင်မြို့၊ သုမင်္ဂလာဈေး(ညံတောဈေး) အဆင့်မြင့်ဈေးသစ်တည်ဆောက်ရေး လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။

★ စာမျက်နှာ ၁၇ မှအဆက်

ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ နိုင်ငံတော်အနေဖြင့် တစ်နိုင်ငံလုံးပညာရည်မြင့်မားရေးအတွက် ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ ဆရာ၊ ဆရာမများအနေဖြင့်လည်း ကျောင်းသား၊ ကျောင်းသူများ ပညာရည်မြင့်မားရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ပေးကြစေလိုကြောင်း။

နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ပါတီနိုင်ငံရေးကင်းရှင်းရန်လိုအပ်မည်ဖြစ်ပြီး နိုင်ငံရေးနှင့် နိုင်ငံ့အရေးကို ခွဲခြားသိမြင်ရန်လိုကြောင်း၊ မိမိတို့တာဝန်ယူထားရသည့် တာဝန်များကို ကျေပွန်စွာထမ်းဆောင်ခြင်းဖြင့် နိုင်ငံ့အရေးကို ကျေပွန်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ကောင်းမွန်ရေးအတွက်နိုင်ငံ့ဝန်ထမ်းပီသစွာဖြင့်အတူတကွကြိုးပမ်းဆောင်ရွက်သွားကြသည့် နိုင်ငံ့ဝန်ထမ်းများဖြစ်ကြစေလိုကြောင်းဖြင့် မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကျောင်းစာကြည့်တိုက်အတွက် သုတ၊ ရသ စာအုပ်စာစောင်များကို ပေးအပ်ရာ ကျောင်းအုပ်ချုပ်မှုတာဝန်ခံအရာရှိနှင့် ဆရာ၊ ဆရာမများက လက်ခံရယူကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်

**❖ အနာဂတ်တိုင်းပြည်အတွက် စိတ်ဓာတ်စည်းကမ်းကောင်းမွန်သည့်၊ အရည်အသွေးပိုမိုကောင်းမွန်သည့် လူသားအရင်းအမြစ်ကောင်းများ မွေးထုတ်ပေးနိုင်ရေး ဆရာ၊ ဆရာမများအနေဖြင့် ကြိုးပမ်းဆောင်ရွက် . . .**

**❖ ပြင်ဦးလွင်မြို့သည် သမိုင်းကြောင်းစဉ်လာကြီးမားပြီး နာမည်ဂုဏ်ဒြပ်ကောင်းများနှင့် ပြည့်စုံသည့်မြို့ဖြစ်၍ မိမိတို့အနေဖြင့် ဆက်လက်ထိန်းသိမ်းဆောင်ရွက်ကြရမည်ဖြစ်၊ ဒေသအတွင်း လာရောက်နေထိုင်သူ များပြားလာမှုနှင့်အတူ စည်းကမ်းစနစ်တကျရှိအောင် ကြပ်မတ်ဆောင်ရွက်သွားခြင်းဖြင့် စနစ်တကျရှိပြီး ဖွံ့ဖြိုးတိုးတက်သည့်မြို့ကို ဖော်ဆောင်ပေးနိုင်ရမည်. . .**

အဖွဲ့ဝင်များသည် အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အမှတ်(၁)အခြေခံပညာအလယ်တန်းကျောင်းသို့ ရောက်ရှိကြရာ ဆရာ၊ ဆရာမများက ကြိုဆိုနှုတ်ဆက်ကြသည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် စာသင်ခန်းများအတွင်း ကျောင်းသား၊ ကျောင်းသူများ၏ ပညာသင်ကြားနေမှုများ၊ မွေးမြူရေး အတတ်ပညာ၊ စိုက်ပျိုးရေးအတတ်ပညာနှင့် စက်မှုနည်းပညာ စာသင်ခန်းမများအတွင်း သင်ကြားပို့ချနေမှုများကို လိုက်လံကြည့်ရှုအားပေးသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပြင်ဦးလွင်မြို့၊ သုမင်္ဂလာဈေး(ညံတောဈေး) အဆင့်မြင့်ဈေးသစ်တည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိကြရာ စီမံကိန်းရှင်းလင်းဆောင်၌ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်က အဆင့်မြင့်ဈေးသစ်တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားမည့်အခြေအနေများကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စည်ပင်သာယာရေးဝန်ကြီးက ပြင်ဦးလွင်ဒေသသန့်ရှင်း သာယာလှပရေး၊ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ထားရှိမှုအခြေအနေများ၊ မြို့ရေရရှိရေး ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အနာဂတ်တွင် ဆက်လက် ဆောင်ရွက်သွားမည့်အခြေအနေများကိုလည်းကောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ရတနာပုံမြို့သစ်စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှု၊ လုပ်ငန်းဆောင်ရွက်မှုများ ရပ်ဆိုင်းခဲ့ရမှုတို့ကိုလည်းကောင်း အသီးသီး ရှင်းလင်းတင်ပြကြသည်။

## ပြင်ဦးလွင်မြို့၏ သမိုင်းကြောင်းစဉ်လာနှင့် ဂုဏ်ဒြပ်ကောင်းများကို ဆက်လက်လက်ဆင့်ကမ်းထိန်းသိမ်းဆောင်ရွက်သွားရမည်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ပြင်ဦးလွင်မြို့ကို ယခင်ကတည်းကပင် ပန်းမြို့တော်၊ ချယ်ရီမြို့တော်၊ တောင်လေ့ကားမြို့တော်စသည်ဖြင့် တင်စားခေါ်ဝေါ်ခဲ့ကြကြောင်း၊ ထိုသို့ခေါ်ဆိုမှုများနှင့်အညီ ကိုက်ညီသည့်မြို့တော်ဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်သွားရန်လိုကြောင်း၊ လက်ရှိအချိန်တွင် ပြင်ဦးလွင်ဒေသ၌ လာရောက်နေထိုင်သူများပြားလာပြီး မြို့နေလူဦးရေတိုးပွားလာခဲ့ကြောင်း၊ ပြင်ဦးလွင်မြို့သည် သမိုင်းကြောင်းစဉ်လာကြီးမားပြီး နာမည်ဂုဏ်ဒြပ်ကောင်းများနှင့် ပြည့်စုံသည့်မြို့ဖြစ်၍ မိမိတို့အနေဖြင့် ဆက်လက်ထိန်းသိမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဒေသအတွင်း လာရောက်နေထိုင်သူ များပြားလာမှုနှင့်အတူ စည်းကမ်းစနစ်တကျရှိအောင် ကြပ်မတ်ဆောင်ရွက်သွားခြင်းဖြင့် စနစ်တကျရှိပြီး ဖွံ့ဖြိုးတိုးတက်သည့်မြို့ကို ဖော်ဆောင်ပေးနိုင်ရမည်ဖြစ်ကြောင်း။

စာမျက်နှာ ၁၂ သို့ ★

# မြေအသုံးချမှုနှင့်ပတ်သက်၍ လယ်ယာမြေဥပဒေ၊ မြေလွတ်မြေရိုင်းနှင့်ပတ်သက်သည့်ဥပဒေများကို ပြဋ္ဌာန်းထားရှိပြီးဖြစ်ပြီး သတ်မှတ်ပေးထားသည့် ခွင့်ပြုချက်များနှင့်အညီသာ ဆောင်ရွက်သွားရန်လို၊ အချို့လမ်းနယ်များ၌ ကျူးကျော်၍ မြေအသုံးချမှုများရှိနေပြီး လမ်းမကြီးများဥပဒေနှင့်အညီဆောင်ရွက်သွားရန်လိုအပ်မည်ဖြစ်






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြင်ဦးလွင်မြို့၊ သုမင်္ဂလာဈေး(ညံတောဈေး) အဆင့်မြင့်ဈေးသစ်တည်ဆောက်ရေးစီမံကိန်းရှင်းလင်းဆောင်တွင် တာဝန်ရှိသူများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။



★ **စာမျက်နှာ ၁၁ မှအဆက်**

ပြင်ဦးလွင်မြို့သည် ပညာရေးနှင့်ပတ်သက်၍လည်း အစဉ်အလာကောင်းများရှိသည့်မြို့တစ်မြို့ဖြစ်ပြီး ပုဂ္ဂလိကကိုယ်ပိုင်အထက်တန်းကျောင်းများဖွံ့ဖြိုးတိုးတက်မှု၏အစပျိုးရာ မြို့တစ်မြို့၌ပါဝင်ကြောင်း၊ ပြင်ဦးလွင်မြို့အနေဖြင့်လည်း ၎င်းကဲ့သို့ပညာရေးဆိုင်ရာအခြေခံကောင်းများကို လက်ဆင့်ကမ်းထိန်းသိမ်း၍ ပညာရေးမြို့တော်အဖြစ် ဆက်လက်ထိန်းသိမ်းဆောင်ရွက်ကာ စည်းကမ်းစနစ်တကျရှိသည့် ပညာတတ် လူသားအရင်းအမြစ်ကောင်းများကို ဆက်လက်မွေးထုတ်ပေးနိုင်ရေးဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ပညာရေးကောင်းမွန်ရန်အတွက်ကျောင်းသား၊ ဆရာ၊ မိဘတို့ ပူးပေါင်းဆောင်ရွက်ရန်လိုအပ်သည့်အပြင် အုပ်ချုပ်ရေးအဖွဲ့အစည်းများကလည်း လိုအပ်သည့်ကြီးကြပ်ကွပ်ကဲမှုများဆောင်ရွက်ပေးရန်လိုအပ်ကြောင်း။

ပြင်ဦးလွင်ဒေသတွင် သစ်ပင်ပန်းမန်များဖြင့် အစဉ်အမြဲသာယာလှပစေရေးနှင့် သစ်ပင်များအား အကြောင်းမဲ့ခုတ်ထွင်ခြင်းများမပြုလုပ်စေရေးအတွက် By Law များဖြင့် ထိန်းသိမ်းဆောင်ရွက်သွားရန်လိုကြောင်း၊ နိုင်ငံတကာ၌လည်း သစ်ပင်များခုတ်ထွင်ရှင်းလင်းခြင်းနှင့်ပတ်သက်၍ ဥပဒေများဖြင့် ထိန်းသိမ်းဆောင်ရွက်ကြကြောင်း၊ သစ်ပင်သစ်တောများထိန်းသိမ်းရေးနှင့်ပတ်သက်၍ သစ်တောဦးစီးဌာနသာမက အုပ်ချုပ်ရေးဆိုင်ရာအဖွဲ့အစည်းအသီးသီးတွင်လည်း တာဝန်ရှိကြောင်း၊ ပြင်ဦးလွင်ဒေသ စိမ်းလန်းသာယာစိုပြည်ရေးအတွက် သစ်ပင်သစ်တောများပြန်လည်စိုက်ပျိုး

**စာမျက်နှာ ၁၃ သို့** ★

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သုမင်္ဂလာဈေး(ညံတောဈေး)အဆင့်မြင့်ဈေးသစ်တည်ဆောက်ရေးစီမံကိန်းအတွင်း လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှုအခြေအနေများအား လိုက်လံကြည့်ရှုစစ်ဆေးစဉ်။





★ စာမျက်နှာ ၁၂ မှအဆက်

ထိန်းသိမ်းခြင်းများ ဆောင်ရွက်သွားကြရန်လိုကြောင်း။

**မြေအသုံးချမှုနှင့်ပတ်သက်၍ လယ်ယာမြေဥပဒေ၊ မြေလွတ်မြေရိုင်းနှင့်ပတ်သက်သည့်ဥပဒေများကို ပြဋ္ဌာန်းထားရှိပြီးဖြစ်ပြီး သတ်မှတ်ပေးထားသည့် ခွင့်ပြုချက်များနှင့် အညီသာ ဆောင်ရွက်သွားရန်လို**ကြောင်း၊ တာဝန်ရှိသူများအနေဖြင့် ဥပဒေက သတ်မှတ်ပေးထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ ကြပ်မတ်ဆောင်ရွက်သွားရန်လိုကြောင်း၊ **အချို့လမ်းနယ်များ၌ ကျူးကျော်၍ မြေအသုံးချမှုများရှိနေပြီး လမ်းမကြီးများဥပဒေနှင့်အညီဆောင်ရွက်သွားရန်လိုအပ်မည်ဖြစ်**ကြောင်း၊ နိုင်ငံတော်တွင် ပြဋ္ဌာန်းပေးထားသည့် ဥပဒေများနှင့် အညီ ကြပ်မတ်ဆောင်ရွက်ခဲ့ခြင်းများမရှိသဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အခက်အခဲများ ကြုံတွေ့ရလျက်ရှိကြောင်း၊ ထို့ကြောင့် ထုတ်ပြန်ထားသည့် ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများကို သိရှိကြရန်၊ လိုက်နာကြရန် လိုအပ်မည်ဖြစ်ပြီး မိမိတို့လုပ်ဆောင်ရမည့်လုပ်ငန်းတာဝန်များကို ကျေပွန်အောင် ထမ်းဆောင်ကြရန်လိုအပ်မည်ဖြစ်ကြောင်း၊ ပြင်ဦးလွင်ဒေသ၌လည်း မြေယာအသုံးချမှုများနှင့်ပတ်သက်၍ သတ်မှတ်ပေးထားသည့်ခွင့်ပြုချက်များ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်နေသူများရှိသကဲ့သို့ သတ်မှတ်ချက်များကိုကျော်လွန်ချိုးဖောက်၍ အခြားနည်းများဖြင့် မြေယာအသုံးချမှုများလည်းရှိနေကြောင်း၊ တာဝန်ရှိသူများအနေဖြင့် မြေယာအသုံးချမှုများ စည်းကမ်းစနစ်တကျဖြစ်စေရေး ကြပ်မတ်ဆောင်ရွက်သွားရန်လိုကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်အားတာဝန်ယူဆောင်ရွက်ချိန်တွင် ဒီမိုကရေစီလမ်းကြောင်းအပေါ် လျှောက်လှမ်းနေခြင်းကြောင့် ဒီမိုကရေစီစနစ်တွင်ဥပဒေကိုသိရှိနားလည်ရန်လိုအပ်သဖြင့် ဌာနဆိုင်ရာအကြီးအကဲများအားလုံးအား ဥပဒေသင်တန်းများ မဖြစ်မနေ တက်ရောက်စေခဲ့ကြောင်း၊ အလားတူ **အခြေခံပညာကျောင်းများ၌ KG + 12 ကျောင်းသား၊ ကျောင်းသူများအား ဥပဒေနှင့်ပတ်သက်ပြီး အခြေခံများကို သိရှိစေရေး သင်ကြားပေးလျက်ရှိ**ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြစ်မှုဆိုင်ရာဥပဒေ၊ လောင်းကစားမှုဥပဒေ၊ လူကုန်ကူးမှုဥပဒေ၊ မူးယစ်ဆေးဝါးဥပဒေ အစရှိသည့် ကျောင်းသား၊ ကျောင်းသူအရွယ်များ သိရှိနားလည်နိုင်သည့် ဥပဒေများကိုသင်ကြားပေးခြင်းဖြစ်ကြောင်း၊ **KG + 12 တက်ရောက်နေသည့် ကျောင်းသား၊ ကျောင်းသူများသည် အသက် ၁၇ နှစ်နှင့် ၁၈ နှစ်အရွယ်ပတ်ဝန်းကျင်များဖြစ်ကြပြီး အသက် ၁၈ နှစ်ပြည့်ပါက ဆန္ဒမဲပေးရမည်ဖြစ်**ကြောင်း၊ **ထို့ကြောင့် ဥပဒေကို သိရှိနားလည်နိုင်ရေးသင်ကြားပေးခြင်းဖြစ်ပြီး ဥပဒေနှင့်ပတ်သက်၍ စာမေးပွဲဖြေဆိုရမည် မဟုတ်**ကြောင်း၊ အခြေခံဥပဒေပညာကို သင်ကြားပေးမည့် ဆရာ၊ ဆရာမများကိုလည်း ဥပဒေကို နားလည်သိရှိအောင် Training of Trainers (TOT) သင်တန်းများပေးပြီး သင်ကြားစေခဲ့ခြင်းဖြစ်ကြောင်း၊ ထိုမှတစ်ဆင့် KG + 11 နှင့် KG + 10 ကျောင်းသား၊ ကျောင်းသူများကိုလည်း ဥပဒေနှင့်ပတ်သက်သည့် အခြေခံများကို သိရှိနားလည်နိုင်စေရေး ဆက်လက်သင်ကြားပေးသွားမည်ဖြစ်ကြောင်း၊ အလားတူ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တက္ကသိုလ်အသီးသီး၌လည်း ဒီမိုကရေစီ၏ အခြေခံဖြစ်သည့် ဥပဒေအား သိရှိနားလည်နိုင်ရန်နှင့် စီးပွားရေးနှင့်ပတ်သက်သည့်အသိအမြင်များရှိစေရေးအတွက် ဥပဒေနှင့် စီးပွားရေးဆိုင်ရာ အခြေခံဘာသာရပ်များကို သင်ကြားပေးလျက်ရှိကြောင်း၊ ဥပဒေအသိရှိစေရေး BA (Law) သင်တန်းကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိသကဲ့သို့ စီးပွားရေးအသိရှိစေရေးအတွက်လည်း BA (Eco) သင်တန်းကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း။

ပြင်ဦးလွင်၏ဂုဏ်ကို ဖော်ညွှန်းထားသည့် အမည်နာမများနှင့် ကိုက်ညီအောင် အကောင်အထည်ဖော်နိုင်ရေး ဌာနဆိုင်ရာတာဝန်ရှိသူများအားလုံးက ဝိုင်းဝန်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ အစိုးရအနေဖြင့် မူဝါဒချမှတ်ပေးမည်ဖြစ်ပြီး ယင်းမူဝါဒကို အကောင်အထည်ဖော်ရန်မှာ ဌာနဆိုင်ရာများ၏တာဝန်ပင်ဖြစ်ကြောင်း၊ ခရိုင်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ခရိုင်အုပ်ချုပ်ရေးမှူးများတွင် အဓိကတာဝန်ရှိပြီး ဦးဆောင်လမ်းပြမှုကောင်းစွာဖြင့် ဒေသနှင့်ဒေသခံများ၏အကျိုးကို ဖော်ဆောင်ပေးနိုင်ရမည်ဖြစ်ကြောင်း၊ **မိမိအနေဖြင့် တာဝန်ထမ်းဆောင်စဉ်ကာလအတွင်း တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိမြို့များသို့သွားရောက်၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များကို စဉ်ဆက်မပြတ် လမ်းညွှန်မှာကြားလျက်ရှိ**ကြောင်း၊ **ထိုသို့ မှာကြားနေရခြင်းမှာ နိုင်ငံရေးလုပ်ဆောင်နေခြင်းမဟုတ်ဘဲ နိုင်ငံ့ကောင်းရာကောင်းကျိုးအတွက် လုပ်သင့်လုပ်ထိုက်သည့် ကိစ္စရပ်များကို လုပ်ဆောင်သွားရန်၊ ဒေသအကျိုး၊ နိုင်ငံ့အကျိုးကို ဖော်ဆောင်သွားကြရန် မှာကြားနေခြင်းဖြစ်ပြီး နိုင်ငံ့အရေးကို လုပ်ဆောင်နေခြင်းသာဖြစ်**ကြောင်း။


သစ်ပင်သစ်တောများ ထိန်းသိမ်းပြီး စိမ်းလန်းစိုပြည်ရေးနှင့်ပတ်သက်၍လည်း ဝိုင်းဝန်းဆောင်ရွက်ကြရန်လိုကြောင်း၊ မိမိတို့ ပစ္စုပ္ပန်တွင်နေထိုင်နေကြသည့်သူများက ထိန်းသိမ်းဆောင်ရွက်သွားမှသာလျှင် ပြင်ဦးလွင်ဒေသ၏ အေးမြပြီးလတ်ဆတ်သည့်ရာသီဥတုနှင့် သဘာဝပတ်ဝန်းကျင်ကို အနာဂတ်လူငယ်များထံသို့ လက်ဆင့်ကမ်းနိုင်မည်ဖြစ်ကြောင်း၊ အုပ်ချုပ်ရေးဆိုင်ရာတာဝန်ရှိသူများက ဒေသခံများနှင့်အတူ ဝိုင်းဝန်းထိန်းသိမ်း လက်ဆင့်ကမ်းဆောင်ရွက်သွားကြရန်လိုကြောင်းဖြင့် မှာကြားသည်။


ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် သုမင်္ဂလာဈေး(ညံ့တောဈေး) အဆင့်မြင့်ဈေးသစ်တည်ဆောက်ရေးစီမံကိန်းအတွင်း လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှုအခြေအနေများအား လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

⊃ ကျောဖုံးမှအဆက်

ယနေ့ညနေမှ ဇွန်လ ၁၇ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးမည်။ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင်ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။




လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၉ ပေမှ ၁၁ ပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီးရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေးအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

(မိုး/ဇလ)

# ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အမျိုးသား၊ အမျိုးသမီး ဘော်လီဘောဆီမီးဖိုင်နယ်ပွဲစဉ်များကျင်းပ



**တောင်ကြီး ဇွန် ၁၁**

၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် အမျိုးသမီးဘော်လီဘော ဆီမီးဖိုင်နယ်ပွဲစဉ်ကို ယနေ့နံနက် ၈ နာရီတွင် တောင်ကြီးမြို့ ပြည်နယ်အားကစားလေ့ကျင့်ရုံ၌ကျင်းပလျက်ရှိရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ တောင်ကြီးပညာရေးဒီဂရီကောလိပ်မှ သင်တန်းသား၊ သင်တန်းသူများ၊ သူနာပြုသင်တန်းကျောင်းမှ သင်တန်းသူများ၊ အားကာသိပ္ပံ (တောင်ကြီး)မှ ကျောင်းသား၊ ကျောင်းသူများ၊ ဒေသခံပြည်သူများ၊ အားကစားဝါသနာရှင်များ ကြည့်ရှုအားပေးကြသည်။

ဆီမီးဖိုင်နယ်ပထမပွဲစဉ်အဖြစ်အမျိုးသမီး ရှမ်းပြည်နယ်အသင်းနှင့်မန္တလေးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မန္တလေးတိုင်းဒေသကြီးအသင်းက သုံးပွဲတစ်ပွဲဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် ကချင်ပြည်နယ်အသင်းတို့ယှဉ်ပြိုင်ကစားကြရာ ရန်ကုန်တိုင်းဒေသကြီးအသင်းက သုံးပွဲတစ်ပွဲဖြင့်လည်းကောင်း အနိုင်ရရှိသည်။

အမျိုးသား ဆီမီးဖိုင်နယ်ပွဲစဉ်တွင် မန္တလေးတိုင်းဒေသကြီးအသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားရာ မန္တလေးတိုင်းဒေသကြီးအသင်းက သုံးပွဲတစ်ပွဲဖြင့်လည်းကောင်း၊ ရှမ်းပြည်နယ်အသင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရှမ်းပြည်နယ်အသင်းက သုံးပွဲတစ်ပွဲဖြင့်လည်းကောင်း အနိုင်ရရှိသည်။

အဆိုပါ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲကို ဇွန်လ ၁၂ ရက် **(ယနေ့)**၌ အမျိုးသမီးပွဲစဉ်တွင် မန္တလေးတိုင်းဒေသကြီးအသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်း၊ အမျိုးသားပွဲစဉ်တွင် ရှမ်းပြည်နယ်အသင်းနှင့်မန္တလေးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

မောင်မောင်သန်း(တောင်ကြီး)

# သွင်းအားစုများပေးအပ်ခြင်း၊ လယ်ယာဝန်ဆောင်မှုအသင်းများနှင့် ချိတ်ဆက်ထွန်ယက်ခြင်းအခမ်းအနားကျင်းပ



နေပြည်တော် ဇွန် ၁၁

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် မကွေးတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် မင်းရပ်ကွင်းကျေးရွာရှိ ယင်းနားကုန်းစိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေးသမဝါယမအသင်းမှ အသင်းသားတောင်သူ ဦးဇော်ဝင်းနိုင်၏ အောင်နိုင်တိုး အထွက်တိုးမျိုးစံပြနွေစပါး စိုက်ခင်းကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ထို့နောက် မကွေးမြို့ မြို့တော်ခန်းမ၌ သမဝါယမဦးစီးဌာနနှင့် မျိုးစေ့ထုတ်ကုမ္ပဏီများ၊ သွင်းအားစုကုမ္ပဏီများ၊ လယ်ယာသုံးစက်ကိရိယာရောင်းချသည့် ကုမ္ပဏီများ ပူးပေါင်းကျင်းပသည့် သွင်းအားစုများပေးအပ်ခြင်း၊ လယ်ယာဝန်ဆောင်မှုအသင်းများနှင့် ချိတ်ဆက်ထွန်ယက်ခြင်းအခမ်းအနားနှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ရန်ပုံငွေလွှဲပြောင်းပေးအပ်ပွဲအခမ်းအနား တက်ရောက်သည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို ဆွေးနွေးပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီးအတွင်း မျိုးစေ့၊ သွင်းအားစုနှင့် လယ်ယာသုံးစက်ကိရိယာများ ထောက်ပံ့ပေးခဲ့မှုနှင့် လက်ရှိဆောင်ရွက်ပေးနေမှုအခြေအနေများကို ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ဌာနဆိုင်ရာတာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်ပေးနေမှုများကို ရှင်းလင်းတင်ပြကြပြီး အသင်းသားတောင်သူများက သိရှိလိုသည်များမေးမြန်းကြရာ ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် တိုင်းဒေသကြီးအတွင်းရှိ စိုက်ပျိုးရေးသမဝါယမအသင်း ၄၉ သင်းအတွက် အထွက်တိုးစပါးမျိုးများ၊ အစေ့ချစက်များနှင့် သွင်းအားစုမြေဩဇာများကို အသင်းသားတောင်သူများထံသို့လည်းကောင်း၊ တိုင်းဒေသကြီးအတွင်းရှိ ကျေးရွာ ၁၉ ရွာတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ပြည်သူထည့်ဝင်ငွေနှင့် ပူးပေါင်းဆောင်ရွက်ရန်အတွက် ကျေးရွာတစ်ရွာလျှင် နိုင်ငံတော်ထောက်ပံ့ရန်ပုံငွေကျပ် သိန်း ၁၅၀ နှုန်းဖြင့် စုစုပေါင်းငွေကျပ်သိန်း ၂၈၅၀ ကို ကျေးရွာကိုယ်စားလှယ်များထံ လည်းကောင်း ပေးအပ်ကြသည်။

ယင်းနောက် ခင်းကျင်းပြသထားသော လယ်ယာသုံးစက်ကိရိယာအမျိုးမျိုး၊ မျိုးစေ့များ၊ သွင်းအားစုများကို ကြည့်ရှုအားပေးသည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မကွေးမြို့နယ် ရှားပင်လှကျေးရွာ မွေးမြူရေးဇုန်၌ တိုင်းဒေသကြီးသမဝါယမအသင်းစုချုပ်နှင့် မြို့နယ်သမဝါယမအသင်းစုတို့ပူးပေါင်း၍ ဥစားကြက်ကောင်ရေ ၆၀၀၀ မွေးမြူနိုင်ရေးဆောင်ရွက်နေမှုကိုလည်းကောင်း၊ အောင်မြန်မာမွေးမြူရေးနှင့်အထွေထွေစီးပွားရေးသမဝါယမအသင်း၏ ဥစားကြက်ကောင်ရေ ၁၂၀၀၀ မွေးမြူနိုင်ရေး ဆောင်ရွက်နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မကွေးမြို့နယ် လျောင်းတော်ဦးကျေးရွာ၌ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက အသေးစားကုန်ထုတ်လုပ်ငန်းများဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်းဖြင့် ဖွင့်လှစ်ခဲ့သော အခြေခံမော်တော်ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းနည်းပညာသင်တန်းဆင်းပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မကွေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနရုံး၌ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ ဝန်ထမ်းများ၏တင်ပြချက်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ကံပြားကျေးရွာ၌ ကံပြားစိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေးသမဝါယမအသင်းမှ အသင်းသားတောင်သူ ဦးထွန်းဝင်း၏ ယာမြေ ၄ ဒသမ ၄ ဧက၌ ထွန်စက်များဖြင့် ထွန်ယက်ပေးနေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ မြဝတီ

# ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူခြင်းအတွက် တတိယအကြိမ် ထုတိမင်္ဂလာဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်

ရန်ကုန် ဇွန် ၁၁

ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်ကြီးအားကြည်ညိုသပ္ပာယ်စွာ အများပြည်သူများ ဖူးမြော်နိုင်စေရန်အတွက် ငါးနှစ်တစ်ကြိမ် လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူပူဇော်ခြင်းကိုဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူနိုင်စေရန်အတွက် လှူဒါန်းမှုများဆောင်ရွက်ခဲ့ကြသည့် အလှူရှင်များအား တတိယအကြိမ် ထုတိမင်္ဂလာဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ပွဲကို ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦး စေတီတော်တိုးချဲ့ဓမ္မရင်ပြင်ရှိမင်္ဂလာမဏ္ဍပ်၌ကျင်းပရာ ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူပူဇော်ရေးဦးစီးကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် လူမှုရေးရာဝန်ကြီး ဦးငွေအောင်၊ ဒုတိယဥက္ကဋ္ဌ တိုင်းဒေသကြီးသယံဇာတရေးရာဝန်ကြီး ဦးဇော်ဝင်းနှင့် ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦး စေတီတော်ဂေါပကအဖွဲ့ဝင်များ၊ အလှူရှင်များ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုပူဇော်ဖွင့်လှစ်ခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် လူမှုရေးရာဝန်ကြီး၊ သယံဇာတရေးရာဝန်ကြီးနှင့် ဂေါပကအဖွဲ့ဝင်များက အလှူရှင်များအား ထုတိမင်္ဂလာဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ခဲ့ကြပြီး အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတုသုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းခဲ့သည်။

ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦး စေတီတော် လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူပူဇော်မှုကို ဩဝါဒါစရိယဆရာတော်များ၏ ဩဝါဒနှင့်အညီ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီများဖွဲ့စည်း၍ ၂၀၂၄- ၂၀၂၅ ခုနှစ်တွင် ရွှေသင်္ကန်းကပ်လှူပူဇော်ခြင်းလုပ်ငန်းများကို ကုသိုလ်စိတ်ဖြင့် ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦး စေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့မှအောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လင်းခန့်




# လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိ

နေပြည်တော် ဇွန် ၁၁

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Fara Myanmar EV Co., Ltd. မှတင်သွင်းလာသော တရုတ်နိုင်ငံထုတ် GAC Toyota BZ4X အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သိရသည်။

မြဝတီ



ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၂-၆-၂၀၂၅

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၈၄၅ | ၂၉၅၅ | ၂၉၂၅ | ၂၈၆၀ | ၂၉၆၅ | ၂၉၈၀ | ၂၉၉၅ | ၂၉၁၅ | ၄၅၀၅ | ၃၂၁၀ | ၂၉၃၀ | ၂၉၃၅ | ၃၀၀၅ | ၂၉၇၀ | ၂၉၉၀ | ၃၂၄၅ |
| 95 Ron | ၂၈၉၅ | ၃၀၀၅ | ၂၉၇၅ | ၂၉၁၀ | ၃၀၁၅ | ၃၀၃၀ | ၃၀၄၅ | ၂၉၆၅ | ၄၅၆၀ | ၃၂၅၅ | ၂၉၈၀ | ၂၉၈၅ | ၃၀၅၅ | ၃၀၁၅ | ၃၀၄၀ | ၃၂၉၅ |
| HSD (500 ppm) | ၂၃၇၅ | ၂၄၉၀ | ၂၄၅၅ | ၂၃၉၀ | ၂၄၉၅ | ၂၅၁၀ | ၂၅၃၀ | ၂၄၅၀ | - | ၂၇၄၀ | ၂၄၆၅ | ၂၄၆၅ | ၂၅၃၅ | ၂၅၀၀ | ၂၅၂၅ | ၂၇၈၀ |
| HSD (50 ppm) | ၂၉၅၀ | ၃၀၆၅ | ၃၀၃၀ | ၂၉၆၅ | ၃၀၇၀ | ၃၀၈၅ | ၃၁၀၀ | ၃၀၂၀ | ၄၈၃၀ | ၃၃၁၅ | ၃၀၄၀ | ၃၀၄၀ | ၃၁၁၀ | ၃၀၇၅ | ၃၀၉၅ | ၃၃၅၅ |
| HSD (10 ppm) | ၂၉၅၀ | ၃၀၆၅ | ၃၀၃၀ | ၂၉၆၅ | ၃၀၇၀ | ၃၀၈၅ | ၃၁၀၀ | ၃၀၂၀ | - | ၃၃၁၅ | ၃၀၄၀ | ၃၀၄၀ | ၃၁၁၀ | ၃၀၇၅ | ၃၀၉၅ | ၃၃၅၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၆၇၉ | ၂၇၆၆ |
| 95 Ron | ၂၇၂၇ | ၂၈၁၅ |
| HSD (500 ppm) | ၂၂၂၇ | ၂၃၀၁ |
| HSD (50 ppm) | ၂၇၈၂ | ၂၈၆၇ |
| HSD (10 ppm) | ၂၇၈၂ | ၂၈၆၇ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်–

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက်ဆက်လက်ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇွန် ၁၁

မြန်မာနိုင်ငံတွင်လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့်နေရာများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အဖွဲ့အစည်းအသီးသီးက ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။



စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံတို့ စစ်ကိုင်းပညာရေးတက္ကသိုလ်အတွင်းရှိ Grade-12 စာမေးပွဲပြန်လည်ဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများအား အနီးကပ်စခန်းသွင်းလေ့ကျင့်သင်ကြားပေးနေမှုကိုကြည့်ရှုအားပေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးမိုးအောင် ချမ်းအေးသာစံမြို့နယ် မောရဂီဝါ ရပ်ကွက်တွင် ငလျင်ဒဏ်ကြောင့်ထိခိုက်ပျက်စီးခဲ့သော ဖြိုချဖျက်ဆီးဆဲ အန္တရာယ်ရှိအဆောက်အအုံ များ၌ စက်ယန္တရားကြီးများအသုံးပြု၍ အင်တိုက်အားတိုက် ရှင်းလင်းရေးဆောင်ရွက်နေမှုအခြေအနေ ကို ကြည့်ရှုစစ်ဆေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင် ချမ်းမြသာစည်မြို့နယ် တမ္ပဝတီရပ်ကွက်ရှိ အမှတ်(၇)အခြေခံပညာအထက်တန်းကျောင်း၌ ပညာသင်ကြားနေကြသော ကျောင်းသား၊ ကျောင်းသူများအား ရင်းရင်းနှီးနှီးတွေ့ဆုံ နှုတ်ဆက်အားပေးစကားပြောကြားစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးသန့်နိုင် ကျောက်ဆည်မြို့၊ စုကြီးရပ်ကွက်ရှိ ကျောက်သေတ္တာစေတီ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများအတွက် လိုအပ်သောပစ္စည်းများသယ်ယူရန် စတီးကြိုးတပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့၊ ပတ္တမြားရပ်ကွက် စစ်ကိုင်းပညာရေးတက္ကသိုလ်အတွင်းရှိ Grade-12 စာမေးပွဲပြန်လည်ဖြေဆိုမည့်ကျောင်းသား၊ ကျောင်းသူများ အနီးကပ်စခန်းသွင်းလေ့ကျင့်နေမှုများနှင့် လေ့ကျင့်သင်ကြားပေးနေမှုများကို ကြည့်ရှုအားပေးပြီး ငလျင်ဒဏ်ကြောင့်ထိခိုက်ပျက်စီးခဲ့သော စာသင်ဆောင်များကို ကျောင်းဖွင့်ရာသီအမီ ပြင်ဆင်ထားရှိမှုများအား လိုက်လံကြည့်ရှု၍ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဗိုလ်ချုပ်ကြီးနှင့် တာဝန်ရှိသူများသည် ငလျင်ဒဏ်ကြောင့်ပြိုကျပျက်စီးခဲ့သော စစ်ကိုင်းမြို့ရှိဘုရားစေတီပုထိုးများ၊ သာသနိကအဆောက်အအုံများနှင့် ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများနှင့် နေအိမ်အဆောက်အအုံများ၌ အပျက်အစီးများအား စက်ယန္တရားကြီးများဖြင့် မိုးမကျမီ အရှိန်အဟုန်မြှင့်ဖယ်ရှားရှင်းလင်းနေမှုများ၊ စစ်ကိုင်းမြို့ရှိ ပြည်သူများအတွက် တပ်မတော်ရေသန့်စက်ဖြင့် ရေပေးဝေနေမှုနှင့် တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်ပေးနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးမိုးအောင်နှင့်တာဝန်ရှိသူများသည် မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ မောရဂီဝါရပ်ကွက်၊ ထင်းဝန်းရပ်ကွက်၊ ချမ်းအေးသာစံ အလယ်ရပ်ကွက်များရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော အန္တရာယ်ရှိအဆောက်အအုံများ၌ဖြိုချရှင်းလင်းရန်ကျန်အဆောက်အအုံများအား လုပ်ငန်းဆောင်ရွက်ရန် ပြင်ဆင်ထားရှိမှု၊ ဖြိုချပြီးအပျက်အစီးများ အပြီးသတ်ရှင်းလင်းနေမှု၊ ဖြိုချဖျက်ဆီးဆဲ အန္တရာယ်ရှိအဆောက်အအုံများ၌ စက်ယန္တရားကြီးများအသုံးပြု၍ အင်တိုက်အားတိုက် ရှင်းလင်းရေးဆောင်ရွက်နေမှု၊ အများပြည်သူအသုံးပြုမှုများသည့် လမ်းမကြီးများ၌ လမ်းပိတ်ဆို့မှုမဖြစ်ပေါ်စေရေးနှင့် အန္တရာယ်ကင်းစွာသွားလာနိုင်ရေး ဆောင်ရွက်ထားရှိမှုများနှင့် အောင်မြေသာစံမြို့နယ်၊ အမရဌာနီအရှေ့ရပ်နှင့် အောင်မြေသာစံရပ်ကွက်ရှိ ငလျင်ဒဏ်ကြောင့်ထိခိုက်ပျက်စီးခဲ့သော သာသနိကအဆောက်အအုံများအားကြည့်ရှုစစ်ဆေး၍ ကျောင်းထိုင်ဆရာတော်ကြီးများအား အလှူငွေများ ဆက်ကပ်လှူဒါန်းပြီး ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင်နှင့် တာဝန်ရှိသူများသည် မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကျွန်းလုံးဥသျှောင်ရပ်ကွက်၊ အမရပူရမြို့နယ်၊ ငယ်တိုးကျေးရွာအုပ်စု၊ ရွှေလွန်းကျေးရွာနှင့် ဈေးချိုရပ်ကွက်တို့ရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော ဘုရားစေတီများနှင့် သာသနိကအဆောက်အအုံများ၌ အပျက်အစီးများအားတပ်မတော်သားများက အင်တိုက်အားတိုက် ရှင်းလင်းဖယ်ရှားနေမှု၊ စက်ယန္တရားကြီးများအသုံးပြု၍ ဖယ်ရှားရှင်းလင်းနေမှုနှင့် ပြန်လည်တူးဖော်ရရှိသော ရှေးဟောင်းဌာပနာပစ္စည်းများအား စနစ်တကျထိန်းသိမ်းဆောင်ရွက်ထားရှိမှုတို့ကိုကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များမှာကြားပြီး ကျောင်းထိုင်ဆရာတော်ကြီးများအား အလှူငွေများ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် ချမ်းမြသာစည်မြို့နယ်၊ တမ္ပဝတီရပ်ကွက်ရှိအမှတ်(၇)အခြေခံပညာအထက်တန်းကျောင်း၌ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော အပျက်အစီးများအား ဖယ်ရှားရှင်းလင်းပေးနေမှုများကို ကြည့်ရှုစစ်ဆေး၍ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများအတွက် တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ပင်းယဆောင်တွင် ပညာသင်ကြားနေကြသော ကျောင်းသား၊ ကျောင်းသူများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်အားပေးစကားများ ပြောကြားသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးသန့်နိုင်နှင့်တာဝန်ရှိသူများသည် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ကျောက်ဆည်မြို့၊ ဆူးကုန်းရပ်ကွက်နှင့် ကြက်မင်းတွန်ရပ်ကွက်များရှိ ခရိုင်/မြို့နယ် စိုက်ပျိုးရေးဝန်ထမ်းအိမ်ရာ အဆောက်အအုံများ၊ ဆူးကုန်းရပ်ကွက်ရှိ မြို့နယ်လျှပ်စစ်ရုံးတို့အား သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ဆူးကုန်းရပ်ကွက်ရှိပြည်သူ့ဆေးရုံကြီး၌ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးနေမှုများ၊ ကျောက်ဆည်မြို့၊ စုကြီးရပ်ကွက်ရှိကျောက်သေတ္တာစေတီ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများအတွက် လိုအပ်သောပစ္စည်းများသယ်ယူရန် စတီးကြိုးတပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ကျောက်ဆည်မြို့နယ်အတွင်းရှိ ငလျင်ဒဏ်ကြောင့်ပျက်စီးသွားသော ဘုရားစေတီများ၊ သာသနိကအဆောက်အအုံများနှင့် နေအိမ်အဆောက်အအုံများ ပြန်လည်ပြုပြင်တည်ဆောက်ရေးအတွက် လိုအပ်လျက်ရှိသော ဘိလပ်မြေ၊ သံချောင်းနှင့် အထပ်သားပြားများကို စက်ရုံထုတ်အထူးဈေးနှုန်းဖြင့် ရောင်းချပေးနေမှုများအား သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့်ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဆင်လမ်းရေလှောင်တမံအတွင်း ရေသိုလှောင်ထားရှိမှုကိုကြည့်ရှုစစ်ဆေးစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဆင်လမ်းရေလှောင်တမံ ရေပိုလွှဲနေရာ၌ အဆင့်မြှင့်တင်ဆောင်ရွက်နိုင်မည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

★ ရှေ့ဖုံးမှအဆက်

**ဆင်လမ်းရေလှောင်တမံ ရေပိုမိုသိုလှောင်ထားရှိနိုင်ရေး**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဆင်လမ်းရေလှောင်တမံသို့ရောက်ရှိကြပြီး ပြင်ဦးလွင်ဒေသရေဖူလုံရေးအတွက် ရေလှောင်တမံအား အဆင့်မြှင့်တင်ဆောင်ရွက်သွားနိုင်မည့်အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်နှင့် တာဝန်ရှိသူများက ဆင်လမ်းရေလှောင်တမံရေပိုလွှဲ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းဆောင်ရွက်နိုင်မည့်အခြေအနေများနှင့် လုပ်ငန်းဆောင်ရွက်ပြီးစီးပါက ရေလွှမ်းခြုံပေးဝေနိုင်မည့်အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။ ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များ လမ်းညွှန်မှာကြားပြီး ရေလှောင်တမံအတွင်း ရေသိုလှောင်ထားရှိမှုနှင့် ရေပိုလွှဲနေရာ၌ အဆင့်မြှင့်တင်ဆောင်ရွက်နိုင်မည့် အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပြင်ဦးလွင်မြို့၊ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းသို့ရောက်ရှိကြရာ ကျောင်းအုပ်ချုပ်မှုတာဝန်ခံအရာရှိနှင့် ဆရာ၊ ဆရာမများက ကြိုဆိုနှုတ်ဆက်ကြသည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် စာသင်ခန်းများအတွင်း ကျောင်းသား၊ ကျောင်းသူများ၏ ပညာသင်ကြားနေမှုအခြေအနေများ၊ ကျောင်းစာကြည့်တိုက်ဆောင်ရွက်ထားရှိမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

**“အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက”ဟူသည့် ဆောင်ပုဒ်နှင့်အညီ အနာဂတ်နိုင်ငံတော်အတွက် စိတ်ဓာတ်စည်းကမ်း ကောင်းမွန်သည့် ပညာတတ်လူသားအရင်းအမြစ်ကောင်းများ မွေးထုတ်ပေးနိုင်ရမည်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ကျောင်းစုံညီခန်းမ၌ ဆရာ၊ ဆရာမများအား တွေ့ဆုံ၍ အမှာစကားပြောကြားရာတွင် “အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက” ဟူသည့်အတိုင်း ကျောင်းသား၊ ကျောင်းသူများ၏ အတန်းပညာတတ်မြောက်ရေးအပြင် စိတ်ဓာတ်နှင့် စည်းကမ်းကောင်းမွန်ရေးအတွက်ကိုလည်း သင်ကြားရေးတာဝန်ယူထားရသည့် ဆရာ၊ ဆရာမများက ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ စာရင်းကောက်ယူထားရှိသည့် ကိန်းဂဏန်းအချက်အလက်များ မိမိတို့နိုင်ငံအနေဖြင့် ပညာရေးအားပေးမြှင့်တင်ရန် လိုအပ်ချက်များစွာရှိနေဆဲဖြစ်ပြီး လူဦးရေ၏ ၅၀ ရာခိုင်နှုန်းခန့်မှာ ပညာရေးအားနည်းလျက်ရှိနေကြောင်း၊ ကလေးငယ်များအား မိဘများအနေဖြင့် သွန်သင်ဆုံးမပေးမှုများရှိသကဲ့သို့ ဆရာ၊ ဆရာမများကလည်း သွန်သင်ပေးမှုများရှိကြောင်း၊ ငယ်စဉ်ကလေးဘဝတွင် ကျောင်းတက်ရသည့် အချိန်များသဖြင့် ဆရာ၊ ဆရာမများ၏ သွန်သင်ဆုံးမပေးမှုကို ပိုမိုရရှိကြကြောင်း၊ ကျောင်းလုံးဝမနေဘူးသူများအနေဖြင့် ဆရာ၊ ဆရာမများ၏ သွန်သင်မှုအောက်တွင် နေခဲ့ရခြင်းမရှိခဲ့ကြောင်း၊ အတန်းပညာသင်ကြားပေးရမည်ဖြစ်သကဲ့သို့ စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်ရေး၊ တိုင်းချစ်ပြည်ချစ်စိတ်နှင့် မျိုးချစ်စိတ်ဓာတ်များမြင့်မားစေရေးတို့အတွက်လည်း ဆရာ၊ ဆရာမများအနေဖြင့် စနစ်တကျလေ့ကျင့်သင်ကြားပေးရန်လိုကြောင်း၊ စိတ်ဓာတ်စည်းကမ်းကောင်းမွန်ရေး၊ အမျိုးသားရေးစိတ်ဓာတ်မြင့်မားရေးသည် အဓိကအရေးကြီးကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပြင်ဦးလွင်မြို့၊ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ချုပ်မှုတာဝန်ခံအရာရှိနှင့် ဆရာ၊ ဆရာမများက ကြိုဆိုနှုတ်ဆက်ကြစဉ်။

**မိမိတို့နိုင်ငံတွင် ဖြစ်ပွားလျက်ရှိသည့် မတည်မငြိမ်မှုများနှင့် အကြမ်းဖက်မှုဖြစ်စဉ်များကို ကြည့်မည်ဆိုပါက** ပညာရေး

**❖ ဆရာ၊ ဆရာမများအနေဖြင့် မိမိတို့သင်ကြားပေးနေရသည့် ကလေးငယ်များအား အတန်းပညာသင်ကြားပေးခြင်းအပြင် အကောင်းအဆိုး၊ အကြောင်းအကျိုးကို ခွဲခြားသိမြင်နိုင်စွမ်းရှိစေမည့် အသိပညာနှင့် အတွေးအမြင်များကို သင်ကြားပေးရမည်ဖြစ် . . .**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြင်ဦးလွင်မြို့၊ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း စာသင်ခန်းများအတွင်း ကျောင်းသား၊ ကျောင်းသူများ၏ ပညာသင်ကြားနေမှုအခြေအနေများကို ကြည့်ရှုအားပေးစဉ်။

**ကို တွေ့ရှိရမည်ဖြစ်**ကြောင်း၊ **အတန်းပညာတတ်မြောက်မှုအားနည်းခြင်း၊ သိမြင်တွေးခေါ်နိုင်မှုအားနည်းခြင်းတို့ကြောင့် အကြမ်းဖက်မှုလုပ်ရပ်များကို လုပ်ဆောင်လာကြခြင်းဖြစ်ပြီး ဒေသနှင့်ဒေသခံများ၏ လူမှုစီးပွားဘဝများကိုပါ ထိခိုက်လာ**စေကြောင်း၊ ထို့ကြောင့် ဆရာ၊ ဆရာမများအနေဖြင့် မိမိတို့သင်ကြားပေးနေရသည့် ကလေးငယ်များအား အတန်းပညာသင်ကြားပေးခြင်းအပြင် အကောင်းအဆိုး၊ အကြောင်းအကျိုးကို ခွဲခြားသိမြင်နိုင်စွမ်းရှိစေမည့် အသိပညာနှင့် အတွေးအမြင်များကို သင်ကြားပေးရမည်ဖြစ်ကြောင်း၊ ငယ်စဉ်ကလေးဘဝကတည်းက စနစ်တကျဖြင့် နေထိုင်သွားလာတတ်စေရေး၊ သန့်ရှင်းသပ်ရပ်မှုရှိစေရေး၊ လိမ္မာယဉ်ကျေးမှုရှိစေရေး သင်ကြားလေ့ကျင့်ပေးမှသာလျှင် အနာဂတ်ဘဝလမ်းတစ်လျှောက်၌ သာယာကောင်းမွန်သည့်လူမှုဘဝကိုရရှိစေမည်ဖြစ်ကြောင်း။

ကျောင်းစာကြည့်တိုက်နှင့်ပတ်သက်၍ ကျောင်းသား၊ ကျောင်းသူများ၏ အသက်အရွယ်နှင့်ကိုက်ညီသည့် စာအုပ်များထားရှိရန်လိုပြီး ကျောင်းသား၊ ကျောင်းသူများနှင့် မသက်ဆိုင်သည့် စာအုပ်၊ စာပေများ မထားရှိရန် လိုကြောင်း၊ ကျောင်းသား၊ ကျောင်းသူများ သုတ၊ ရသ စာပေများဖတ်ရှုလေ့လာခြင်းဖြင့် အသိပညာ အတတ်ပညာများတိုးပွားလာပြီး ၎င်းတို့ဘဝအတွက် များစွာ အထောက်အကူပြုစေမည်ဖြစ်ကြောင်း၊ အတန်းပညာကို သင်ကြားမှုမှ ရရှိသကဲ့သို့ အသိပညာအား စာအုပ်စာပေများဖတ်ရှုခြင်းမှ ရရှိနိုင်ကြောင်း၊ ကလေးငယ်များကို သင်ကြားလေ့ကျင့်ပေးရသည့်သူများဖြစ်သည့် ဆရာ၊ ဆရာမများအနေဖြင့်လည်း အသိပညာများပြည့်ဝစေရေး စာပေဖတ်မှတ်လေ့လာခြင်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်စေလိုကြောင်း၊ မိမိတို့တာဝန်ယူထားရသည့် ဘာသာရပ်များအလိုက် ကျွမ်းကျင်ပိုင်နိုင်စွာ သင်ကြားလေ့ကျင့်ပေးနိုင်ရမည်ဖြစ်သကဲ့သို့ မိမိတို့ ကြုံတွေ့ခဲ့ရသည့် ဘဝအတွေ့အကြုံများ၊ စာပေဖတ်မှတ်ခြင်းမှရရှိခဲ့သည့် အသိအမြင်များကိုလည်း ကလေးငယ်များထံသို့ မျှဝေပေးနိုင်ရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ပေးနိုင်မှသာလျှင် မိမိတို့နိုင်ငံ၏ အနာဂတ်ကို ဦးဆောင်ကြမည့် အနာဂတ်မျိုးဆက်သစ် လူသားအရင်းအမြစ်ကောင်းများကို ပိုမိုမွေးထုတ်ပေးနိုင်မည်ဖြစ်ကြောင်း။

နိုင်ငံတော်အနေဖြင့်လည်း ပညာရေးကို ဘက်ပေါင်းစုံမှအားပေးမြှင့်တင်လျက်ရှိပြီး သင်ကြားရေးဝန်ထမ်းများအတွက်လည်း ဝတ်စုံစရိတ်များ၊ အိမ်ငှားခများ၊ ထောက်ပံ့ကြေးများ၊ ပညာရပ်ပိုင်းဆိုင်ရာ ချီးမြှင့်မှုများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ပေးနေခြင်းမှာ သင်ကြားရေးတာဝန်ယူထားရသည့် ဆရာ၊ ဆရာမများအနေဖြင့် မိမိတို့၏ လုပ်ငန်းတာဝန်များကို ပျော်ပျော်ရွှင်ရွှင်ဖြင့် ကျေပွန်စွာ၊ အာရုံစူးစိုက်မှုအပြည့်ရှိစွာဖြင့် ထမ်းဆောင်စေလို၍ဖြစ်ကြောင်း၊ အနာဂတ်တိုင်းပြည်အတွက် စိတ်ဓာတ်စည်းကမ်းကောင်းမွန်သည့်၊ အရည်အသွေးပိုမိုကောင်းမွန်သည့် လူသားအရင်းအမြစ်ကောင်းများ မွေးထုတ်ပေးနိုင်ရေး ဆရာ၊ ဆရာမများ အနေဖြင့်

**စာမျက်နှာ ၁၁ သို့ ★**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ
နိုင်ငံတော်ဝန်ကြီးချုပ်
ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
ပြင်ဦးလွင်မြို့၊ အမှတ်(၃)
အခြေခံပညာအထက်တန်းကျောင်း
အတွင်း ကျောင်းစာကြည့်တိုက်
ဆောင်ရွက်ထားရှိမှု
အခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ
နိုင်ငံတော်ဝန်ကြီးချုပ်
ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
ပြင်ဦးလွင်မြို့၊ အမှတ်(၃)
အခြေခံပညာအထက်တန်းကျောင်းရှိ
ဆရာ၊ ဆရာမများအား
တွေ့ဆုံအမှာစကားပြောကြားစဉ်။

MYAWADY IN ENGLISH
www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing inspects endeavours for ensuring sufficient water supply, education promotion and cleanliness and beautification in PyinOoLwin





Senior General Min Aung Hlaing provides means for facilitation of work to upgrade Hsinland Dam.

NAY PYI TAW June 11

Chairman of State Administration Council Prime Minister Senior General Min Aung Hlaing, accompanied by SAC Joint Secretary General Ye Win Oo, members of the entourage, Mandalay Region Chief Minister, and officials, inspected endeavours for ensuring sufficient water supply, education promotion and cleanliness and beautification in PyinOoLwin area this morning.

**Storage capacity enhancement of Hsinland Dam**

First, the Senior General and party inspected means to upgrade Hsinland Dam for providing sufficient water supply to areas in and around PyinOoLwin. Union Minister for Agriculture, Livestock and Irrigation U Min Naung and officials presented a report on the conditions under which its spillway can be upgraded and the area water supply capacity can cover when completed. After giving necessary guidance, the Senior General observed the water storage of the dam and spillway improvement programs.

On arrival at No 3 Basic Education School, PyinOoLwin, the Senior General and party were welcomed by the school administrator and teachers. The Senior General observed classroom learning and the school library and looked into the requirements of the reports presented by officials.

**Educated human resources with high morale level must be generated in accord with the saying "Discipline starts at schools"**

At his meeting with teachers at the assembly hall, the Senior General said as the saying goes "Discipline starts at school" teachers are responsible for improving the morale and discipline of their pupils, apart from educating them. Statistics in hand indicate many shortages in education promotion programs of the country where 50 percent of its population is lacking education. As parents nurture their children to grow and develop optimally, teachers also have the same duty. Children are under the care and teachings of teachers more during their childhood years as they have to spend their time more at schools. But persons who haven't attended class totally miss the teachings and care of the teachers. Teachers must methodically nurture their pupils to have good discipline, morale and patriotism, apart from providing them school education. Good discipline and morale and high national spirit are important.

A study of the instability and terrorism show that they occur more in the areas where education is weak. Lack of education and knowledge leads to



Senior General Min Aung Hlaing visits school library of BEHS 3.



Senior General Min Aung Hlaing meets school children at BEHS 3.

See Page - 21▶▶

►► From Page - 21

efforts to ensure its systematic development.

PyinOoLwin is a city with a strong educational tradition and is a hub for the development of private high schools. It should continue to uphold its educational legacy, maintaining its status as an educational city by producing disciplined, high-quality human resources. Achieving educational excellence requires collaboration among students, teachers, parents, and administrative oversight.

To keep PyinOoLwin lush and beautiful with trees and flowers, bylaws must be enforced to prevent indiscriminate tree felling. Internationally, laws protect against deforestation, and not only the Forestry Department but also various administrative bodies are responsible for forest conservation. Efforts must be made to replant and preserve trees and forests to ensure PyinOoLwin remains green and vibrant.

**Regarding land use, the Farm land Law and the laws on vacant and uncultivated land have already been enacted, and it is necessary to proceed in accordance with the permissions prescribed by these laws.** Officials are required to strictly adhere to the rules and regulations established by law. **Encroachments and unauthorized land use have been observed in certain areas, and it is necessary to take action in accordance with the highways law.** The country is encountering challenges in implementing development activities due to the lack of strict enforcement of existing laws. Therefore, it is essential to be aware of and comply with the issued laws and regulations, and to fulfill the assigned duties and responsibilities. In PyinOoLwin, while some individuals are operating in accordance with the specified permits and land use regulations, others are utilizing land in ways that violate those regulations. Officials must take strict measures to ensure that land use is properly regulated and systematically managed.

As the State Administration Council assumes responsibility of the State and advances along the path of democracy, it is essential in a democratic system to know and understand the law. Accordingly, all department heads have been attending legal training. Similarly, basic education schools are providing KG + 12 students with foundational instruction in the basics of law. The curriculum covers laws that are accessible to students of all ages, including the Constitution, Criminal Law, Gambling Law, Human Trafficking Law, and Drug Law. KG + 12 students are typically between the ages of 17 and 18 and are required to vote upon reaching the age of 18. Therefore, the purpose of teaching the law is to help students understand its principles, and they are not required to take formal examinations on the subject. Teachers responsible for instructing basic law have also undergone Training of Trainers (TOT) courses to enhance their understanding of the subject. Through this, KG + 10 and KG + 11 students will continue to be taught the basics of law to enhance their understanding. Similarly, universities across various regions and states are offering basic courses in law and economics to help students understand the legal principles fundamental to democracy and to gain insights into economic concepts. Just as the BA (Law) program is offered to educate students about the law, the BA (Economics) program is likewise provided to impart knowledge of economics.

All departmental officials must collaborate to implement initiatives that uphold and reflect the honor of PyinOoLwin. The government will establish policies, and it is the responsibility of the relevant departments to ensure their effective implementation. District administrators bear the primary responsibility for the development of their districts and must provide effective leadership to ensure benefits for both the region and its local communities. He stated that during his tenure, he has been visiting cities across regions and states, continuously providing guidance on the requirements for local development. He stated that this is not a political act; rather, it involves doing what is right for the benefit of the country, advancing the interests of both the region and the nation, and acting in the national interest.

He also stated that it is necessary to work together to preserve trees and forests and maintain their greenery. The cool and temperate climate and natural environment of the PyinOoLwin region can only be preserved for future generations if those living today take active measures to protect it. Administrative officials need to work hand in hand with local residents to maintain and protect the region.

The Senior General then inspected the progress of the new upgraded market construction project at Thumingala Market (Nyantaw Market) and provided necessary guidance based on presentations by the officials. **100**

# Farmers harvest more than 7,000 acres of maize and sweet corns in Myinmu Township

MYINMU June 11

According to records from the Sagaing District Agriculture Department, a total of 7,932 acres of maize and sweet corn cultivated during the winter cropping season have now been fully harvested in Myinmu Township, Sagaing District, Sagaing Region.

During the winter cropping season in Myinmu Township, a total of 7,932 acres of maize and sweet corn were planted. The harvesting process began in January of this year, and as of today, 2,177 acres of maize have been harvested, yielding an average of 52.73 baskets per acre, while 5,755 acres of sweet corn have been harvested, producing over 27,000 ears of corn.

"Myinmu Township had a total of 7,932 acres of maize cultivation, including sweet corn. As of now, 100 percent of the cultivated area has been harvested. To ensure successful maize production, we provided farmers with educational training and took measures to prevent pest and disease infestations," said Daw Thida Lwin, the head of the Sagaing District Agriculture Department.

The Myinmu Township Agriculture Department provided training sessions, demonstration programs, and guidance on pest prevention, including integrated crop protection methods. Farmers were also educated on the use of neem-based pesticides and organic treatments like ginger and chili extracts for pest control.

In terms of yield and costs, seed-producing maize in Myinmu Township produces over 50 baskets per acre, with a cultivation cost of around Ks-500,000 per acre. Sweet corn yields approximately 15,000 ears per acre, with a cultivation cost exceeding Ks-500,000 per acre. **SMK**

# Kyunhla Township finishes reaping all winter sesame plantations

KYUNHLA June 11

Statistics of Kyunhla Township Agriculture Department mentioned that all sown acreage of winter sesame has been harvested in Kyunhla Township of Sagaing Region.

Local farmers planted 14,036 acres of winter sesame in Kyunhla Township. They started harvesting of crops in December last year. So far, they have harvested all plantations of winter sesame, yielding 16.41 baskets per acre.

Daw Myint Myint Yi, Head of Kyunhla Township Agriculture Department, said: "Farmers planted more than 14,000 acres of winter sesame. Now, they have reaped all sown acreage of crops. Sown acreage of crop is on the rise yearly. Farmers prefer to grow sesame in winter rather than monsoon,"

In Kyunhla Township, the Township Agriculture Department has provided knowledge to sesame farmers on expanding sesame cultivation, cultivation techniques, GAP (Good Agricultural Practices), growing high-quality seeds, and cultivating high-yield varieties.

Crops produced using the GAP system are of higher quality, fetch better prices, and can be marketed not only domestically but also internationally compared to crops grown using other methods. Due to these benefits, farmers adopting the GAP system can achieve greater economic prosperity, leading to improvements in their overall socio-economic conditions.

**SK**

# Farmers harvest more than 4,000 acres of maize and sweet corns in Katha Township

KATHA June 11

According to records from the Katha Township Department of Agriculture, a total of 4,088 acres of maize and sweet corns planted during the winter growing season have been harvested in Katha Township, Sagaing Region.

During the winter growing season in Katha Township, farmers cultivated 4,088 acres of maize and sweet corns. The harvesting process began in January of this year, and as of today, all acres have been fully harvested. The yield included 193 acres of maize, producing an average of 36.40 baskets per acre, and 3,895 acres of sweet corns, producing over 30,000 cobs per acre.

"The 4,088 acres of maize and sweet corns have now been fully harvested. To ensure a successful yield, we provided farmers with education and guidance on crop management, including pest and disease prevention," said U Ko Lay, the head of the Katha Township Department of Agriculture.

The department has supported local farmers by offering training sessions, field demonstrations, and preventive measures against fall armyworms. Moreover, farmers received guidance on integrated pest management, including the use of neem-based pesticides and natural pest control methods such as applying ginger and chili solutions.

Regarding production costs and yields, farmers in Katha Township reported that maize yields over 50 baskets per acre, with an estimated cultivation cost of Ks-500,000 per acre. Meanwhile, sweet corns produces around 15,000 cobs per acre, with costs exceeding Ks-500,000 per acre.

**SMK**

# Curfew imposed in Los Angeles following days of riots

LOS ANGELES June 11

A curfew has been imposed in downtown Los Angeles following several days of rioting and looting sparked by immigration raids.

The restrictions will be in effect from 8 pm to 6 am local time, Mayor Karen Bass announced on Tuesday. Police will arrest anyone violating the curfew, which is expected to remain in place for several days.

Bass said the decision came after "a tipping point" was reached, adding that 23 businesses had been looted the previous night.

The curfew covers roughly one square mile, bordered by the 5 Freeway, the 110 Freeway, and the 10 Freeway up to where it merges with the 110 and 5, according to NBC Los Angeles.

Residents of the area will be exempt, along with emergency and safety personnel, journalists, and homeless individuals, LAPD Chief Jim McDonnell said.

"The curfew is a necessary measure to protect lives and safeguard property after several consecutive days of growing unrest throughout the city," he said.

Riots broke out on Friday night after federal agents detained several individuals during President Donald Trump's crackdown on illegal immigration. More than 350 people have been arrested so far, including 197 on Tuesday. Footage from news helicopters showed crowds still gathering in the streets. California Governor Gavin Newsom and city officials have condemned Trump's decision to deploy the National Guard and active-duty Marines to quell the unrest, calling it unlawful and escalatory.




"It's a step toward authoritarianism," Newsom said on Thursday, labeling Trump "a failed dictator."

The President defended his actions during a visit to Fort Bragg, North Carolina on Tuesday. "We will liberate Los Angeles and make it free, clean, and safe again," he said.

**RT**

# Peace in Ukraine serves US National Interests - Pentagon Chief

WASHINGTON June 11

Achieving peace in Ukraine would serve the national interests of the United States and both parties to the conflict, US Secretary of Defence Pete Hegseth said on Wednesday.

"We've said time and time again, this President [Donald Trump] is committed to peace in that conflict. Ultimately, peace serves our national interests, and we think the interest of both parties, even if that outcome will not be preferable to many in this room and many in our country," Hegseth said in a testimony before the Senate Appropriations Committee's defence subcommittee.

Although the US "applauds" the efforts of the Ukrainians on the battlefield, it is important to stop the violence and the killings, which is possible through achieving a negotiated peace, the defence secretary added.

Hegseth said that the policy of the previous US administration has driven Russia and China closer together.

He also claimed that Beijing would "prefer a prolonged conflict" between Russia and Ukraine that would keep the US "tied down."

**Sputnik**

# 28 killed near Gaza aid center by Israeli army: Palestinian media

GAZA June 11

At least 28 Palestinians were killed on Wednesday by the Israeli army near an aid distribution center in the central Gaza Strip, the Palestinian official news agency WAFA reported.

The attack also injured dozens of others, WAFA said. Seperately, two people were killed on Wednesday in an Israeli drone strike on the New Camp area north of Nuseirat, the central Gaza Strip, according to sources in Al Awda Hospital.

In the south, four people were killed in an Israeli airstrike that hit a tent sheltering displaced persons in northwest of Khan Younis, medical teams in the southern city's Nasser Hospital said.

The Israeli side has not commented on these incidents.

Meanwhile, the Israeli military operation in the West Bank has persisted. According to WAFA, A Palestinian man was killed late Tuesday night by the Israeli forces in the town of Tammun, south of Tubas, the northern West Bank.

Israeli special units infiltrated the town, shot Raiq Abdul Rahman Bisharat, 47, and detained his body, WAFA said. Besides, the Israeli forces raided houses in the town and arrested two young men, it added.

The Israel Defence Forces said in a statement on Wednesday that overnight, Israeli forces conducted "counterterrorism activity" to apprehend wanted militants in Tammun.

At least 4,701 Palestinians had been killed and 14,879 others injured since Israel renewed its intensive strikes in Gaza on March 18, bringing the total death toll since October 2023 to 54,981, and injuries to 126,920, Gaza-based health authorities said on Tuesday.

**Xinhua**

# Iran's FM says nuclear deal with U.S. "within reach"

TEHRAN June 11

Iranian Foreign Minister Seyed Abbas Araghchi said on Wednesday that an agreement with the United States to ensure the "continued peaceful nature" of Tehran's nuclear program is "within reach."

He made the remarks in a post on social media platform X as the sixth round of indirect nuclear talks between Iran and the United States is scheduled to take place on Sunday in the Omani capital Muscat.

"(U.S.) President (Donald) Trump entered office saying that Iran should not have nuclear weapons. That is actually in line with our own doctrine and could become the main foundation for a deal," he said.

Araghchi added that as the two sides would resume talks on Sunday, "it is clear that an agreement that can ensure the continued peaceful nature of Iran's nuclear program is within reach -- and could be achieved rapidly."

The Iranian minister, however, stressed that the "mutually-beneficial outcome" depended on two conditions: "the continuation of Iran's enrichment program, under the full supervision of the International Atomic Energy Agency, and the effective termination of (U.S.) sanctions."

Since April, Iran and the United States have held five rounds of Omani-mediated indirect talks, three in Muscat and two in Rome, over Tehran's nuclear program and the possible lifting of U.S. sanctions.

Recently, the United States has repeatedly demanded that Iran completely cease uranium enrichment, a request firmly rejected by Tehran.

**Xinhua**

# Over 1,200 soldier bodies returned to Ukraine

KIEV June 11

A total of 1,212 bodies of Ukrainian servicemen killed in the conflict with Russia have returned home, Ukraine's Coordination Headquarters for the Treatment of Prisoners of War said Wednesday.

The repatriation of the deceased was made possible with the help of the Ukrainian Armed Forces, the Ministry of Internal Affairs and other agencies, said the statement.

The agency also expressed gratitude to the International Committee of the Red Cross for its support in facilitating the return of the bodies. The return is part of a deal made during the talks between Russia and Ukraine in Türkiye's Istanbul on June 2. Under the agreement, the first stage of the prisoner swap was carried out on Monday.

**Xinhua**

▶▶ From Page - 18

terrorism which hurts the local socio-economic situation. In addition to school education, teachers must also disseminate knowledge that can differentiate between good and bad and cause and effects. A person can enjoy a pleasant future only if he is systematically taught and trained to embrace hygienic practices and civilized lifestyle since childhood.

The school library must keep books that are suitable for the ages of students and must stay away from keeping books that are unsuitable for children. Books on knowledge and literature are very beneficial for students throughout their life. They can acquire school education in classes and general knowledge in books. Teachers also must constantly read books to enrich knowledge. They must be skilled in their specific subjects and must share their life experiences and the knowledge that is attained through reading with their pupils. In this way, they must bring about a new generation of better human resources that will lead the future nation.

The State is comprehensively promoting education and providing support for teaching staff, including uniform allowances, rental subsidies, stipends, and academic awards. These measures aim to enable teachers to perform their duties joyfully, diligently, and with full focus. The goal is to produce disciplined, high-quality human resources for the future of the nation, and teachers are urged to strive toward this objective. The State is working to enhance educational standards nationwide, and teachers are encouraged to collaborate in improving students' academic achievements.

Civil servants must remain free from party politics and distinguish between politics and national affairs. By diligently fulfilling their responsibilities, they contribute to the nation's welfare. They are urged to work together as exemplary civil servants to promote the country's development and progress.

Subsequently, the Senior General presented books and knowledgeable publications for the school library, which were received by the school executive officer and teachers.

The Senior General and party then visited Basic Education High School (Branch) No. 1 and Middle School, where they were warmly welcomed by teachers. The Prime Minister inspected classrooms, observing students' learning activities, as well as lessons in animal husbandry, agriculture, and industrial technology, offering encouragement.



Senior General Min Aung Hlaing delivers address at the meeting on advanced Thumingala Market Project.

Later, the Senior General and party visited the construction site of the new advanced market at Thumingala Market (Nyantaw Market) in PyinOoLwin. At the project briefing, the Mandalay Region Chief Minister explained the progress of the market construction and future plans. The Mandalay Region Government's Development Affairs Minister outlined efforts in maintaining cleanliness, beauty, and development in PyinOoLwin, including water supply initiatives and future regional development plans. The Union Minister for Construction discussed the implementation and suspension of the Yadanabon New Town Project.

**PyinOoLwin's historical legacy and esteemed reputation must be preserved and passed down**

In his address, the Senior General noted that PyinOoLwin has historically been referred to as the Flower City, Cherry City, and Hill Station City. Efforts must be made to ensure the city lives up to these names. With an increasing population and urban growth, systematic and disciplined measures are needed to maintain order and foster a developed city. PyinOoLwin, rich in history and prestige, must be preserved, with disciplined

See Page - 19▶▶



Senior General Min Aung Hlaing holds a meeting with teachers at BEHS 3.

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# ဖူဂျီတောင်ခြေမှာထွက်ပေါ်လာတော့မယ့် ကမ္ဘာ့ပထမဆုံးသော စက်ရုပ်မြို့တော်



ဖူဂျီတောင်ဆိုတာ ဂျပန်နိုင်ငံအတွက်အထင်ကရအဖြစ်ဆုံးသောနေရာတစ်ခုအဖြစ် လူသိများပါတယ်။ အဲဒီလိုနေရာမှာ နောက်ထပ်အထင်ကရဖြစ်စေမယ့်အရာတစ်ခု ထွက်ပေါ်လာတော့မှာဖြစ်ပါတယ်။ သိပ်မကြာလှတဲ့အချိန်မှာပေါ့။ အဲဒီအရာကဘာလဲဆိုရင် ကမ္ဘာပေါ်မှာပထမဆုံးဖြစ်လာမယ့် စက်ရုပ်မြို့တော်ပါပဲ။ တိုယိုတာကုမ္ပဏီက ဖန်တီးတည်ဆောက်ထားတာဖြစ်ပါတယ်။

အခုလိုမျိုးအကောင်အထည်ပေါ်လာစေဖို့ စိတ်ကူးနဲ့ပုံဖော်မှုကို ဆယ်စုနှစ်တစ်ခုကျော်ကြာလုပ်ခဲ့ရတာပါ။ တည်ဆောက်မှုအတွက်ကိုတော့ အချိန်ငါးနှစ်ယူခဲ့တာဖြစ်ပါတယ်။ သူ့ကိုပေးထားတဲ့အမည်က "Woven City" ပါ။ ဧရိယာ ၁၇၅ ဧကမှာတည်ဆောက်ထားတဲ့စက်ရုပ်မြို့တော်က အနာဂတ်ကာလမှာကြုံတွေ့ရမယ့်သွားလာလှုပ်ရှားမှု၊ စမတ်ဖြစ်တဲ့အခြေခံအဆောက်အဦနဲ့ ရေရှည်ထိန်းသိမ်းနိုင်မယ့်နေထိုင်မှုပုံစံတို့ကို လက်တွေ့စမ်းသပ်မှုလုပ်နိုင်စေမယ့်နေရာတစ်ခုလည်းဖြစ်ပါတယ်။

တိုယိုတာကုမ္ပဏီက Woven City ကို CES 2020 မှာစတင်ကြေညာခဲ့တာဖြစ်ပြီး ဒီနှစ်ဆောင်းရာသီမှာတော့ ဖွင့်လှစ်တော့မှာဖြစ်ပါတယ်။ တိုယိုတာဆိုတာ မော်တော်ကားထုတ်လုပ်သူအဖြစ်သာရပ်တည်ခဲ့ရာမှ အခုအချိန်မှာတော့ သွားလာလှုပ်ရှားမှုအခြေခံတဲ့နည်းပညာကုမ္ပဏီအဖြစ်ကို ပြောင်းလဲလာပြီဆိုတာ Woven City တည်ဆောက်မှုမှာ မြင်တွေ့လာရပါတယ်။

ကမ္ဘာ့ပထမဆုံးသော စက်ရုပ်မြို့တော်ဖြစ်လာတဲ့ Woven City မှာ ကနဦးအနေနဲ့ လူအယောက် ၁၀၀ ကိုနေထိုင်ခွင့်ပြုသွားမှာပါ။ အဲဒီမှာနေထိုင်သွားမယ့်သူတွေက တိုယိုတာကုမ္ပဏီရဲ့ အင်ဂျင်နီယာတွေ၊ ဝန်ထမ်းတွေနဲ့ သူတို့ရဲ့မိသားစုတွေဖြစ်ပါတယ်။ ရေရှည်မှာတော့ လူဦးရေ ၂၀၀၀ အထိကိုလက်ခံသွားမှာဖြစ်ပြီး လက်ရှိပထမအဆင့်မှာလူဦးရေ ၃၆၀ ကို နေထိုင်ခွင့်ပြုသွားမှာပါ။

လတ်တလောမှာ အဓိကနေထိုင်သူအုပ်စုနှစ်ခုနဲ့ စက်ရုပ်မြို့တော်ကိုပုံဖော်သွားမှာဖြစ်ပါတယ်။ ပထမအုပ်စုက တီထွင်သူများဖြစ်ပြီး ဒုတိယအုပ်စုကအသုံးပြုသူများဖြစ်ပါတယ်။ တီထွင်သူများအုပ်စုက နည်းပညာအသစ်တွေကို စိတ်ကူးပုံဖော်ဖန်တီးမယ်။ အဲဒီအချိန်မှာပဲ အသုံးပြုသူများက တီထွင်သူများဖန်တီးထားတဲ့နည်းပညာအသစ်တွေကို နေ့စဉ်ဘဝမှာအသုံးပြုပြီး လိုအပ်ချက်တွေနဲ့တုံ့ပြန်မှုတွေကို တီထွင်သူများဆီပြန်ပြောပေးရမှာဖြစ်ပါတယ်။

မြေပြင်မှာရှိတဲ့လမ်းတွေကိုလည်း အမျိုးအစားသုံးမျိုးခွဲခြားသွားမှာပါ။ တစ်မျိုးက လမ်းသွားလမ်းလာများအတွက်၊ ဒုတိယတစ်မျိုးက စက်ဘီးတို့၊ စကူတာတို့လိုမျိုး အနှေးယာဉ်များအတွက်နဲ့ တတိယတစ်မျိုးက မောင်းသူမဲ့ယာဉ်များအတွက်ဆိုပြီးဖြစ်ပါတယ်။ ဒီလိုမျိုးခွဲခြားဖန်တီးရတဲ့ရည်ရွယ်ချက်က အလိုအလျောက်သုံးစနစ်တွေကို ထိန်းချုပ်ထားတဲ့နေရာမှာစမ်းသပ်မှာဖြစ်ပေမယ့်လည်း မြို့ပြပုံစံကို အပြည့်အဝပုံဖော်ပြီး စမ်းသပ်သွားမှာဖြစ်ပါတယ်။

"ကျွန်တော်တို့အနေနဲ့တည်ဆောက်သွားမယ့်မြို့တော်က လူအားလုံး၊ အဆောက်အအုံအားလုံး၊ ယာဉ်အားလုံးနဲ့ အရာအားလုံးကို အာရုံခံကိရိယာတွေ၊ AI တွေနဲ့ချိတ်ဆက်မယ့်မြို့ဖြစ်ပါတယ်" လို့ တိုယိုတာရဲ့ ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌ အာကီယိုတိုယိုဒါက ပြောထားပါတယ်။

Ref: IE

**ကိုထက်**

# လျှပ်စစ်စွမ်းအင်သာသီးသန့်သုံးမယ့် ကမ္ဘာ့အကြီးဆုံး လူတင်-ကားသယ်သင်္ဘော




ဖင်လန်ပင်လယ်ကွေ့တစ်လျှောက် အစိမ်းရောင်ရေကြောင်းစင်္ကြံတစ်ခုကိုဖန်တီးဖို့အတွက် ဖင်လန်သင်္ဘောကုမ္ပဏီတစ်ခုက လျှပ်စစ်စွမ်းအင်တစ်ခုတည်းကိုသာအသုံးပြုတဲ့ ကမ္ဘာ့အကြီးဆုံးသော လူတင်-ကားသယ်သင်္ဘောကို ထုတ်ဖော်ပြသလိုက်ပါတယ်။

Helios လို့အမည်ပေးထားတဲ့ သယ်ယူပို့ဆောင်ရေးသင်္ဘောကို Viking Line ဆိုတဲ့သင်္ဘောကုမ္ပဏီက ဟယ်လ်ဆင်ကီမြို့နဲ့တယ်လင်းမြို့တို့ကြားမှာ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ထုတ်လွှတ်မှုကင်းစင်တဲ့ လမ်းကြောင်းတစ်ခုကိုဖော်ဆောင်ဖို့ရည်မှန်းကာ ထုတ်ဖော်ပြသလိုက်တာဖြစ်ပါတယ်။ သူ့ရဲ့အမှန်တကယ်လုပ်ငန်းဆောင်တာများကိုတော့ ၂၀၃၀ ပြည့်နှစ်အလွန်ကာလများမှာ စတင်လုပ်ဆောင်သွားမယ်လို့သိရပါတယ်။

အလျားက ပေ ၆၄၀၊ ဖြက်က ၉၈ ပေရှိတဲ့ Helios သယ်ယူပို့ဆောင်ရေးသင်္ဘောဟာ ခရီးသည်ဦးရေ ၂၀၀၀၊ မော်တော်ကားအစီးရေ ၆၅၀ တို့ကိုတင်နိုင်မှာဖြစ်ပြီး သူ့ကိုမောင်းနှင်နိုင်ဖို့အတွက် မဂ္ဂါဝပ်နာရီ ၈၅ မှ ၁၀၀ ကြားထွက်ရှိတဲ့ ဘက်ထရီစနစ်တစ်ခုမှ စွမ်းအင်ရယူထားတာဖြစ်ပါတယ်။

ဒီလိုများပြားလှတဲ့ဘက်ထရီစွမ်းအင်ပမာဏက ဟယ်လ်ဆင်ကီနဲ့ တယ်လင်းမြို့ကြား ကီလိုမီတာ ၈၀ ကျော်ရှိတဲ့ ခရီးလမ်းကြောင်းကို အမြန်နှုန်းအဖြစ် ရေမိုင် ၂၃ မိုင်နှုန်းနဲ့ အချိန် ၂ နာရီဝန်းကျင်ကြာခုတ်မောင်းနိုင်စေဖို့လုံလောက်ပါတယ်။ ဘက်ထရီအားသွင်းခြင်းကိုတော့ ဆိပ်ကမ်းမှာဆိုက်ကပ်တဲ့အချိန်တိုင်းလုပ်ဆောင်သွားမှာဖြစ်တယ်လို့ဆိုပါတယ်။

Helios ဆိုတာက ကမ္ဘာ့အကြီးဆုံးသော လျှပ်စစ်စွမ်းအင်သုံးသယ်ယူပို့ဆောင်ရေးရေယာဉ်ဖြစ်ပေမယ့် Viking Line ကုမ္ပဏီအတွက်တော့ ပထမဆုံးသော ပင်လယ်ရေကြောင်းဆန်းသစ်တီထွင်မှုမဟုတ်ခဲ့ပါဘူး။ ၂၀၁၃ ခုနှစ်တုန်းက Viking Grace ဆိုတဲ့အမည်နဲ့ သင်္ဘောတစ်စင်းကိုစတင်အသုံးပြုခဲ့ပါတယ်။ အဲဒီသင်္ဘောက သဘာဝဓာတ်ငွေ့အရည်နဲ့ ဇီဝဓာတ်ငွေ့တို့ကိုအသုံးပြုထားတာပါ။ ၂၀၂၂ ခုနှစ်မှာတော့ Viking Glory ဆိုတဲ့သင်္ဘောနဲ့ ခရီးစဉ်များကိုပြေးဆွဲခဲ့ပါသေးတယ်။ ဒီသင်္ဘောမှာဇီဝလောင်စာကိုအသုံးပြုခဲ့တာဖြစ်တာကြောင့် ခရီးစဉ်သွားလာမှုမှကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ထုတ်လွှတ်မှုကို ၉၀ ရာခိုင်နှုန်းအထိလျှော့ချနိုင်ခဲ့ပါတယ်။

ဟယ်လ်ဆင်ကီမှ တယ်လင်းဆိပ်ကမ်းအကြားခရီးသွားလာသူအရေအတွက်ဟာ ၂၀၂၄ ခုနှစ်မှာ ငါးသန်းခွဲသာရှိရာမှ ၂၀၄၀ ပြည့်နှစ်အရောက်မှာ ၁၁ ဒသမ ၆ သန်းအထိရောက်လာမယ်လို့မျှော်မှန်းပြီး အခုလိုဆန်းသစ်မှုတွေလုပ်လာတာဖြစ်ပါတယ်။

Ref: IE

**ကိုထက်**

# ညမထွက်ရအမိန့်ထုတ်ထားသော်လည်း လော့အိန်ဂျလိမြို့၌ ဆူပူအုံကြွမှုများ ဆက်လက်ဖြစ်ပွား

**လော့အိန်ဂျလိ၊ ဆူပူအုံကြွမှု**

အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယားပြည်နယ်ရှိ လော့အိန်ဂျလိမြို့၌ ဖြစ်ပွားနေသောဆူပူဆန္ဒပြမှုများကို ထိန်းသိမ်းနိုင်ရေးအတွက် သမ္မတထရမ့်က အမျိုးသားအစောင့်တပ်ဖွဲ့နှင့် မရိန်းတပ်ဖွဲ့တို့ကိုစေလွှတ်ကာ ညမထွက်ရအမိန့်ထုတ်ပြန်ထားသော်လည်း ဆူပူအုံကြွမှုများ ဆက်လက်ဖြစ်ပွားလျက်ရှိကြောင်း သိရသည်။



အမေရိကန်သမ္မတဒေါ်နယ်ထရမ့်၏ မူဝါဒအရ နိုင်ငံအတွင်းဗီဇာသက်တမ်းကျော်လွန်နေထိုင်သူများ၊ ခိုးဝင်နေထိုင်သူများကို ဗဟိုအစိုးရတာဝန်ရှိသူများက ဝင်ရောက်ဖမ်းဆီးမှုများ လုပ်ဆောင်စဉ် ဆန္ဒပြမှုများနှင့်ရင်ဆိုင်ရပြီး ထိုဆန္ဒပြမှုများက ဆူပူအုံကြွမှုဆီသို့ ကူးပြောင်းလာခြင်းဖြစ်သည်။

ဇွန်လ ၁၀ ရက်ညပိုင်းအထိ အမေရိကန်ပြည်တွင်းသတင်းဌာနများ၏ထုတ်ပြန်ချက်များကိုကြည့်ပါက အဆိုပါဆူပူအုံကြွမှုများသည် လော့အိန်ဂျလိမြို့၌သာမက အခြား မြို့ပေါင်း ၁၀ မြို့ကျော်တွင်လည်း အလားတူဆူပူဆန္ဒပြမှုများဖြစ်ပွားနေပြီဖြစ်ကြောင်း တွေ့ရသည်။

အဆိုပါဆန္ဒပြမှုများတင် ဦးဆောင်ပါဝင်သူများသည် အခကြေးငွေရယူထားသည့် ဆူပူအုံကြွသူများဖြစ်ကြောင်း၊ လော့အိန်ဂျလိမြို့တွင် အုံကြွမှုများဖြစ်ပွားစေရန် ကောင်းစွာလေ့ကျင့်ထားသည့် သွေးထိုးလှုံ့ဆော်သူများက လုပ်ဆောင်နေခြင်းဖြစ်ကြောင်း ထရမ့်ကပြောထားသည်ဟုသိရသည်။ **Ref: Xinhua, RT**

# ဂျပန်က တာဝေးပစ်ဒုံးကျည်များစမ်းသပ်မှု စစ်ဆန့်ကျင်ရေးဖွဲ့စည်းပုံကို ချိုးဖောက်ခြင်းဖြစ်ဟု တရုတ်ပြော



**ပေကျင်း၊ စစ်ရေး**

ဂျပန်နိုင်ငံကလုပ်ဆောင်သည့် အသံနှုန်းလွန်ဒုံးကျည်များနှင့် သင်္ဘောဖျက်တာဝေးပစ်ဒုံးကျည်များကိုစမ်းသပ်မှုက စစ်ဆန့်ကျင်ရေးဖွဲ့စည်းပုံကိုချိုးဖောက်ခြင်းဖြစ်ကြောင်းနှင့် ဒေသတွင်းလုံခြုံရေးကိုလျော့ပါးစေမည်ဖြစ်ကြောင်း တရုတ်အစိုးရကပြောသည်ဟု ပြည်တွင်းသတင်းဌာနများက ဇွန်လ ၁၁ ရက်တွင်ဖော်ပြထားသည်။

ဂျပန်နိုင်ငံအနေဖြင့် တာဝေးပစ်ခတ်နိုင်သော ဒုံးကျည်များကိုထုတ်လုပ်ခြင်းက ၎င်းတို့ကိုယ်တိုင်တိုက်ခိုက်ရေးလက်နက်များကိုပိုင်ဆိုင်နိုင်ခွင့်မရှိစေရဟု ဖော်ပြထားသော စစ်ဆန့်ကျင်ရေးဖွဲ့စည်းပုံကို ချိုးဖောက်နေခြင်းဖြစ်ကြောင်း တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်၏ နေ့စဉ်သတင်းစာက ဖော်ပြထားခြင်းဖြစ်သည်။

ဂျပန်နိုင်ငံက ဖူဂျီတောင်အနီး၌ ဇွန်လ ၈ ရက်တွင် ကျည်စစ်ကျည်မှန်အသုံးပြုစစ်ရေးလေ့ကျင့်စဉ် အဆင့်မြှင့်တင်ထားသော Type 12 မြေပြင်မှသင်္ဘောပစ်ဒုံးကျည်များ၊ Hyper Velocity Gliding Projectile(HVGP)အမည်ရှိ အသံနှုန်းလွန်ဒုံးကျည်တို့ကို စမ်းသပ်ပစ်ခတ်လိုက်ခြင်းဖြစ်သည်။

သင်္ဘောပစ်ဒုံးကျည်များကို ကျူးရှူးကျွန်းစု၌လည်းကောင်း၊ HVGP ဒုံးကျည်များကို ဟော့ကိုင်းဒိုး၌လည်းကောင်း ဖြန့်ကြက်သွားမည်ဖြစ်ကြောင်း ဂျပန်သတင်းဌာနများကထုတ်ပြန်ထားသည်။ ထိုသို့သောဒုံးကျည်များကို ဖြန့်ကြက်နေရာချထားခြင်းသည် ဒေသတစ်ခုလုံး၏ ငြိမ်းချမ်းရေးကိုထိခိုက်စေမည်ဟု တရုတ်သတင်းစာကဖော်ပြထားသည်။ **Ref: SCMP**

# ဂါဇာရှိအကူအညီပေးရေးစင်တာအနီး အစ္စရေး၏တိုက်ခိုက်မှု လူ ၂၈ ဦး သေဆုံး

**ဂါဇာ၊ တိုက်ခိုက်မှု**

ဂါဇာကမ်းမြောင်ဒေသရှိ အကူအညီပေးရေးစင်တာအနီး၌ ဇွန်လ ၁၁ ရက်တွင် အစ္စရေး၏တိုက်ခိုက်မှုကြောင့် ပါလက်စတိုင်းပြည်သူအနည်းဆုံး ၂၈ ဦး သေဆုံးကြောင်းနှင့် လူအများအပြားဒဏ်ရာရရှိသွားကြောင်း ပါလက်စတိုင်းသတင်းဌာနတစ်ခုကဖော်ပြထားသည်။

အလားတူ ဂါဇာကမ်းမြောင်အလယ်ပိုင်း နူဆိုင်းရတ်မြို့မြောက်ပိုင်းရှိ ဒုက္ခသည်စခန်းတစ်ခုကို အစ္စရေးကဒရုန်းဖြင့် တိုက်ခိုက်မှု လုပ်ဆောင်သောကြောင့် လူနှစ်ဦးသေဆုံးကြောင်း AL Awda ဆေးရုံမှတာဝန်ရှိသူများကပြောသည်။

ထို့ပြင် ခန်ယူနစ်မြို့အနောက်မြောက်ပိုင်းရှိ ဒုက္ခသည်များ နေထိုင်လျက်ရှိသည့်ရွက်ဖျင်တဲတစ်ခုသည် အစ္စရေး၏ လေကြောင်းမှတိုက်ခိုက်မှုအတွင်း ထိမှန်ခံရမှုကြောင့် လူလေးဦးသေဆုံးကြောင်း နက်ဆာဆေးရုံမှ သတင်းအရင်းအမြစ်များက ပြောသည်။

တစ်ချိန်တည်းမှာပင် အစ္စရေးတပ်ဖွဲ့များသည် အနောက်ဘက်ကမ်းခြေဒေသ၌ စစ်ဆင်ရေးများကို တိုးမြှင့်လုပ်ဆောင်လျက်ရှိကြောင်းနှင့် တမ်မွန်မြို့အတွင်းသို့ ဝင်ရောက်လာကြောင်း WAFA သတင်းဌာနက ဖော်ပြထားသည်။ **Ref: Xinhua**

# အမေရိကန်က ယူကရိန်းသို့ပေးအပ်လျက်ရှိသည့် ထောက်ပံ့မှုများကို ဖြတ်တောက်မည်

**ဝါရှင်တန်၊ ထောက်ပံ့ရေး**

အမေရိကန်သမ္မတဒေါ်နယ်ထရမ့်၏ အစိုးရအဖွဲ့အနေဖြင့် ရုရှား-ယူကရိန်း ပဋိပက္ခကို ငြိမ်းချမ်းစွာအဖြေရှာနိုင်စေရေးအတွက် အမေရိကန်က ယူကရိန်းသို့ ပေးအပ်နေသော စစ်ရေးထောက်ပံ့မှုများကို ဖြတ်တောက်သွားမည်ဖြစ်ကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီး ပိဟက်ဆက်ကပြောသည်။

အစိုးရအဖွဲ့အနေဖြင့် ယူကရိန်းပဋိပက္ခကိုအခြားသောရှုထောင့်မှရှုမြင်ကြောင်း၊ ထို့ကြောင့် ဘဏ္ဍာရေးအသုံးစရိတ်တွင် ယူကရိန်းသို့ထောက်ပံ့မည့်အသုံးစရိတ်ကို လျှော့ချထားခြင်းဖြစ်ကြောင်း ပိဟက်ဆက်က ဇွန်လ ၁၀ ရက်တွင် လွှတ်တော်၌ ပြောထားခြင်းဖြစ်သည်။

ညှိနှိုင်းဆွေးနွေးမှုဖြင့် ပဋိပက္ခကိုငြိမ်းချမ်းစွာဖြေရှင်းရေးသည် ရုရှားနိုင်ငံနှင့် ယူကရိန်းနိုင်ငံတို့အတွက် အကောင်းဆုံးအကျိုးစီးပွားဖြစ်သည်သာမက အမေရိကန်နိုင်ငံ၏ အကျိုးစီးပွားလည်းဖြစ်သည်ဟု ဟက်ဆက်ကပြောသည်။

ထရမ့်အစိုးရသည် “အမေရိကားကို ဦးစားပေး”မူဝါဒချမှတ်ထားရာ ယူကရိန်းသို့ထောက်ပံ့မှုများအပါအဝင် ပြည်ပသို့ထောက်ပံ့မှုအများအပြားကိုလျှော့ချပြီး ပြည်တွင်းရေးတွင်ပိုမိုအသုံးပြုသွားမည်ဟု ပြောထားသည်။ **Ref: RT**

## သတင်းတိုများ

### တရုတ်နှင့်အမေရိကန်တို့ ကုန်သွယ်ရေးတွင် သဘောတူညီချက် တစ်ခုရရှိ

**လန်ဒန်၊ ကုန်သွယ်ရေး**

တရုတ်နိုင်ငံနှင့် အမေရိကန်နိုင်ငံတို့အနေဖြင့် ကုန်သွယ်ရေးဆွေးနွေးမှုတွင် သဘောတူညီချက်တစ်ခုရရှိခဲ့ပြီဖြစ်ပြီး ယခုအခါ နှစ်နိုင်ငံခေါင်းဆောင်များ၏ အတည်ပြုချက်ရရှိရေးသာကျန်ရှိတော့ကြောင်း သိရသည်။

အဆိုပါနှစ်နိုင်ငံမှကိုယ်စားလှယ်အဖွဲ့များက လန်ဒန်မြို့၌နှစ်ရက်ကြာတွေ့ဆုံဆွေးနွေးမှုများလုပ်ဆောင်ပြီးနောက် ဂျီနီဗာဘုံသဘောတူညီချက်ကို အကောင်အထည်ဖော်ရေးအတွက် သဘောတူညီချက်ရရှိခဲ့ခြင်းဖြစ်ကြောင်း အမေရိကန်ကုန်သွယ်ရေးဝန်ကြီးဟောင်းဝပ်လတ်နစ်က ပြောသည်။

သို့သော် နှစ်နိုင်ငံကြားသဘောတူညီချက်များရရှိရေးအတွက် မဖြေရှင်းနိုင်သေးသည့်၊ သဘောထားကွဲလွဲနေသေးသည့် အသေးစိတ် အချက်အလက်များနှင့်ပတ်သက်၍ ဆွေးနွေးမှုများလုပ်ရန်ကျန်ရှိနေသေးကြောင်း တရုတ်နိုင်ငံမှတာဝန်ရှိသူတစ်ဦးက ပြောထားသည်ဟု သိရသည်။ **Ref: CNBC**

### ရုရှားက ဝင်ရိုးစုံကမ္ဘာကို တည်ဆောက်ရန် ပညာရေးပုံစံအသစ်ကို မိတ်ဖက်နိုင်ငံများနှင့် မျှဝေသွားမည်

**မော်စကို၊ ပညာရေး**

ရုရှားနိုင်ငံသည် ဝင်ရိုးစုံကမ္ဘာကိုတည်ဆောက်ရေးအတွက် ပညာရေးပုံစံတစ်ခုကိုမိတ်ဆက်ကာ မိတ်ဖက်နိုင်ငံများနှင့် မျှဝေသွားမည်ဖြစ်ကြောင်း ရုရှားပညာရေးဝန်ကြီး အလက်ဆီခရက်ဆော့က အပြည်ပြည်ဆိုင်ရာညီလာခံတစ်ခုမတိုင်မီပြောသည်။

"အနာဂတ်ကိုပုံဖော်ထုဆစ်ခြင်း" ဟု အမည်ပေးထားသည့်ဖိုရမ်ကို ဇွန်လ ၁၁ ရက်မှစ၍ ကာဇန်မြို့၌ကျင်းပလျက်ရှိရာ အဆိုပါဖိုရမ်သို့ နိုင်ငံပေါင်း ၂၀ ကျော်မှ ပညာရေးဝန်ကြီးများတက်ရောက်သည်ဟုအခမ်းအနားစီစဉ်သူများကပြောသည်။

ရုရှားနိုင်ငံအနေဖြင့် ဆရာဖြစ်သင်တန်းအတွေ့အကြုံများ၊ သင်ရိုးညွှန်းတမ်းရေးဆွဲခြင်းနှင့်စာသင်ကျောင်းတည်ဆောက်ရေးတို့ကို မိတ်ဖက်နိုင်ငံများသို့မျှဝေပေးသွားမည်ဖြစ်ကြောင်း၊ ရုရှားနိုင်ငံရှိစာသင်ကျောင်းစနစ်သည် အရည်အသွေးအားဖြင့်ကြည့်ပါက ကမ္ဘာ့အဆင့် ၁၀ အတွင်းရှိသည်ဟု ပညာရေးဝန်ကြီးကပြောကြောင်း သိရသည်။ **Ref: RT**

# မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)နှင့်စပ်လျဉ်း၍ ရှင်းလင်းပြသခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းပြုလုပ်



ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်နှင့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ်တို့ မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM)နှင့် ပတ်သက်၍ လက်တွေ့စမ်းသပ်အသုံးပြုနေမှုများကို လိုက်လံကြည့်ရှုစဉ်။

နေပြည်တော် ဇွန် ၁၁

မြန်မာအီလက်ထရောနစ် မဲပေးစက် (MEVM)နှင့်စပ်လျဉ်း၍ ရှင်းလင်းပြသခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းကို ယနေ့ နံနက်ပိုင်းတွင် ရှမ်းပြည်နယ် (တောင်ပိုင်း)၊ တောင်ကြီးမြို့ရှိ ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ပြုလုပ်ရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ်နှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်၊

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်နှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်လွင်ဦးတို့က အမှာစကားအသီးသီးပြောကြားကြသည်။ ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ ဒုတိယညွှန်ကြားရေးမှူးချုပ်က မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)နှင့်ပတ်သက်၍ ပါဝါပွိုင့်ဖြင့် ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)နှင့်ပတ်သက်၍ လက်တွေ့စမ်းသပ်အသုံးပြုနေမှုများကို လိုက်လံကြည့်ရှု၍ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် သိရှိလိုသည်များမေးမြန်းကာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)ဖြင့် လက်တွေ့စမ်းသပ်မဲပေးခြင်းများဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၀၀)



မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေး ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် (ပထမအကြိမ်) ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများပေးအပ်ပွဲတွင် အမှာစကားပြောကြားစဉ်။

# မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၏ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် (ပထမအကြိမ်) ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများပေးအပ်ပွဲကျင်းပ

နေပြည်တော် ဇွန် ၁၁

၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် တက်ရောက် ပညာသင်ကြားကြမည့် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တပ်မတော်သားမိသားစုဝင် ကျောင်းသား၊ ကျောင်းသူများနှင့် အောင်စိုးမိုး(၁) စစ်မှုထမ်းဟောင်းအိမ်ရာရှိ ကျောင်းသား၊ ကျောင်းသူများအတွက် (ပထမအကြိမ်)ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများပေးအပ်ပွဲကို ယနေ့ နံနက်ပိုင်းတွင်တိုင်းစစ်ဌာနချုပ်ဗလမင်းထင်ခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေးနှင့်အဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသားမိဘများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားကြမည့် ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းဝတ်စုံနှင့်စာရေးကိရိယာများကိုပေးအပ်ပြီး ကျောင်းသား၊ ကျောင်းသူများနှင့် မိဘများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ထို့ပြင် တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက်ရှိ တပ်နယ်၊ တပ်ရင်း၊ တပ်ဖွဲ့များ၌လည်း ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားကြမည့် ကျောင်းသား၊ ကျောင်းသူများအား(ပထမအကြိမ်) ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

## ပြင်ဆင်ဖတ်ရှုနိုင်ပါရန်

၁၁-၆-၂၀၂၅ ရက်နေ့ထုတ် မြဝတီသတင်းစာ စာမျက်နှာ-၁၂ ပဉ္စမကော်လံ စာကြောင်းရေ လေးကြောင်းမြောက်တွင် ဖော်ပြပါရှိသော ဂေါပကအဖွဲ့ဥက္ကဋ္ဌ **ဦးမြဝင်း**အစား **ဦးအောင်အောင်**ဟု ပြင်ဆင်ဖတ်ရှုနိုင်ပါရန်။

# ခိုလမ်မြို့၊ တုန်ဟုန်းကျေးရွာရှိ ဒေသခံတိုင်းရင်းသားပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်း နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးစဉ်။

နေပြည်တော် ဇွန် ၁၁

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ခိုလမ်မြို့၊ တုန်ဟုန်းကျေးရွာရှိ ဒေသခံတိုင်းရင်းသားပြည်သူများအား ယနေ့နံနက်ပိုင်းတွင် အရှေ့အလယ်ပိုင်း တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ စိတ္တာသုခဘုန်းတော်ကြီးကျောင်းတိုက်အတွင်း၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က ဒေသခံတိုင်းရင်းသားပြည်သူ ၁၄၉ ဦးအား နှလုံးရောဂါ၊ သွေးတိုးရောဂါ၊ ဆီးချိုရောဂါ၊ အသည်းရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါနှင့် အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် လူနာ ၅ ဦးအား ခိုလမ်မြို့ရှိ တပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေးစီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ဆောင်ရွက်နေမှုများကို တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေး၍ အာဟာရပြည့် စားသောက်ဖွယ်ရာများ ပေးအပ်ပြီး စိတ္တာသုခဘုန်းတော်ကြီးကျောင်းတိုက်ဆရာတော်အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

# အာဆီယံ ယူ-၁၉ အမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲတွင် မြန်မာအသင်းက လာအိုအသင်းကိုအနိုင်ရရှိ

ရန်ကုန် ဇွန် ၁၁

၂၀၂၅ အာဆီယံ ယူ-၁၉ အမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စုဒုတိယနေ့ကို ယနေ့တွင် ဗီယက်နမ်နိုင်ငံ၌ ဆက်လက်ကျင်းပရာ မြန်မာအသင်းက လာအိုအသင်းကို ခြောက်ဂိုးပြတ်အနိုင်ရပြီး ဆီမီးဖိုင်နယ်တက်ရောက်ရန် အခွင့်အရေးရှိလာသည်။

မြန်မာ ယူ-၁၉ အမျိုးသမီးလူငယ်လက်ရွေးစင်အသင်းသည် လာအိုအသင်းကို ဂိုးဒါဇင်ဝက်ဖြင့် အနိုင်ယူပြီး ဆီမီးဖိုင်နယ်တက်ရောက်ရန် အခွင့်အရေးရှိလာသည်။ အဖွင့်ပွဲတွင် အိမ်ရှင်ဗီယက်နမ်ကို အရေးနိမ့်ခဲ့သဖြင့် အုပ်စုပထမဖြစ်ခွင့်ဆုံးရှုံးလုနီးပါးဖြစ်သွားသည့်မြန်မာအသင်းသည် ဆီမီးဖိုင်နယ်တက်ရောက်ရန် လက်ကျန်နှစ်ပွဲကို အာရုံစိုက်ကစားနေပြီး နောက်ဆုံးပွဲတွင် တီမောအသင်းကို အနိုင်ရပါက နောက်တစ်ဆင့်တက်ရောက်ခွင့်ရနိုင်မည်ဖြစ်သည်။

မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းသည် ဗီယက်နမ်နှင့်ကစားခဲ့သည့် ပွဲထွက်လူစာရင်းကို အပြောင်းအလဲပြုလုပ်ထားပြီး မတူညီသည့် လူစာရင်းဖြင့် ပွဲထွက်လာကာ လှလှထွေး(ဂိုး)၊ မင်းမင်းနု၊ သီရိနန္ဒာစိုး၊ ယုယုနိုင်၊ သဲအိလှိုင်၊ နှင်းစန္ဒာဝင်း၊ ကေသွယ်ဖြိုးဦး၊ အိသက်ဖြိုး၊ ဒေစီအောင်၊ စုစုခင်၊ ယဉ်လွန်းအိမ်တို့ကိုအသုံးပြုခဲ့သည်။ မြန်မာအသင်းသည် ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့ပြီး ၁၈ မိနစ်တွင် အဖွင့်ဂိုးစတင်သွင်းယူနိုင်ခဲ့ကာ ပထမပိုင်းမှာပင် သုံးဂိုးပြတ်အနိုင်ရနေသည်။ ပထမပိုင်းတွင် မြန်မာအသင်းအတွက် ဂိုးများကို ၁၈ မိနစ်တွင် ဒေစီအောင်၊ ၂၈ မိနစ်တွင် စုစုခင်နှင့် ၄၃ မိနစ်တွင် ယဉ်လွန်းအိမ်တို့က သွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင်လည်း မြန်မာအသင်းကသာ ပွဲကိုထိန်းချုပ်နိုင်ခဲ့ပြီး ၄၆ မိနစ်တွင် ဒေစီအောင်၊ ၅၆ မိနစ်တွင် စုစုခင်၊ ၇၂ မိနစ်တွင် အေးအေးစိုးတို့က ဂိုးများထပ်မံသွင်းယူခဲ့သည်။ မြန်မာအသင်းသည် အုပ်စုနောက်ဆုံးပွဲအဖြစ် ဇွန်လ ၁၃ ရက်တွင် တီမောအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ မောင်သော်

# ရန်ကုန်တိုင်းဒေသကြီး လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီ အစည်းအဝေး(၁/၂၀၂၅) ကျင်းပ




**ရန်ကုန် ဇွန် ၁၁**

ရန်ကုန်တိုင်းဒေသကြီး လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီ အစည်းအဝေး (၁/၂၀၂၅)ကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ(၃)၌ကျင်းပသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက အဖွင့်အမှာ စကားပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးကျော်ငြိမ်းက အမှုတွဲများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက်ရောက်လာကြသူများက ရန်ကုန်တိုင်းဒေသကြီးအတွင်း လယ်ယာမြေများနှင့် အခြားမြေ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဝိုင်းဝန်းအကြံပြုဆွေးနွေးတင်ပြကြရာ ရန်ကုန်တိုင်းဒေသကြီး လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကား ပြောကြားသည်။

ယနေ့အစည်းအဝေးတွင် ရပ်ကွက်/ကျေးရွာအုပ်စု လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီ၊ မြို့နယ်/ခရိုင် လယ်ယာမြေနှင့်အခြားမြေများသိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီတို့မှ စိစစ်တင်ပြလာသော ရွှေပြည်သာ၊ မင်္ဂလာဒုံခရိုင်၊ အင်းစိန်ခရိုင်၊ လှည်းကူးခရိုင်နှင့် ဒဂုံမြို့သစ်ခရိုင်တို့၏ အမှုတွဲ (၃၁) တွဲအား ရန်ကုန်တိုင်းဒေသကြီး လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီ၏ ယနေ့ အစည်းအဝေးတက်ရောက်လာကြသူအားလုံး၏ သဘောတူညီချက်ဖြင့် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဖွဲ့ထက်ကို(ပြန်/ဆက်)**

## မူပိုင်ခွင့်ဆိုင်ရာမေတ္တာရပ်ခံအသိပေးခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် အကျိုးအမြတ်ရယူခြင်းမရှိသော နိုင်ငံပိုင် ပြည်သူ့ဝန်ဆောင်မှုမီဒီယာဖြစ်သည်နှင့်အညီ (Free to Air – FTA)ဖြင့် အခမဲ့ ထုတ်လွှင့်လျက်ရှိရာ (MRTV–HD Channel)နှင့် (MRTV Entertainment Channel)တို့မှ အများပြည်သူများ ပျော်ရွှင်မှုဖြစ်စေရန်၊ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များရရှိနိုင်ရန်အတွက် အပတ်စဉ်သောကြာနေ့ညများတွင် Friday Night Live Show ဖျော်ဖြေရေးအစီအစဉ်များကို ဆန်းသစ်တင်ဆက်လျက်ရှိပါသည်။

၂။ ယခုအခါ (၁၃–၆–၂၀၂၅)ရက် (သောကြာ)နေ့ညတွင် ၂၀၂၅ ခုနှစ် ဇွန်လ(၈)ရက်နေ့တွင် မြန်မာ–တရုတ် နှစ်နိုင်ငံသံတမန်ဆက်ဆံရေးထူထောင်မှု (၇၅)နှစ်ပြည့်မြောက်မှု ဂုဏ်ပြုအစီအစဉ်အဖြစ် ကျော်ကြားသော နှစ်နိုင်ငံတေးသီချင်းများကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ မြန်မာဆိုင်းဝိုင်းကြီး၊ မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့နှင့် သံစုံတီးဝိုင်းတို့ ပါဝင်တီးခတ်မှုနှင့်အတူ ပြင်ပနှင့် ဌာနအဆိုရှင်များ စုပေါင်း၍ **“ စိန်ရတု မြန်မာ– တရုတ် ချစ်ကြည်ရေး ”** တေးဂီတဖျော်ဖြေပွဲ ခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်မည်ဖြစ်၍ အောက်ပါတေးသီချင်းများအား အခမဲ့အသုံးပြုနိုင်ရေး မူပိုင်ခွင့်ရှိသူများအား လေးစားစွာဖြင့် မေတ္တာရပ်ခံအသိပေးအကြောင်းကြားပါသည်–

**(၁၃–၆–၂၀၂၅)ရက်နေ့တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အစီအစဉ်မှ “စိန်ရတု မြန်မာ– တရုတ် ချစ်ကြည်ရေး” တေးဂီတဖျော်ဖြေပွဲ ခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်မည့် တေးသီချင်း(၆)ပုဒ်**

| စဉ် | သီချင်းအမည် | အဆိုရှင် |
|---|---|---|
| ၁။ | ပွဲကြိုက်ခင် | ပြင်ပအဆိုရှင် |
| ၂။ | စကားဝါမြေ | ပြင်ပအဆိုရှင် |
| ၃။ | မုန်းမုန်းမေ့မေ့ | တူယှဉ်နွဲပျော် ဂီတပွဲတော် ဆုရအဆိုရှင် |
| ၄။ | ချစ်ခွင့်ရချင်ပြီ | တူယှဉ်နွဲပျော် ဂီတပွဲတော် ဆုရအဆိုရှင် |
| ၅။ | နှစ်သိမ့်တဲ့တေး | ပြင်ပအဆိုရှင် |
| ၆။ | မောင်ပေးတဲ့အချစ်ပြန်ဆပ်ခဲ့ပါ | ပြင်ပအဆိုရှင် |

# ၂၀၂၅ ခုနှစ် ဇွန်လ ဒုတိယ (၁၀) ရက်ပတ်အတွက် စိုက်ပျိုးရေးမိုးလေဝသခန့်မှန်းချက်

**နေပြည်တော် ဇွန် ၁၁**

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ်ဖြစ်ပေါ်နိုင်သည်။ အနောက်တောင်မုတ်သုံလေသည် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အားကောင်းနိုင်သည်။

**မိုးရွာသွန်းနိုင်မှုအခြေအနေ**

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့်အရှေ့ပိုင်း)တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**အမြင့်ဆုံးအပူချိန်အခြေအနေ**

ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် ၇၂ ဒီဂရီဖာရင်ဟိုက်မှ ၈၃ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်မြောက်ပိုင်း)တို့တွင် ၈၄ ဒီဂရီဖာရင်ဟိုက်မှ ၉၅ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်သည်။

**အနိမ့်ဆုံးအပူချိန်အခြေအနေ**

ချင်းပြည်နယ်တွင် ၅၅ ဒီဂရီဖာရင်ဟိုက်ခန့်၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၆၃ ဒီဂရီဖာရင်ဟိုက်မှ ၇၂ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၇၃ ဒီဂရီဖာရင်ဟိုက်မှ ၈၂ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်သည်။

**လေထုစိုထိုင်းဆအခြေအနေ**

နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၇၃ ရာခိုင်နှုန်း မှ ၈၄ ရာခိုင်နှုန်းအတွင်းနှင့် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ၈၅ ရာခိုင်နှုန်းမှ ၉၆ ရာခိုင်နှုန်းအတွင်း အသီးသီးရှိနိုင်သည်။

**ပင်ငွေ့ရေငွေ့ပြန်နှုန်းအခြေအနေ**

ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် ၂၃ မီလီမီတာမှ ၃၃ မီလီမီတာအတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်မြောက်ပိုင်း)တို့တွင် ၃၄ မီလီမီတာမှ ၄၃ မီလီမီတာအတွင်း အသီးသီးရှိနိုင်သည်။

**မြေဆီလွှာအောင်းရေအခြေအနေ**

